မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်   ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ ကြာသပတေးနေ့   အတွဲ [၅၅]၊ အမှတ် [၁၄၁]

ဝီရိယနှင့် ဆန္ဒအကျိုး

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလငွေ၊ ၃၊ ၁၆၉။)

ဒုတိယသမ္မတ ဦးညာဏ်ထွန်းက အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ သဘောထားနှင့် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြား

အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် အာရှ-ပစိဖိတ်ဒေသကြီး ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းနိုင်ရေးဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၆

အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် အာရှ-ပစိဖိတ်ဒေသကြီး ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းနိုင်ရေးဆွေးနွေးပွဲ (Protecting Peace, Prosperity and Security in the Asia-Pacific) ကို ဖေဖော်ဝါရီ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ကယ်လီဖိုးနီးယားပြည်နယ် Rancho Mirage မြို့ Historic Residence ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညာဏ်ထွန်း တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ဆွေးနွေးမှုကို လွှတ်တော်အဆုံးအဖြတ်ရယူအတည်ပြု

ပြည်သူ့လွှတ်တော်အစည်းအဝေး စာမျက်နှာ-၇

နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လွှတ်တော်က အတည်ပြုကြေညာ

အမျိုးသားလွှတ်တော်အစည်းအဝေး စာမျက်နှာ-၇

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နွေရာသီနှင့်ရေခြိုးခြံချွေတာရေး

ယခုနှစ်နွေရာသီကာလသည် ယခင်နှစ်နွေရာသီများနှင့်မတူဘဲ အယ်နီညိုဆိုသော ရာသီဥတုအခြေအနေကြောင့် ပို၍ပူပြင်းသော ရာသီဥတုဖြစ်ပေါ်လာနိုင်ကြောင်း ပညာရှင်များက သတိပေးပြောဆိုလျက်ရှိပါသည်။ ဤသို့ ပူပြင်းသောနွေရာသီကာလတွင် သတိပြုသင့်သော အချက်တစ်ချက်မှာကား ရေခြိုးခြံချွေတာရေးပင်ဖြစ်ပါသည်။ မိုးမကျမီကာလအတွင်း ရေခြိုးခြံချွေတာရေးအစီအမံများကို စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ယခုအခါ ဆောင်းအကုန် နွေအကူး နေ၏အပူရှိန်သည် တဖြည်းဖြည်း မြင့်တက်လာလျက်ရှိပါသည်။ လာမည့် မတ်၊ ဧပြီနှင့် မေလအထိ ပူပြင်းခြောက်သွေ့သော နွေကာလကို ဖြတ်သန်းကြရပေဦးမည်။ ပူပြင်းသောနွေရာသီကာလအတွင်း ရေသုံးစွဲမှုအနေအထားမှာလည်း မြင့်မားလာမည်ဖြစ်သည်နှင့်အညီ ရေသုံးစွဲမှု စီမံခန့်ခွဲမှု အစီအမံများမှာလည်း အသေအချာ လုပ်ဆောင်သွားရမည့် အနေအထားဖြစ်ပါသည်။

လူတို့အနေဖြင့် နေ့စဉ် သုံးရေ၊ သောက်ရေ၊ ကျွဲ၊ နွားသုံးရေ၊ စိုက်ပျိုးရေအစရှိသဖြင့် ရေလိုအပ်ချက်သည် ပုံစံအမျိုးမျိုးရှိနိုင်ပါသည်။ သန့်ရှင်းသောသောက်သုံးရေသည် လူတို့ကျန်းမာရေးအတွက် လွန်စွာအရေးကြီးသောကြောင့် သန့်ရှင်းသောသောက်သုံးရေ စဉ်ဆက်မပြတ်ရရှိရန်၊ အစီအမံများဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့အတူ ကျွဲ၊ နွားသုံးရေနှင့် စိုက်ပျိုးရေသည်လည်း အရေးကြီးပါသည်။ အထူးသဖြင့် နွေစပါးစိုက်ခင်းများ လိုအပ်သော စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်သင့်သလို တစ်ဖက်တွင်လည်း ခြိုးခြံချွေတာရေးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နွေရာသီစိုက်ခင်းနှင့် စပါးခင်းများ ရေလုံလောက်စွာရရှိနိုင်မှသာ စိုက်ပျိုးရေးတွင် ထိရောက်အောင်မြင်မှု ရှိနိုင်မည်ဖြစ်ပါသည်။

လာမည့်နွေရာသီကာလအတွင်း မြန်မာနိုင်ငံ၏ အပူပိုင်းဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ရှိ ကျေးလက်ဒေသများသည် ရေအခက်အခဲကြုံတွေ့လာနိုင်သည့်အတွက် ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်ဦးရွက်ပြုကာ ရေရရှိရေးအစီအစဉ်များနှင့် ရေခြိုးခြံချွေတာရေးလုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ဒေသအများစုမှာ ကန်ရေနှင့်တွင်းရေကို အဓိကအားထားနေကြရပါသည်။ ရေတွင်းရေကန်များသည် နွေရာသီရောက်သည့်အခါ ခန်းခြောက်လေ့ရှိပါသည်။ ထို့ကြောင့် ရေလိုအပ်ချက်သည် မြင့်မားလာမည်ဖြစ်သည့်အတွက် စေတနာရှင်ပြည်သူများ၏ ကျေးရွာများအရောက် တစ်ပိုင်တစ်နိုင် ရေလှူဒါန်းရေး အစီအစဉ်များလည်း လိုအပ်လာမည်ဖြစ်ပါသည်။

သို့ဖြစ်၍ လာမည့်နွေရာသီကာလအတွင်း ရေအခက်အခဲကြုံတွေ့လာနိုင်သည့်အတွက် ယခုကတည်းက ရေခြိုးခြံချွေတာရေး အစီအစဉ်များကို ဆောင်ရွက်သင့်သလို သောက်သုံးရေများ စဉ်ဆက်မပြတ်ရရှိနိုင်ရန် ရေလှူဒါန်းရေးနှင့် ရေဖြန့်ဖြူးပေးရေး လုပ်ငန်းစဉ်များကို အစီအစဉ်တကျ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်သည့် မြစ်ဝှမ်းဒေသများစီမံအုပ်ချုပ်မှုဆိုင်ရာအလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးရေးအသင်း (MIDD)မှဦးဆောင်သည့် OXFAM အပါအဝင် အပြည်ပြည်ဆိုင်ရာရေသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု အဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်သည့် မြစ်ဝှမ်းဒေသများ စီမံအုပ်ချုပ်မှု (Inclusive Public Participation in River Basin Management) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ပြည်ထောင်စု ဝန်ကြီးက ပြောကြားရာတွင် ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ ရရှိစေရန် မြစ်ဝှမ်းဒေသများနှင့်ရေတိမ်ဒေသ ဂေဟစနစ်များကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းသည်အရေးပါသော လုပ်ငန်းတစ်ရပ်အဖြစ် ကမ္ဘာ့ခေါင်းဆောင်များနှင့် ပညာရှင်များက အသိအမှတ်ပြုခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ပြီး ရေသယံဇာတစီမံအုပ်ချုပ် လုပ်ကိုင်မှုဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့အပြင် ၂၀၁၅ ခုနှစ် ဩဂုတ်တွင် အမျိုးသားအဆင့် ရေမူဝါဒကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားအဆင့် ရေဥပဒေလမ်းညွှန်မှု မူဘောင် (National Water Framework Directive) ကို မူကြမ်းရေးဆွဲပြီး ဖြစ်ပါကြောင်း။

အမျိုးသားရေသယံဇာတ ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြုစုရေးဆွဲလျက်ရှိပြီး ရေသယံဇာတများ စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် မြစ်ဝှမ်းဒေသများဘက်စုံစီမံအုပ်ချုပ် လုပ်ကိုင်မှုနည်းလမ်း (Integrated River Basin Management Approach) ကိုအသုံးပြုသွားမည် ဖြစ်သကဲ့သို့ အကောင်အထည်ဖော်ရာတွင်လည်း မြစ်များ၏ ရေဝေရေလဲဒေသကြီး တစ်ခုလုံးအတွင်း ပါဝင်သော မြေအောက်ရေ၊ ရေကန်၊ အင်းအိုင်များ၊ မြစ်ဝကျွန်းပေါ်ဒေသများစသည့် ရေတိမ်ဒေသများအပါအဝင် ဂေဟစနစ်အားလုံးကို ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်ဝှမ်းဒေသကြီးသည် နိုင်ငံအကျယ်အဝန်း၏ ၆၀ ရာခိုင်နှုန်းကျော်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်ရှစ်ခုအတွင်းရှိ နယ်မြေအားလုံး သို့မဟုတ် အစိတ်အပိုင်းများ လွှမ်းခြုံပါဝင်သည့်အတွက် ဧရာဝတီမြစ်ဝှမ်းဒေသကြီးအတွင်းရှိ ရေသယံဇာတများကို နိုင်ငံ၏လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အကောင်းဆုံးအသုံးချနိုင်ရန် ၎င်းတိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း နေထိုင်ကြသည့် အကျိုးဆက်စပ်ပတ်သက်သူအားလုံးကပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဟိမဝန္တာတောင်တန်းဒေသကြီး အတွင်းတွင် ကျရောက်လျက်ရှိ၍ ရေသယံဇာတများ တည်ရှိမှုအဖြစ် နိုင်ငံ၏အဓိကမြစ်ကြီးများဖြစ်သော ဧရာဝတီ၊ ချင်းတွင်းနှင့် သံလွင်မြစ်တို့သည် ၎င်းဒေသကြီးမှမြစ်ဖျားခံ စီးဆင်းလာကြခြင်းဖြစ်ပြီး တောင်ပေါ်နှင့်မြေပြန့်ဒေသ နှစ်မျိုးလုံးတွင်နေထိုင်ကြသည့် ပြည်သူလူထုအတွက် ရေ၊ စားနပ်ရိက္ခာ၊ ထင်းလောင်စာ အစရှိသည်တို့အပြင် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှု အမျိုးမျိုးကိုလည်း ထောက်ပံ့ပေးနေပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲတွင် ရေသယံဇာတနှင့် ဆက်စပ်နေသည့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများကို ရေသယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ခေတ်မီနည်းပညာဗဟုသုတများကို ဖြန့်ဝေဆွေးနွေးပေးသွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မြစ်ဝှမ်းဒေသများ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် ပြည်သူလူထုအပါအဝင် ရေသယံဇာတနှင့် သက်ဆိုင်ရာ အကျိုးဆက်စပ် ပတ်သက်သူများ အားလုံးပူးပေါင်းပါဝင်မှု၏ အရေးပါပုံကိုအထူးပြု ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ MIDD မှ Executive Officer Mr. Joern Kristensen က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စက်သုံးဆီအရည်အသွေးနှင့်အခြင်အတွယ် ပြည့်မီခြင်း ရှိမရှိ စစ်ဆေး

စွမ်းအင် ဖေဖော်ဝါရီ ၁၇

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင်သယ်ယူချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်း သိုလှောင်သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ရေနံထွက်ပစ္စည်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးနှင့်အခြင်အတွယ်ပြည့်မီမှန်ကန်မှု ရှိစေရေး၊ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းမှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေး စဉ်ဆက်မပြတ်ထိန်းသိမ်း ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ တိုင်းရောင်းဝယ်ရေးအရာရှိရုံး (ရန်ကုန်တိုင်းဒေသကြီး) အနေဖြင့် ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ၏ စက်သုံးဆီသယ်ယူသိုလှောင် ဖြန့်ဖြူးရောင်းချရာတွင် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များအား ဆောင်ရွက်ခြင်း ရှိ/မရှိ၊ သတ်မှတ်ထားသောစံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်ခြင်း ရှိ/မရှိ၊ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိတို့ကို လိုက်လံစစ်ဆေးခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ပုဂ္ဂလိက စက်သုံးဆီ အရောင်းဆိုင် ၁၃၄ ဆိုင်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၂-၂၀၁၆

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၇၃၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၂၈၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

	ရန်ကုန်
ဒီဇယ်	၄၆၀/၄၈၀ ကျပ်
အောက်တိန်း ၉၂	၅၂၀/၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၃၀/၇၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀/၅၂၀ ကျပ်

စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

ဒီဇယ်	၇၉၀၀၀/၈၂၀၀၀ ကျပ်
ပရီမီယံဒီဇယ်	၈၈၀၀၀/ ၉၂၀၀၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀	- ၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀	- ၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀	- ၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀	- ၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀	- ၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀	- ၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀	- ၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀	- ၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀	- ၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀	- ၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀	- ၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀	- ၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၃၂·၀
ဥရောပ	တစ်ယူရို	၁၃၇၀·၈
စင်ကာပူ	တစ်ဒေါ်လာ	၈၇၆·၁၂
ထိုင်း	တစ်ဘတ်	၃၄·၅၃၉
အိန္ဒိယ	တစ်ရူပီး	၁၇·၉၇
တရုတ်	တစ်ယွမ်	၁၈၉·၀၆
မလေးရှား	တစ်ရင်းဂစ်	၂၉၂·၂၉

ခင်ရတနာ-စုစည်းသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ အမေရိကန်သမ္မတ၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အစည်းအဝေးတက်ရောက်ရန် နံနက် ၉ နာရီတွင် Historic Residence သို့ရောက်ရှိရာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ဂျွန်ကယ်ရီနှင့် သံတမန်အကြီးအကဲတို့က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမား၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံသမ္မတ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်၊ ဖိလစ်ပိုင်နိုင်ငံသမ္မတ၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် အာရှ-ပစိဖိတ်ဒေသကြီး ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းနိုင်ရေး ဆွေးနွေးပွဲကျင်းပစဉ်။ ဓာတ်ပုံ - ရိုက်တာ

အစည်းအဝေးတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လာအိုနိုင်ငံသမ္မတက အမှာစကားပြောကြားပြီး အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက ဆွေးနွေးကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းက မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်း လုံခြုံရေး၊ နိုင်ငံဖြတ်ကျော်စိန်ခေါ်မှုများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ သဘောထားနှင့် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လာအိုနိုင်ငံသမ္မတနှင့် အမေရိကန်သမ္မတတို့က နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

အစည်းအဝေးအပြီး အမေရိကန်သမ္မတ၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

အာဆီယံနှင့် အမေရိကန်ပြည်သူများ အထူးသဖြင့် လူငယ်လူရွယ်များအကြား ထိတွေ့ဆက်ဆံသည့်အစီအစဉ်နှင့် လုံခြုံမှုမရှိသူများအတွက် အခွင့်အလမ်းများတိုးမြှင့်သည့် အစီအစဉ်တို့မှတစ်ဆင့် ပြည်သူများအကြား ကူးလူးဆက်ဆံမှုကိုတိုးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်းနီးလန်း၌ ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင်ကျင်းပသည့် အာဆီယံ-အမေရိကန်ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပူးတွဲကြေညာချက်၊ ဆန်းနီးလန်းကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။

အဆိုပါပူးတွဲကြေညာချက်တွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အာဆီယံပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေတို့တွင် ဖော်ပြပါရှိသည့်မူများနှင့်ရည်ရွယ်ချက်များကို အခိုင်အမာထောက်ခံကိုင်စွဲခြင်းအားဖြင့် နိုင်ငံအားလုံး၏အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှု၊ တန်းတူညီတူရှိမှုနှင့် နိုင်ငံရေးဆိုင်ရာ လွတ်လပ်ခွင့်ရှိမှုတို့ကို အပြန်အလှန် လေးစားရန်၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို ကျဉ်းမြောင်းစေလျက် စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှု၊ တီထွင်ဆန်းသစ်မှု၊ စွန့်ဦးတီထွင်နိုင်မှုနှင့်ပေါင်းစည်းဆက်နွှယ်မှုတို့ကို ဖြစ်ပေါ်စေ၍ ထက်မြက်ပွင့်လင်းပြီး ယှဉ်ပြိုင်မှုစွမ်းအားမြင့်မားသောစီးပွားရေးကို ဦးတည်သည့်မူဝါဒများ ကျင့်သုံးခြင်း၏အရေးပါမှုကို အပြန်အလှန် အသိအမှတ်ပြုရန်၊ ဒီမိုကရေစီစနစ်ခိုင်မြဲစေခြင်း၊ ကောင်းမွန်သောအုပ်ချုပ်မှုမြှင့်တင်ခြင်း၊ တရားဥပဒေစိုးမိုးမှုကို အလေးထားခြင်း၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုတို့ကို ကာကွယ်မြှင့်တင်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်းနှင့် အစွန်းမရောက်သော အလယ်အလတ်လမ်းစဉ်ကိုအားပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း စသည်တို့မှတစ်ဆင့် ပြည်သူအားလုံးအတွက် အခွင့်အလမ်းများဖော်ဆောင်ပေးရေးကတိကဝတ်ပြုရန်တို့ကို ဖော်ပြထားသည်။

ထို့ပြင် ၁၉၈၂ ခုနှစ် ပင်လယ်ပြင် ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အပါအဝင် တစ်ကမ္ဘာလုံးက လက်ခံအသိအမှတ်ပြုထားသည့် နိုင်ငံတကာဥပဒေများနှင့်အညီ ဥပဒေရေးရာနှင့် သံတမန်ရေးရာလုပ်ငန်းစဉ်တို့၏ရလဒ်ကို လေးစားခြင်းအပါအဝင် ခြိမ်းခြောက်ခြင်းနှင့် အင်အားအသုံးပြုခြင်းမရှိဘဲ အငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းသွားရန်၊ အကြမ်းဖက်မှု၊ အစွန်းရောက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူမှောင်ခိုကူးမှုနှင့် တရားမဝင်၊ အကြောင်းမကြား၊ ထိန်းချုပ်မှုမရှိသော ငါးဖမ်းမှုတို့သာမက သားရဲတိရစ္ဆာန်နှင့် သစ်များ တရားမဝင်ကူးသန်းရောင်းဝယ်မှု အစရှိသည့် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သောကိစ္စရပ်များကို ဖြေရှင်းရာတွင် ဦးစီးဆောင်ရွက်သွားရန်တို့ ပါရှိသည်။

အလားတူ တာဝန်ယူမှုရှိသည့် နိုင်ငံ၏အပြုအမူဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆိုက်ဘာကွန်ရက်လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုမြှင့်တင်ရန်၊ အာဆီယံအသိုက်အဝန်း၏မျှော်မှန်းချက်များအောင်မြင်ရန်အတွက် အာဆီယံနှင့် အမေရိကန်ပြည်သူများ အထူးသဖြင့် လူငယ်လူရွယ်များအကြား ထိတွေ့ဆက်ဆံသည့်အစီအစဉ်နှင့် ပြည်သူအားလုံး အထူးသဖြင့် လုံခြုံမှုမရှိသူများအတွက် အခွင့်အလမ်းများ တိုးမြှင့်သည့်အစီအစဉ်တို့မှတစ်ဆင့် ပြည်သူများအကြား ကူးလူးဆက်ဆံမှုကို တိုးမြှင့်ရန် စသည့်အချက်များ ဖော်ပြပါရှိသည်။

အဆိုပါပူးတွဲကြေညာချက်၊ ဆန်းနီးလန်းကြေညာစာတမ်း အပြည့်အစုံကို www.whitehouse.gov နှင့် www.asean.org တို့တွင် ဖတ်ရှုနိုင်သည်။ **(သတင်းစဉ်)**


ကမ္ဘာ့အကြီးဆုံး အချင်းမီတာ ၃၀၀ ရှိ ရေဒီယိုတယ်လီစကုပ် တည်ဆောက်နေမှုကို တွေ့ရစဉ်။

တရုတ်နိုင်ငံတွင် ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီစကုပ်တည်ဆောက်

ပေကျင်း ဖေဖော်ဝါရီ ၁၇

ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီစကုပ်တည်ဆောက်နေမှု စက်တင်ဘာလတွင် မပြီးဆုံးခင် တရုတ်နိုင်ငံအနောက်တောင်ဘက် ကွေကျိုပြည်နယ်တွင်နေထိုင်ကြသော ဒေသခံ ၉၀၀၀ကျော်ရွှေ့ပြောင်းရမည်ဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များကပြောကြားသည်။

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ကွေကျိုဒေသန္တရကော်မတီအဖွဲ့ဝင်များက လွန်ခဲ့သောနှစ်ကဖြန့်ဝေခဲ့သော အဆိုပြုချက်အရ ဒေသခံများပြောင်းရွှေ့ရေးကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအဆိုပြုချက်တွင် မီတာ ၅၀၀ ရှိသော စက်ဝန်းပုံတယ်လီစကုပ်၏ ငါးကီလိုမီတာအတွင်းဒေသခံများကို ပြောင်းရွှေ့ချထားရမည်ဖြစ်ကြောင်းသိရသည်။

စက်တင်ဘာလကုန်ပိုင်းတွင် ဒေသခံ ၉၁၁၀ ကို ပင်တန်စီရင်စု နှင့်လွိုင်တီယန်စီရင်စုတို့တွင် ပြန်လည်နေရာချထားနိုင်မည်ဟု မျှော်လင့်ကြောင်း ကွေကျိုဒေသန္တရအစိုးရက ပြောသည်။

ယင်းအစီအစဉ်တွင်ပါဝင်သော ဒေသခံများအနေဖြင့် တစ်ဦးလျှင် ယွမ် ၁၂၀၀၀ (အမေရိကန်ဒေါ်လာ ၁၈၃၈ ဒေါ်လာ) ရရှိမည်ဖြစ်ကြောင်းသိရသည်။ တယ်လီစကုပ်တည်ဆောက်မှုပြီးစီးသွားပါက ကမ္ဘာ့အကြီးဆုံးဖြစ်မည်ဖြစ်ပြီး အချင်း မီတာ ၃၀၀ ထိရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

တောင်တရုတ်ပင်လယ်အငြင်းပွားကျွန်းတစ်ကျွန်းပေါ် တရုတ်နိုင်ငံက ဒုံးကျည်ဖြန့်ကြက်ဟု အမေရိကန်ပြော

တိုင်ပေ ဖေဖော်ဝါရီ ၁၇

အမေရိကန်သမ္မတဘားရက်အိုဘားမားက ဒေသတွင်းတင်းမာမှုများအပေါ် ရှောင်ကြဉ်ရန် တိုက်တွန်းလိုက်ချိန် တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်းရှိ ၎င်းတို့ထိန်းချုပ်ရာ အငြင်းပွားကျွန်းတစ်ကျွန်းအပေါ် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်ကို ဖြန့်ကြက်လိုက်ပြီဖြစ်ကြောင်း ထိုင်ဝမ် (တရုတ်တိုင်ပေ) နှင့် အမေရိကန်တာဝန်ရှိသူများက ပြောသည်။

အဆိုပါဒုံးပျံစနစ်ကို သစ်တောများထူထပ်ရာ ကျွန်းတစ်ကျွန်းပေါ်တွင် ဖြန့်ကြက်ထားကြောင်းထိုင်ဝမ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဒေးဗစ်လိုက ရိုက်တာသို့ပြောသည်။

အဆိုပါကျွန်းသည် တရုတ်က နှစ် ၄၀ ကျော်ကြာထိန်းချုပ်ထားသော ပါရာဆယ်ကျွန်းစု၏ အစိတ်အပိုင်းဖြစ်ပြီး ယင်းကျွန်းကို ထိုင်ဝမ်နှင့် ဗီယက်နမ်တို့ကလည်း ပိုင်ဆိုင်ကြောင်းပြောဆိုလျက်ရှိသည်။

အမေရိကန်ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးက အဆိုပါဒုံးကျည်ဖြန့်ကြက်မှုအပေါ် အတည်ပြုပြောကြားခဲ့ရာ ဖောက်စ်သတင်းဌာနက ပထမဆုံးဖော်ပြခဲ့သည်။

ရေဒါစနစ်အဖြစ် အသုံးပြုနိုင်သော မြေပြင်မှဝေဟင်ပစ်ဒုံးပစ်စင် ရှစ်ခုမှ နှစ်ခုကို အရပ်ဘက်ဂြိုဟ်တုကုမ္ပဏီမှ ထုတ်ပြန်သောပုံများကို ဖောက်စ်သတင်းဌာနကဖော်ပြသည်။ **(ရိုက်တာ)**

ထိုင်ဝမ်တောင်ပိုင်းကမ်းလွန်၌ ထိုင်ဝမ်ကမ်းခြေစောင့်တပ်ဖွဲ့ ကင်းလှည့်သင်္ဘောများကို တွေ့ရစဉ်။

အာရှအကြီးဆုံး စင်ကာပူလေကြောင်းပြပွဲ ကျင်းပ

ပြင်သစ်လေတပ်မှ တိုက်လေယာဉ်တစ်စင်းလေကြောင်း စွမ်းရည်ပြသနေစဉ်။

စင်ကာပူ ဖေဖော်ဝါရီ ၁၇

အာရှ၏အကြီးဆုံးဖြစ်ပြီး ကမ္ဘာပေါ်တွင် အရေးကြီးဆုံးလေကြောင်းနည်းပညာများနှင့် ကာကွယ်ရေးဆိုင်ရာ လေကြောင်းပြပွဲအဖြစ် လူသိများသော စင်ကာပူလေကြောင်းပြပွဲကြီးကို ဖေဖော်ဝါရီ ၁၆ရက်မှ ၂၁ရက်အထိ စင်ကာပူနိုင်ငံ ချန်ဂီလေကြောင်းပြပွဲခန်းမတွင် ကျင်းပလျက်ရှိသည်။

စင်ကာပူလေကြောင်းပြပွဲသည် ကမ္ဘာ့လေကြောင်းဆိုင်ရာ နည်းပညာဆန်းသစ်မှုနှင့်လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ချက်ထားပြသလျက်ရှိရာ ယခင်က ချန်ဂီအပြည်ပြည်ဆိုင်ရာ လေကြောင်းပြပွဲအဖြစ် လူသိများသော စင်ကာပူလေကြောင်းပြပွဲကို ၂၀၀၈ ခုနှစ်မှစ၍ တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပလျက်ရှိသည်။ ယင်းလေကြောင်းပြပွဲကို စင်ကာပူလေကြောင်းသွားလာရေး အာဏာပိုင်အဖွဲ့နှင့် ကာကွယ်ရေးဆိုင်ရာ သိပ္ပံနှင့်နည်းပညာအေဂျင်စီတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး နိုင်ငံပေါင်းစုံ ဝင်ရောက်ပြသခြင်းဖြစ်သည်။

ဂါရူဒါအင်ဒိုနီးရှားလေယာဉ်ထုတ်လုပ်ရေးသည် ဈေးကွက်တွင်ရောင်းလိုအားများနေပြီး စီးပွားရေးဖွံ့ဖြိုးမှုနည်းသောကြောင့် ထုတ်လုပ်မှုပိုင်းတွင် ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ တည်ဆောက်မှုပိုင်းဆိုင်ရာ ပြန်လည်ဆန်းသစ်ရန် လေကြောင်းအကြီးအကဲက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

“ဈေးကွက်မှာ လေယာဉ်ထုတ်လုပ်မှုက ပိုလျှံနေတယ်၊ ပြည်တွင်းမှာသာမကပါဘူး ဒေသတွင်းနိုင်ငံတွေမှာလဲ ဒီလိုပါပဲ” ဟု ဂါရူဒါလေယာဉ်ထုတ်လုပ်မှု အကြီးအကဲ အာရစ်ဖ်ဝီဘိုဝူက စင်ကာပူလေကြောင်းပြပွဲ၌ ရိုက်တာသို့ ပြောကြားသည်။ **(ရိုက်တာ)**

အမေရိကန်တိုက်လေယာဉ်များ တောင်ကိုရီးယား ကောင်းကင်ပေါ်ပျံသန်း

ဘိုဆန် ဖေဖော်ဝါရီ ၁၇

လာမည့်လတွင် ပြုယမ်းကို ခြိမ်းခြောက်ရန် ရည်ရွယ်လျက် ပူးတွဲစစ်ရေးလေ့ကျင့်မှု မလုပ်မီ မြောက်ကိုရီးယားက ဒုံးကျည်ပစ်ခတ်ခဲ့ပြီး မကြာမီအင်အား ပြသမှုတစ်ရပ်အဖြစ် အမေရိကန်က တောင်ကိုရီးယားနိုင်ငံအပေါ် ဗုဒ္ဓဟူးနေ့တွင် အက်ဖ် - ၂၂ ကိုယ်ပျောက်ဂျက်တိုက်လေယာဉ် လေးစင်း ဖြတ်သန်းပျံသန်းခဲ့သည်။

မြောက်ကိုရီးယားက ကမ္ဘာ့အင်အားကြီးနိုင်ငံများကို သတိပေးလိုက်ပြီးနောက် ပြီးခဲ့သောလတွင် စတုတ္ထအကြိမ်မြောက် နျူကလီးယားစမ်းသပ်မှု ပြုလုပ်ခဲ့ရာ ဂျပန်နိုင်ငံ အိုကီနာဝါ စစ်အခြေစိုက်စခန်း၌ရှိသော အက်ဖ် - ၂၂ ဂျက်တိုက်လေယာဉ်များ တောင်ကိုရီးယားနိုင်ငံပေါ်သို့ ပျံသန်းသွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဖေဖော်ဝါရီ ၇ ရက်က မြောက်ကိုရီးယားနိုင်ငံ၏ တာဝေးပစ်ဒုံးပျံစမ်းသပ်မှုသည် လုံခြုံရေးကောင်စီ၏ တိုက်ချင်းပစ်ဒုံးပျံ နည်းပညာကို ပိတ်ပင်ထားခြင်းအပေါ် ချိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနှင့် အမေရိကန်က ပြောသည်။ သို့သော်လည်း မြောက်ကိုရီးယားက ၎င်းကို ဂြိုဟ်တုလွှတ်တင်ခြင်းဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သောလက အမေရိကန်၌ နျူကလီးယားလက်နက် သယ်ဆောင်နိုင်သော ဘီ - ၅၂ ဗုံးကြဲလေယာဉ် တောင်ကိုရီးယားနိုင်ငံပေါ်မှ အနိမ့်ပျံသန်းသွားခဲ့သည်။ **(ရိုက်တာ)**

ဆီးရီးယားအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အကောင်အထည်ဖော်ရန် သမ္မတအာဆတ်ကို ကုလသမဂ္ဂအထူးကိုယ်စားလှယ်တိုက်တွန်း

ဒမတ်စကတ် ဖေဖော်ဝါရီ ၁၇

ဆီးရီးယားနိုင်ငံဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်က သမ္မတဘတ်ရှာအယ်လ်အာဆတ်အစိုးရကို အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ရန်တိုက်တွန်းလိုက်သည်။

အထူးကိုယ်စားလှယ် စတက်ဖန်ဒီမစ်တူရာသည် အင်္ဂါနေ့က ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်ဒ်အယ်မိုလမ်နှင့် ဒမတ်စကတ်တွင်တွေ့ဆုံဆွေးနွေးမှုနှစ်ကြိမ်ပြုလုပ်ခဲ့ပြီး လွန်ခဲ့သောအပတ်က အတိုင်းအတာတစ်ခုအထိ ပြီးမြောက်ခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ဆွေးနွေးမှုတွင် အာဆတ်အစိုးရအနေဖြင့်ပူးပေါင်း ပါဝင်ရန် တိုက်တွန်းလိုက်သည်ဟု ဆီးရီးယားနိုင်ငံပိုင်သတင်းအေဂျင်စီကဖော်ပြသည်။

ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ်များ၊ နိုင်ငံပေါင်း ၁၇ နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အခြားအဖွဲ့အစည်းများသည် တစ်ပတ်အတွင်းဆီးရီးယားနိုင်ငံအနှံ့အပစ်အခတ်ရပ်စဲရေးကို သဘောတူညီခဲ့ကြပြီး ထိန်းချုပ်ခံနယ်မြေဒေသများသို့ အစားအစာနှင့် လူသားချင်းဆိုင်ရာ ကူညီထောက်ပံ့မှုများ ထောက်ပံ့နိုင်ရန် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက ဆီးရီးယားအစိုးရအနေဖြင့် ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများမှပေးပို့သော ကူညီထောက်ပံ့ရေးပစ္စည်းများကိုလက်ခံရန် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အာဆတ်အစိုးရအနေဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အကောင်အထည်ဖော်မည် မဖော်မည်ကို အသေးစိတ်မသိရသေးပေ။ ဆီးရီးယားတွင် တိုက်ခိုက်မှုများအရှိန်မြှင့်နေချိန်တွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ်အနေဖြင့် ဆီးရီးယားသို့ရောက်လာခြင်းမှာ အံ့သြစရာပင်ဖြစ်သည်။ တနင်္လာနေ့ တိုက်ခိုက်မှုများတွင် နိုင်ငံတစ်ဝန်း လူပေါင်း ၅၀ သေဆုံးခဲ့သည်။

တိုက်ခိုက်မှုများသည် ဆေးရုံများနှင့် ကျောင်းများကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီ မိနစ် ၄၀ အထိ နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အတူ ဦးဇော်မြင့်မောင်နှင့် ဒေါက်တာတင်မျိုးဝင်းတို့ တက်ရောက်ကြသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့အား ရင်းရင်းနှီးနှီးတွေ့ရစဉ်။ (မြဝတီ)

တပ်မတော်၏သဘောထားမှာ ပြည်သူကရွေးချယ်သည့် ပါတီစုံလမ်းကြောင်းအား ခိုင်ခိုင်မာမာနှင့် စနစ်တကျဖြစ်စေရန်လိုလား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တပ်မတော်အနေဖြင့် မိမိနိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီလမ်းကြောင်းလျှောက်လှမ်းမှု ခိုင်ခိုင်မာမာဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်ကို ဥပဒေနှင့်အညီ ဦးဆောင်မှုပေးနေသည့်အစိုးရကိုလည်း ကူညီထောက်ပံ့ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းဖြင့် ပြည်သူလိုလားသည့်ဆန္ဒအတိုင်း ဖြစ်မည်ဟုယုံကြည်ပါကြောင်း၊ စည်းကမ်းနှင့်ဥပဒေလေးစားလိုက်နာခြင်းသည် အဓိကကျမည်ဟု ယူဆကြောင်း၊ ဒီမိုကရေစီစနစ်တွင် လက်နက်ကိုင်လမ်းစဉ်ကို မည်သူမှလက်မခံသဖြင့် လက်နက်ကိုင်ပဋိပက္ခများ ပပျောက်အောင်လုပ်ဆောင်ရန်မှာ တပ်မတော်၏တာဝန်ပင်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီတွင် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E.Mr. Pier Giorgio ALIBERTI အား လက်ခံတွေ့ဆုံစဉ်ပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ဧည့်သည်တော်သံအမတ်ကြီးက နောင်ပေါ်ပေါက်လာမည့် အစိုးရသက်တမ်းတွင် ဖြစ်ပေါ်လာမည့် နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏သဘောထားမှာ ပြည်သူကရွေးချယ်သည့် ပါတီစုံလမ်းကြောင်းအား ခိုင်ခိုင်မာမာနှင့် စနစ်တကျဖြစ်စေရန် လိုလားပါကြောင်း၊ ယင်းသို့ဖြစ်စေရန်လည်း ထိန်းသိမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ မချုပ်ငြိမ်းသေးသည့်နိုင်ငံဖြစ်၍ ယင်းပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားရမည်ဖြစ်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ယဉ်ကျေးမှုဆိုင်ရာ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ အခြေခံရှိပြီးဖြစ်သည့် တပ်မတော်ပိုင်းဆိုင်ရာဆက်ဆံရေး၊ သင်တန်းများစေလွှတ်ရေး၊ ကာကွယ်ရေးဆိုင်ရာဆွေးနွေးပွဲများပြုလုပ်ရေးနှင့် နယ်ခြားစောင့်တပ်ဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အီတလီနိုင်ငံသံအမတ်ကြီး H.E.Mr. Pier Giorgio ALIBERTI အား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့ အရှေ့တီမောလွှတ်တော်ဒုတိယဥက္ကဋ္ဌဟောင်းအားတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့သည် အရှေ့တီမောနိုင်ငံ လွှတ်တော်ဒုတိယဥက္ကဋ္ဌဟောင်း Mr.Aderito Hugo de Costa အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် I-1 ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေးတိုးတက်ခိုင်မာစေရေး၊ လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုချက်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါ်စုစုလွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက"တိုင်းဒေသကြီးလွှတ်တော် ဥပဒေကြမ်းကော်မတီ"တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အမည်စာရင်းကို လွှတ်တော်၏သဘောတူညီမှုဖြင့် ကော်မတီဝင် ၁၁ ဦးဖြင့် လည်းကောင်း၊ "တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီ"တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအမည်စာရင်းကို လွှတ်တော်၏သဘောတူညီမှုဖြင့် ကော်မတီဝင် ၁၁ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းကြောင်းအတည်ပြုကြေညာသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က "ကော်မတီနှစ်ရပ်၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်"ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး လွှတ်တော်ပထမပုံမှန်အစည်းအဝေးတတိယနေ့ကို ရပ်နားသည်။ **(သတင်းစဉ်)**

သာယာမည် ၁၇-၂-၂၀၁၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ **(မြန်မာ့အလင်း)**

မီးဘေးလုံခြုံရေးသတိကို ကြိုတင်ပြင်ဆင်ခြင်းဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေ

လူ့ဘဝဟူသည် အချိန်ဖြင့်တည်ဆောက်ထားခြင်း ဖြစ်သည်။ ပညာရှာချိန်၊ ဥစ္စာရှာချိန် စသဖြင့် အချိန်ကာလကိုအရင်းအနှီးပြု၍ ဘဝရေစီးကြောင်းတွင် စုန်ဆင်းလိုက် ဆန်တက်လိုက်ဖြင့် လျှပ်စစ် A.C လှိုင်းတစ်ခုပမာ အပေါင်းတစ်လှည့်၊ အနုတ်တစ်လှည့် ဖြစ်နေပေတော့သည်။

စံရွှေတိုး(သုတေသန)

များစွာသော အချိန်နာရီများဖြင့် ကြိုးပမ်းရယူထားသည့် နေအိမ်တိုက်တာများဖြင့် ဘဝကို အပေါင်းသဘောဆောင်၍ တင့်တယ်နေရာမှ တိုတောင်းသော အချိန်နာရီ အပိုင်းအခြားတစ်ခုဖြင့် ပိုင်ဆိုင်မှုမှန်သမျှ မီးလောင်ပျက်စီးချိန်သည် အနုတ်လက္ခဏာကို ဆောင်သော ရင်မအေးဖွယ်ပင် ဖြစ်ချေတော့သည်။

မီးလောင်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခြင်းအတွက် မီးဘေးသတိမူရေး

ကာလသုံးပါး၏ ဖြစ်တည်မှုများတွင် အတိတ်ကာလဟူသည် ကောင်းခြင်း၊ ဆိုးခြင်းတို့ကို ပြန်လည်သုံးသပ်၍ ပစ္စုပ္ပန်ကို အခြေပြုပြဋ္ဌာန်းကာ အနာဂတ်အတွက် ပြင်ဆင်ကြရသည် မဟုတ်ပါလား။

အတိတ်ကာလ၏ မီးလောင်ခဲ့မှု မှတ်တမ်းများကို ပြန်လည်ကောက်နုတ်လျှင် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း မီးလောင်ခဲ့သည့် အကြိမ်ရေ စုစုပေါင်း ၇၁၅၂ ကြိမ်တွင် မီးဖိုမီးအကြိမ် ၁၇၄၀၊ ပေါ့ဆမီး ၂၅၈၅ ကြိမ်၊ အလိုအလျောက်မီး ၁၆၂ ကြိမ်၊ လျှပ်စစ်မီး ၁၄၀၄ ကြိမ်၊ မသမာသူရှို့မီး ၈၁၆ ကြိမ်၊ တောမီး ၄၂ ကြိမ်၊ သောင်းကျန်းသူရှို့မီး ခြောက်ကြိမ်၊ စုံစမ်းဆဲနှစ်ကြိမ်နှင့် မိုးကြိုးပစ် ၁၆ ကြိမ် ဖြစ်ပွားခဲ့ပါသည်။

ဖြစ်ပွားခဲ့သည့် မီးလောင်မှုအကြောင်းရင်းများကို ရာခိုင်နှုန်းဖြင့်ကြည့်လျှင် မီးဖိုမီး ၂၄ ဒသမ ၃၃ ရာခိုင်နှုန်း၊ ပေါ့ဆမီး ၃၆ ဒသမ ၁၄ ရာခိုင်နှုန်း၊ အလိုအလျောက်မီး ၂ ဒသမ ၂၇ ရာခိုင်နှုန်း၊ လျှပ်စစ်မီး ၁၉ ဒသမ ၆၃ ရာခိုင်နှုန်း၊ မသမာသူရှို့မီး ၁၁ ဒသမ ၄၁ ရာခိုင်နှုန်း၊ တောမီး ၅ ဒသမ ၈၉ ရာခိုင်နှုန်း၊ သောင်းကျန်းသူရှို့မီး ၀ ဒသမ ၀၈ ရာခိုင်နှုန်းနှင့် မိုးကြိုးပစ် ၀ ဒသမ ၂၂ ရာခိုင်နှုန်း ရှိကြသည်။ ဤကိန်းဂဏန်းများကို မီးဘေးလုံခြုံရေးရှုထောင့်မှ ကောက်ချက်ဆွဲပါလျှင် မီးဖိုမီး ၂၄ ဒသမ ၃၃ ရာခိုင်နှုန်းနှင့် ပေါ့ဆမီး ၃၆ ဒသမ ၁၄ ရာခိုင်နှုန်းမှာ အများဆုံးဖြစ်ပွားခဲ့ကြောင်း သုံးသပ်ရမည် ဖြစ်ပါသည်။

မီးဘေးလုံခြုံမှုဆိုင်ရာ သတိရှိရန် လိုအပ်ကြောင်း အဖြေတစ်ခု ထင်ရှားစွာ ထွက်ပေါ်လာသည်မှာ အမှန်ပင်ဖြစ်ပါသည်။ နေအိမ်တစ်အိမ်တွင် မိသားစုငါးဦးရှိသည် ဆိုပါစို့။ လေးဦးမှာ မီးဘေးသတိရှိပြီး တစ်ဦးမရှိလျှင် အဆိုပါနေအိမ်အပြင် ပတ်ဝန်းကျင်အိမ်များမှာပါ မီးဘေးအန္တရာယ် မကင်းနိုင်ပါ။ ဤအယူအဆကိုထပ်မံ၍ ဖြန့်ကြက်ကြည့်မည်ဆိုလျှင် နေအိမ်အလုံး ၁၀၀ နှင့် ရပ်/ရွာတစ်ခု တည်ဆောက်ထားသည်ဆိုပါစို့။

၉၉ အိမ်က မီးဘေးသတိရှိပြီး တစ်အိမ်က မရှိလျှင်လည်း ကျန် ၉၉ အိမ်မှာ အန္တရာယ်မကင်းနိုင်ပါ။ ထို့ကြောင့် လူတိုင်း/အိမ်တိုင်း မီးဘေးလုံခြုံမှုသတိရှိရန်၊ သတိပြုကြရန် အရေးတကြီးလိုအပ်ကြောင်း တွေ့ရှိရပေသည်။

မီးလောင်မှုကြီးများနှင့် ကြီးမားကျယ်ပြန့်ခြင်း

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့က မီးလောင်ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၀ သန်းနှင့်အထက် မီးလောင်ဆုံးရှုံးလျှင် မီးလောင်မှုကြီးဟု သတ်မှတ်ပါသည်။၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း မီးလောင်မှုကြီး ၁၈၈ ကြိမ် ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ အဆိုပါ ၁၈၈ ကြိမ်တွင် မီးလောင်မှုအကြောင်းရင်းများကို ပြန်လည်စိစစ်ရာ မီးဖိုမီး ၂၄ ကြိမ်၊ ပေါ့ဆမီး ၈၃ ကြိမ်၊ အလိုအလျောက်မီး နှစ်ကြိမ်၊ လျှပ်စစ်မီး ၃၈ ကြိမ်၊ မသမာသူရှို့မီး ၂၇ ကြိမ်၊ တောမီး ၁၂ ကြိမ်၊ စုံစမ်းဆဲ နှစ်ကြိမ်စသဖြင့် တွေ့ရှိရပြီး မီးဖိုမီး၊ ပေါ့ဆမီးနှင့် လျှပ်စစ်မီးတို့မှာ အကြိမ်ရေအများဆုံး ဖြစ်ပွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

မီးလောင်မှု ကြီးမားကျယ်ပြန့်ရခြင်းတွင် အဓိကအကြောင်းရင်း (၃)ချက်ရှိသည်။ (၁)လေပူစီးကြောင်းများ (Heat Air Current)၊ (၂)အပူဖြာကူးခြင်း (Radiant Heat)နှင့် (၃)မီးပွားများလွင့်ပျံ့ခြင်း (Flying Sparks)တို့ ဖြစ်သည်။

ထို့ပြင် မီးလောင်မှုကြီး ဖြစ်ပွားစေရန် လွှမ်းမိုးနေသည့် အခြားအကြောင်းတရားများမှာ နေအိမ်များ သိပ်သည်းခြင်း၊ လေတိုက်နှုန်းပြင်းထန်ခြင်း၊ မီးငြိမ်းသတ်ရန် ရေရရှိမှုခက်ခဲခြင်း၊ လမ်းကျဉ်းမြောင်း၍ မီးသတ်ယာဉ်များ သွားလာရန် ခက်ခဲခြင်း၊ မီးသတ်စခန်းတည်ရှိနေမှုသည် မြို့နယ်ကို စိုးမိုးနိုင်မှု မရှိခြင်းတို့သည်လည်း ဆက်စပ်နီးနွှယ်နေကြောင်း ကိန်းဂဏန်းများမှ ဖော်ထုတ်သုံးသပ်နိုင်ပါသည်။

မီးလောင်မှုကြီးဖြစ်ပွားစေရန် လွှမ်းမိုးနေသည့် အခြားအကြောင်းတရားများမှာ နေအိမ်များသိပ်သည်းခြင်း၊ လေတိုက်နှုန်းပြင်းထန်ခြင်း၊ မီးငြိမ်းသတ်ရန် ရေရရှိမှုခက်ခဲခြင်း၊ လမ်းကျဉ်းမြောင်း၍ မီးသတ်ယာဉ်များ သွားလာရန်ခက်ခဲခြင်း၊ မီးသတ်စခန်းတည်ရှိနေမှုသည် မြို့နယ်ကိုစိုးမိုးနိုင်မှု မရှိခြင်းတို့သည်လည်း ဆက်စပ်နီးနွှယ်နေကြောင်း ကိန်းဂဏန်းများမှ ဖော်ထုတ်သုံးသပ်နိုင်

မီးလောင်မှုအကြောင်းရင်းများမှ သုံးသပ်ရရှိမှု

မီးလောင်မှု ဖြစ်ပွားခဲ့သော အကျိုးတရားတိုင်းတွင် ဖြစ်ပွားရသည့် အကြောင်းတရားရှိနေခဲ့၍ အဆိုပါအကြောင်းကို သိရှိကာ စနစ်တကျ စီမံခန့်ခွဲပြင်ဆင်ထားလျှင် ပျက်စီးဆုံးရှုံးနိုင်ခြေ လျော့ပါးမည်မှာ သေချာပါသည်။ ကမ္ဘာကြီး၏ ဝင်ရိုးစွန်းနှစ်ဖက်ကြားတွင် မနေ့ကလည်း မီးများလောင်ခဲ့ပါသည်။ ယနေ့လည်း မီးလောင်နေပြီး မနက်ဖြန်တွင်လည်း ဖြစ်ပွားနေလိမ့်မည်ဖြစ်သည်။

မီးလောင်ဆုံးရှုံးမှု (Fire Loss) ဆိုသည်မှာ မိမိပိုင်ဆိုင်သည့် ပစ္စည်းတစ်ခုကျပျောက်သည်နှင့် မတူညီပါ။ ပစ္စည်းကျပျောက်လျှင် ဤကမ္ဘာ၏ တစ်နေရာတွင် တစ်စုံတစ်ယောက်က တွေ့ရှိအသုံးပြုနေနိုင်ပါသည်။ မီးလောင်ဆုံးရှုံးမှုဆိုသည်မှာ အဆိုပါပစ္စည်းသည် ဓာတ်ပြောင်းလဲမှု (Chemical Change)ဖြစ်၍ ဤကမ္ဘာမြေမှ အပြီးအပိုင် ပျောက်ဆုံးသွားမည် ဖြစ်ပါသည်။

ဤသို့ မီးလောင်ဆုံးရှုံးခဲ့ရမှုများကို မီးလောင်မှုအကြောင်းရင်းကို .... မီးသတ်တပ်ဖွဲ့မှ စုံစမ်းရှာဖွေဖော်ထုတ်ခြင်း (Fire Investigation) ဆောင်ရွက်ရပါသည်။ အချို့သော မီးလောင်မှုများမှာ ရိုးရှင်း၍ စိတ်ဝင်စားစရာကောင်းလှပါသည်။ မထင်မှတ်ထားသော ခြင်ဆေးခွေမီးမှ ဂိုဒေါင်ကြီးတစ်ခုလုံးကို ဝါးမျိုသွားခြင်း (ဥပမာ Coca Cola အချိုရည်ကုန်ကြမ်းသိုလှောင်ရုံ မီးလောင်မှု အစရှိသည့်. . .)၊ ဝရိန်ဆော်ရာမှ ထွက်ရှိသော မီးပွားချော်ခဲမှ များလှစွာသော ဥစ္စာပစ္စည်းများ ဝါးမျိုသွားခြင်း (ဥပမာ။ မင်္ဂလာဈေးမီးလောင်မှု)၊ (Step up Step down transformer) တပ်ဆင်အသုံးပြုသည့် လျှပ်စစ်ပစ္စည်းတစ်ခုခု (Over Load) ဖြစ်ကာ မီးကြီးမားသွားခြင်းတို့ တွေ့ရှိရသည်။

ခြင်ဆေးခွေမီးသည် စတင်မီးရှို့ချိန်မှ ကုန်သည်အထိ ၈ နာရီ အချိန်ကြာမြင့်သည်။ ဝရိန်ဆော်ရာမှထွက်ရှိသော မီးပွားချော်ခဲမှာ သံအရည်ပျော်ရာမှ ထွက်ရှိသဖြင့် လေထဲတွင် အပြီးတိုင်လောင်ကျွမ်းသွားခြင်းမရှိဘဲ ထိတွေ့သည့် ပစ္စည်းကို တငွေ့ငွေ့ဖြင့် မီးတောက်ဖြစ်စေသည်။ ထို့ပြင် လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းများသည် မီးလောင်မှု ဖြစ်စေနိုင်သည့်အချက်များ ရှိနေသဖြင့် သတိတရားဖြင့် စောင့်ကြပ်သုံးစွဲသင့်ကြောင်း သုံးသပ်နိုင်ပေသည်။

မီးလောင်မှု အကြောင်းရင်းရှာဖွေဖော်ထုတ်မှုမှာ မီးလောင်မှုခိုင်မာစေခြင်း၊ မှတ်တမ်းတင်ခြင်းသာဖြစ်၍ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ လျှပ်စစ်မှားယွင်းမှုကြောင့်ဖြစ်စေ မီးလောင်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၈၅ သာလျှင် ဖြစ်ပါသည်။

သတိပြုကာကွယ် မီးဘေးအန္တရာယ်

မီးလောင်မှုဟူသည်ကား ဆန်းကြယ်လှသည်။ လောင်စေလို၍ မီးရှို့လျှင် မလောင်တတ်ဘဲ မလောင်စေချင်သော အရာကို မလောင်နိုင်ဟု ယူဆထားသည်များက လောင်ကျွမ်းလေ့ရှိပါသည်။ မည်မျှပင် သတိရှိနေစေကာမူ မီးလောင်မှုဖြစ်ပွားနိုင်၍ သတိမမူလျှင်ကား မီးလောင်မှုကြီးမားသွားမည်သာဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်း မီးဘေးလုံခြုံမှု သတိရှိကြရန်နှင့် ကာကွယ်မှုအသိရှိကြရန် လိုအပ်လှပေသည်။ မီးဘေးအန္တရာယ် သတိပြုဆောင်ရွက်ရမည့် အချက်များမှာ-

(၁) လူစောင့်မရှိဘဲ မီးသုံးစွဲခြင်းမပြုရန်နှင့် ကလေးသူငယ်၊ သက်ကြီးရွယ်အိုများအား ထမင်းဟင်းချက်ပြုစေခြင်း မပြုလုပ်ရန်။

(၂) ညမအိပ်မီနှင့် နေအိမ်ပြင်ပသို့ မထွက်ခွာမီ မီးသုံးစွဲမှုစစ်ဆေး၍ လိုအပ်ပါက လျှပ်စစ် Main Switch ဖြုတ်ချခဲ့ရန်။

(၃) ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် မီးငြိမ်းသတ်ရန် ရေရရှိရေး ကြိုတင်စီမံထားရန်။

(၄) မီးငြိမ်းသတ် ယာဉ်များ အလွယ်တကူ ဝင်/ထွက် သွားလာနိုင်သော လမ်းအကျယ်အပေါ် လျှပ်စစ်ဓာတ်ကြိုးအမြင့်တို့ လွတ်ကင်းအောင် ဆောင်ရွက်ရန်။

(၅) နေအိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ ရေ၊ သဲ၊ လှေကား၊ မီးသတ်ဆေးဘူးများ ထားရှိကြရန်။ အထူးသဖြင့် မီးသတ်ဆေးဘူးအား မဖြစ်မနေထားရှိရန်။

(၆) လုပ်ငန်းဌာနတိုင်းတွင် မီးဘေးလုံခြုံရေးအား စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်မည့် မီးဘေးလုံခြုံရေးတာဝန်ခံ(Fire Safety Manager)ခန့်ထား ဆောင်ရွက်ရန်။

(၇) အဆောက်အအုံများ ပုံစံထုတ်စဉ်ကပင် မီးဘေးလုံခြုံမှုဆိုင်ရာ ဦးတည်ချက်များ (Fire Safety Objectives)နှင့် မီးဘေးလုံခြုံမှုဆိုင်ရာနည်းဗျူဟာများ(Fire Safety Tactics)၊ လွတ်မြောက်လမ်းများ(Means of Egress) တို့အား ထည့်သွင်းရေးဆွဲရန်၊ မဆောက်လုပ်မီ၊ ဆောက်လုပ်နေစဉ်နှင့် ဆောက်လုပ်ပြီးချိန်များတွင် မီးသတ်တပ်ဖွဲ့၏ စစ်ဆေးအကြံပြုမှု ခံယူဆောင်ရွက်ရန်။

(၈) လိုအပ်ပါက မီးသတ်တပ်ဖွဲ့၏ အကြံဉာဏ်ရယူဆောင်ရွက်ကြရေး လေးနက်စွာ တိုက်တွန်းပါသည်။

မီးလောင်မှုအဆင့်နှင့် တုံ့ပြန်ဆောင်ရွက်မှု

မီးလောင်မှုဟူသည် မီးလောင်လွယ်သောပစ္စည်းများ (Flammable Materials)မှအပ သာမန်အားဖြင့် တစ်ဆင့်ချင်း မီးလောင်မှုအရှိန်အဟုန် မြင့်မားလေ့ရှိကြပါသည်။ မီးလောင်မှုအစပျိုးသောကနဦးအဆင့် (Initial Fire)၊ မီးတောက်ဖြစ်ပေါ်မှုအဆင့် (Small Fire)၊ မီးတောက်အားကောင်းသည့်အဆင့်(Medium Fire)၊ မီးလောင်မှုကြီးအဆင့် (Mega Fire) ဟူ၍ သေးငယ်သောမီးတောက်မှ အချိန်တိုအတွင်း ကြီးမားပြင်းထန်စွာ လောင်ကျွမ်းလေ့ရှိပါသည်။

နေအိမ်တစ်လုံး မီးလောင်မှု စတင်ဖြစ်ပွားသည်ဆိုပါစို့။ အဆိုပါမီးအား မိသားစုဝင်တစ်ဦးဦးက

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မီးလောင်မှု



မင်္ဂလာဈေးမီးလောင်မှုကို ငြိမ်းသတ်နေစဉ်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုကို လွှတ်တော်အဆုံးအဖြတ် ရယူအတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမမြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** အရေးကြီးအဆိုတစ်ရပ် ဆွေးနွေးခြင်း၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီနှင့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင်၏ **ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာ ကြုံတွေ့နေရပါသဖြင့် တိုက်ပွဲများ အမြန်ဆုံးရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးအား တိုက်တွန်းကြောင်း အရေးကြီးအဆို**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းက မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ ပါဝင်ခဲ့သည့် ပြည်တွင်း ပဋိပက္ခစစ်ဒဏ်ကို ခံစားခဲ့ရပါကြောင်း၊ ပြည်တွင်းပဋိပက္ခများကြောင့် ပြည်သူ့ဘဏ္ဍာများနှင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ရပါကြောင်း၊ လွတ်လပ်ရေးရရှိသည်မှာ ၆၈ နှစ်ရှိပြီဖြစ်သော်လည်း စစ်မှန်သည့် ငြိမ်းချမ်းရေးမရရှိသေးပါကြောင်း၊ ထို့ကြောင့် ဖြစ်ပွားလျက်ရှိသည့် ပြဿနာရပ်များကို ငြိမ်းချမ်းသည့် နိုင်ငံရေးနည်းဖြင့် ဆွေးနွေးအဖြေရှာရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် စစ်မှန်သည့် အမျိုးသားပြန်လည်သင့်မြတ်မှုရရှိရေး ဆောင်ရွက်ရန် အရေးကြီးပါကြောင်း ဆွေးနွေးသည်။

သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်က တိုင်းရင်းသားများအကြား ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်တိုက်ပွဲများကြောင့် ဒေသခံတိုင်းရင်းသားများ ထွက်ပြေးတိမ်းရှောင်လျက်ရှိနေကြပါကြောင်း၊ ကျောင်းသားကျောင်းသူများလည်း ပါဝင်ပါကြောင်း၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထုနှင့် အဖွဲ့အစည်းအသီးသီး၏ ကူညီ ဆောင်ရွက်မှုများကြောင့် ကြီးမားသည့် အခက်အခဲမရှိသော်လည်း စစ်ဘေးရှောင်ပြည်သူများ ထပ်မံ တိုးပွားလာနိုင်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦးက အဆိုရှင်၏ ဆွေးနွေးချက်အရ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်လျက်ရှိသည့် မိုင်းငေါ့မြို့နယ်အတွင်း၌ RCSS /SSA နှင့် TNLA တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းကြောင့် ကျောင်းသား ကျောင်းသူများ အပါအဝင် စစ်ဘေးရှောင်ပြည်သူများသည် နီးစပ်ရာ မြို့ရွာများတွင် တိုက်ပွဲရှောင် နေထိုင်လျက်ရှိပါကြောင်း၊ အဆိုပါ တိုက်ပွဲဖြစ်စဉ်များနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီသို့ အကြောင်းကြားစာ ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ တပ်မတော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုက်ပွဲဖြစ်ပွားရာ နယ်မြေဒေသများကို ရှင်းလင်းထိန်းချုပ်ထားပြီး ဖြစ်သည့်အတွက် တိုက်ပွဲများ ထပ်မံဖြစ်ပွားခြင်းမရှိတော့သည်ကို သိရှိရပါကြောင်း။

တိုက်ပွဲရှောင် ဒုက္ခသည်များကို တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များက ဆန်၊ ဆီ၊ ကုလားပဲနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့လျက်ရှိပါကြောင်း၊ စစ်ဘေးရှောင်ဒုက္ခသည်များအတွင်းရှိ ကျောင်းသားကျောင်းသူများ ငြိမ်းချမ်းစွာပညာသင်ကြားရေး၊ သောကကင်းဝေးစွာ စာမေးပွဲဖြေဆိုနိုင်ရေးနှင့် အနာဂတ်ဘဝ သာယာဖြောင့်ဖြူးရေးတို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တိုက်ပွဲများ ရပ်ဆိုင်းနိုင်ရေး လိုအပ်ပါကြောင်း၊ NCA စာချုပ်တွင် လက်မှတ်ရေးထိုးပြီးသည့် ဒေသများတွင် ပစ်ခတ်တိုက်ခိုက်မှုများ လုံးဝမရှိတော့သည်ကို တွေ့ရှိရပါကြောင်း၊ လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် NCA စာချုပ်၌ လက်မှတ်ရေးထိုးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူလူထုသာမက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်မြင့်နွယ်နှင့် ဦးဘုန်းဆွေတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်(TNLA)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့၏ ပဋိပက္ခများဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ(UPCC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) တို့ကို ၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

သို့သော်လည်း တအာင်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) အဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)တို့သည် ၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် မူဆယ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့သော်လည်း သဘောတူညီမှုမရရှိခဲ့ပါကြောင်း၊ ကျောက်မဲခရိုင် နမ့်ဆန်မြို့၌ ဆက်လက်ပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း တိုက်ပွဲများဖြစ်ပွားနေ၍ မပြုလုပ်နိုင်ခဲ့ပါကြောင်း။

အဆိုပါအဖွဲ့နှင့် ပြည်နယ်အဆင့် သဘောတူစာချုပ်များ မချုပ်ဆိုနိုင်ခဲ့သော်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ဆွေးနွေးပွဲများတွင် တအာင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော်(TNLA) အဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါကြောင်း။

တစ်ဖက်မှလည်း ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ကို တရုတ်နိုင်ငံ ရွှေလီမြို့သို့ သုံးကြိမ်တိုင်စေလွှတ်ခဲ့ပြီး တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်တော်(TNLA) အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစေခဲ့ပါကြောင်း။

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) သည် NCA စာချုပ် လက်မှတ်ရေးထိုးထား၍ အရပ်သားများနှင့် ဆက်ဆံရာတွင် စာချုပ်ပါ စည်းကမ်းချက်များအား လိုက်နာရန် JMC မှတစ်ဆင့် တိုက်တွန်းဆောင်ရွက်လျက်ရှိပါကြောင်း။

တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) သည် ပြည်နယ်အဆင့် စာချုပ်နှင့် NCA စာချုပ်များကို လက်မှတ်ရေးထိုးထားခြင်းမရှိ၍ အရပ်သားများနှင့် ဆက်ဆံရေးကိစ္စများ၊ တိုက်ပွဲမဖြစ်ပွားစေရေးကိစ္စများတွင် ကြီးကြပ်ဆောင်ရွက်ရန် အခက်အခဲရှိမည်ဖြစ်ပါကြောင်း၊ ပဋိပက္ခများကိုတွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်အတွင်း RCSS နှင့် TNLA အဖွဲ့တို့ တိုက်ပွဲများဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါကြောင်း၊ ထွက်ပြေးတိမ်းရှောင်လာသူများကို ကယ်ဆယ်ရေးစခန်း(၁၇)တွင် ဖြန့်ခွဲထားရှိပါကြောင်း၊ အဆိုပါ စစ်ဘေးရှောင်ပြည်သူများအတွက် ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ အစားအသောက်နှင့်

စာမျက်နှာ ၉ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လွှတ်တော်က အတည်ပြုကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ **နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီနှင့် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ**(၃)ရပ် ဖွဲ့စည်းခြင်း၊ **တိုင်းရင်းသားရေးရာ ကော်မတီ၊ တောင်သူလယ်သမား ရေးရာ ကော်မတီနှင့် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ**(၃)ရပ် ဖွဲ့စည်းရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းနှင့် အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကို လည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးနှင့် အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်းနှင့် အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကို လည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **တိုင်းရင်းသားရေးရာ ကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **တိုင်းရင်းသားရေးရာကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်နှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးခွန်သိန်းဖေတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း လွှတ်တော်သို့ တင်ပြသည်။

ထို့အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **တောင်သူလယ်သမားရေးရာ ကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဘမျိုးသိန်း။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **တောင်သူလယ်သမားရေးရာ ကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းနှင့် အတွင်းရေးမှူး အဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုးဝင်းတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်းက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ**ကို

စာမျက်နှာ ၉ သို့

ဒေါ်အောင်ဆန်းစုကြည် နိုင်ငံ့အကြီးအကဲဖြစ်ဖို့ဆိုတာ ၅၉(စ)တွေ ဘာတွေလည်း ပြင်ဖို့မလိုပါဘူး။ တကယ်တမ်း ကျွန်တော့်ရဲ့ သုံးသပ်ချက် ထောက်ပြရမယ်ဆိုရင်၊ သူ့ရဲ့သားနှစ်ယောက်နဲ့ ချွေးမရှိမယ်ဆိုရင်၊ ချွေးမနှစ်ယောက်၊ လူလေးယောက်ပဲ မြန်မာနိုင်ငံသား ခံယူလိုက်လို့ရှိရင် ဒီပြဿနာတွေအားလုံး ပြေလည်သွားမှာပါ။

ကျောဖုံးမှ

ဒါမြန်မာနိုင်ငံမှာနေဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါကိုကလည်း ကျွန်တော်တို့အနေနဲ့ ဒီအသွင်ကူးပြောင်းရေးကို ချောချောမွေ့မွေ့ ဖြစ်ဖို့အတွက် ဘယ်လောက် အလေးထားတယ်ဆိုတာ ပေါ်လွင်တာပေါ့။"

မေး ။ ။ ဆိုတော့ အသွင်ကူးပြောင်းရေးကို၊ အခုက ရက်ကတော့ သိပ်မလိုတော့ဘူးပေါ့လေ၊ ချောချောမွေ့မွေ့ဖြစ်ဖို့မှာ ဘယ်ကိစ္စတွေက အခရာ၊ ဘယ်ကိစ္စတွေက အဓိကအရေးတကြီး ရှိနေပါသလဲ။

ဝန်ကြီး ဦးရဲထွဋ် ။ ။ "အဓိက တာဝန်လွှဲပြောင်းတဲ့ကိစ္စတွေကတော့ ဘာမှ ပြဿနာမရှိဘူးပေါ့လေ။ သူတို့တာဝန်ယူပြီးရင် သူတို့ဟာသူတို့ ဆက်လုပ်မယ့်အပိုင်းကတော့ သူတို့နဲ့ သူတို့အပိုင်းပေါ့။ ကျွန်တော်တို့ကတော့ လွှဲတဲ့အထိပဲ ဆိုင်တာပေါ့။ ဆိုတော့ အဓိကကတော့ ကျွန်တော်တို့က ဒီတာဝန် လွှဲပြောင်းရေးကို ချောချောမွေ့မွေ့ဖြစ်ဖို့ဆိုတာ နံပါတ်တစ်ကတော့ နိုင်ငံရေး တည်ငြိမ်မှုရှိဖို့ လိုတာပေါ့။ နှစ်ကတော့ ကျွန်တော်တို့ ဒီနိုင်ငံမှာ တည်ငြိမ်အေးချမ်းမှုကို ဆက်ပြီးထိန်းသိမ်းနိုင်ဖို့ လိုတာပေါ့။ ခုနက ပြောသလို၊ ခင်ဗျားပြောတဲ့တိုက်ပွဲတွေဖြစ်တာကအစ၊ နောက်တစ်ခါ လူမျိုးရေး၊ ဘာသာရေးပြဿနာတွေဖြစ်တာ အလယ်ပေါ့၊ နောက်တစ်ခါကျရင်တော့ ခုနကပြောသလို ထိန်းမနိုင်၊ သိမ်းမရ ဖြစ်တာတွေ အဆုံးပေါ့လေ။ ဒီလိုဟာမျိုးတွေ မဖြစ်အောင် ကျွန်တော်တို့ ဆက်ပြီးတော့ ကာကွယ်ဖို့ လိုတာပေါ့။"

မေး ။ ။ ဒါတွေကို ကာကွယ်နိုင်မယ်ဆိုရင်တော့ ချောချောမွေ့မွေ့ လွှဲပြောင်းတဲ့ကိစ္စတွေဖြစ်နိုင်မယ်ပေါ့။ ဒီထိပ်သီးစည်းဝေးမတိုင်ခင်မှာ သမ္မတဦးသိန်းစိန် ဒီကို မတက်ဖို့ဆုံးဖြတ်တာနဲ့ပတ်သက်ပြီးတော့ ဝန်ကြီး ပြောထားတာလည်းရှိပါတယ်။ ဆိုတော့ အခြေအနေတွေက တချို့သတင်းတွေရှိတယ်။ တချို့ကြားတာတွေရှိတယ်၊ မတည်ငြိမ်နိုင်တယ်ဆိုတဲ့ဟာတွေဆိုတော့ အဲဒါကိုများ ဝန်ကြီး နည်းနည်းလေးထပ်ပြီးတော့ ရှင်းအောင်ပြောပြပေးလို့ရမလား။ ဘယ်လောက်အထိ ကျွန်တော်တို့က စိုးရိမ်စရာ အခြေအနေမျိုးမှာ ရှိနေပါသလဲ။

ဝန်ကြီး ဦးရဲထွဋ် ။ ။ "ကျွန်တော်တို့ကတော့ ဒါကြီးက အရမ်းကြီး စိုးရိမ်စရာတော့ မဟုတ်ပါဘူး။ သို့သော် နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ဆိုတာကတော့ ဖြစ်နိုင်စရာရှိတဲ့ အလားအလာတွေအားလုံးကို တွက်ချက်ပြီးတော့ ပြင်ဆင်ရတယ်။ ပြီးရင် လုပ်စရာရှိတဲ့ အလုပ်တွေထဲကနေပြီးတော့ အကျိုး၊ အပြစ်ကို ရွေးတာပေါ့။ အဲဒီလို ရွေးတဲ့အခါမှာတော့ သမ္မတကြီးအနေနဲ့က ကျွန်တော်တို့ရဲ့ ဒီအသွင်ကူးပြောင်းရေးကာလရဲ့ ဒုတိယအဆင့်သွားတော့မယ့် ဒီတာဝန်လွှဲပြောင်းမှုဟာ သမိုင်းဝင်ဖြစ်စဉ်ဖြစ်တယ်။ အဲဒီတော့ ဒီဖြစ်စဉ် မတိုင်ခင်မှာ ကျွန်တော်တို့ ဒီပြင်ဆင်နိုင်တာရှိတာတွေအားလုံးကို ပြင်ဆင်ထားဖို့လိုတယ်။ တကယ်လို့ ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာဆိုသလို ဟုတ်လား၊ အရေးပေါ် အခြေအနေပေါ့ဗျာ၊ အရေးပေါ်အခြေအနေဆိုတာက ခုနကကျွန်တော်ပြောသလိုပဲ သဘာဝဘေးဒဏ်လိုမျိုးကအစ၊ ခုနက လူမျိုးရေး၊ ဘာသာရေး အငြင်းပွားမှုတွေ၊ တိုက်ပွဲတွေဖြစ်တာ အဆုံးပေါ့၊ ဒီလိုကိစ္စတွေကိုများ ဖြစ်ပေါ်လာခဲ့လို့ရှိရင်တော့ အဆုံးအဖြတ်ပေးနိုင်မယ့်လူတစ်ယောက်က ရှိနေဖို့လိုတယ်လို့ သမ္မတကြီးက ယူဆတာပေါ့။ ဒါကြောင့်မို့လို့ ဒီဦးစားပေး အစီအစဉ်အရ ဟို နိုင်ငံမှာနေဖို့ ရွေးချယ်လိုက်တာပေါ့။ ဒါကြီးက ဖြစ်တော့မှာမို့လို့ သူနေတယ်ဆိုတဲ့ သဘောတော့ မဟုတ်ဘူး။ တစ်ဖက်ကကြည့်ရင်တော့လည်း သမ္မတကြီးက ဒီအစည်းအဝေးကို သူကိုယ်တိုင်လည်းတက်ချင်ပါတယ်။ သူ့ရဲ့မိတ်ဆွေတွေ၊ နောက် အိုဘားမားတို့ကိုလည်း သူနှုတ်ဆက်ချင်တာတွေ၊ နောက် မြန်မာနိုင်ငံကို ဆက်ထောက်ခံဖို့ ပြောချင်တာတွေရှိတယ်။ သို့သော် ဒီဦးစားပေး နှစ်ခုကို ရွေးတဲ့အခါမှာတော့ ဒီတာဝန်လွှဲပြောင်းရေး ချောချောမွေ့မွေ့ဖြစ်ဖို့ ဆိုတဲ့ဟာကို ဦးစားပေးလိုက်တဲ့ သဘောပါပဲ။"

မေး ။ ။ ဆိုတော့ ပထမတော့တက်ဖို့လို့ ကျွန်တော်တို့ကြားထားပြီးတော့မှ နောက်ပိုင်းကျတော့မှ ဆုံးဖြတ်လိုက်တာပေါ့နော်။

ဝန်ကြီး ဦးရဲထွဋ် ။ ။ "ဟုတ်ပါတယ်ခင်ဗျ။ ပထမတော့ သူတက်ဖို့ လုပ်ထားပါတယ်။ ဒါပေမယ့် ခုနကပြောသလိုပဲ ကျွန်တော်တို့တွေလည်း သတင်းတွေ ရနေတာတွေရှိတယ်။ ပြင်ဆင်နေတာတွေရှိတယ်။ ဒါတွေအားလုံးကို ချိန်ပြီးတော့မှ နောက်ဆုံးအခြေအနေရောက်တော့မှ ကပ်ပြီးတော့ ဆုံးဖြတ်လိုက်တာပေါ့။"

မေး ။ ။ ဒီရက်ပိုင်း ပြည်တွင်းကနေပြီးတော့ တက်တဲ့သတင်းတွေမှာ ဒီအလွှဲအပြောင်းကိစ္စပြောဆို၊ ဆွေးနွေး၊ ညှိနှိုင်းကြတာတွေပေါ့လေ၊ အဓိကတပ်မတော်ပိုင်းနဲ့ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပိုင်းထဲမှာ အဖုအထစ်လေးတွေရှိနေတယ်ဆိုပြီးတော့ ကျွန်တော်တို့ ကြားထားတာတွေရှိပါတယ်။ အဲဒါတွေက ဘယ်လောက်မှန်ပါသလဲ။

ဝန်ကြီး ဦးရဲထွဋ် ။ ။ "မဟုတ်ဘူးဗျ၊ သူတို့ နှစ်ဖွဲ့ ဆွေးနွေးနေကြတယ်ဆိုတာက တာဝန်လွှဲပြောင်းရေးနဲ့ မဆိုင်ဘူးလေ။ အမျိုးသားဒီမိုကရေစီအစိုးရက သူတာဝန်ယူပြီးတဲ့အချိန်မှာ သူဆက်လုပ်ချင်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီးတော့ ဒါ ဆွေးနွေးတယ်လို့ပဲ ကျွန်တော်တို့နားလည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တပ်မတော်က လွှတ်တော်ထဲမှာ ၂၅ရာခိုင်နှုန်းပါဝင်နေတဲ့အတွက်ကြောင့်မို့လို့ သူ့ကို ပါတီတစ်ခုအနေနဲ့ စဉ်းစားလိုက်မယ်ဆိုရင် ဒုတိယအင်အားအကြီးဆုံး ပါတီတစ်ခုလို့ ခင်ဗျားမြင်လို့ရတာပေါ့။ အဲဒီတော့ ဒီနိုင်ငံရေးအင်အားစု နှစ်ခုကြားမှာ ရှေ့လုပ်ငန်းစဉ်ဆွေးနွေးခြင်းဟာ ကျွန်တော်တို့ တာဝန်လွှဲပြောင်းခြင်းနဲ့တော့ ဘာမှမဆိုင်ပါဘူး။ တာဝန် လွှဲပြောင်းမှုကတော့ တပ်မတော်ကလည်း ပြောထားပြီးသား။ ရွေးကောက်ပွဲရလဒ်ကို လေးစားမယ်၊ ဒီတာဝန် လွှဲပြောင်းတဲ့အခါမှာ သူလည်းအပြည့်အဝ ပူးပေါင်းဆောင်ရွက်မယ်လို့ ပြောထားပြီးသားပဲ။"

မေး ။ ။ နောက်သတင်းတစ်ခုကတော့ တပ်မတော်ဘက်ကနေပြီးတော့ ပြည်နယ်/တိုင်း ဝန်ကြီးချုပ်နေရာ (၄) နေရာ ပေးဖို့ဆိုပြီးတော့ ညှိတယ်၊ နှိုင်းတယ်၊ ပြောတယ်ဆိုတာတွေ ကျွန်တော်တို့ ကြားထားတာတွေ ရှိပါတယ်။ အဲဒါတွေကရော ဘယ်လောက်မှန်ပါသလဲ။

ဝန်ကြီး ဦးရဲထွဋ် ။ ။ ဒါတွေကတော့ ကျွန်တော်ထင်တယ်ဗျ၊ သက်ဆိုင်ရာကာယကံရှင်တွေက ပြောတာ မဟုတ်ဘူးပေါ့လေ။ ဘေးကလူတွေက မှန်းဆပြီးတော့ ပြောတဲ့စကားတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါဟာမှန်တယ်၊ မှားတယ်ဆိုတာ ကျွန်တော်တို့လည်း ဆုံးဖြတ်ဖို့တော့ ခက်တာပေါ့။

မေး ။ ။ နောက်တစ်ခုကတော့ လူပြော သူပြောများနေတဲ့ ဖွဲ့စည်းပုံပြင်ရေး၊ ၅၉(စ) စသည်အားဖြင့်ပေါ့လေ၊ ဝန်ကြီးကိုယ်တိုင်လည်း ပြောထားတာရှိပါတယ်။ ၅၉(စ) ပြင်ဖို့ကိစ္စနဲ့ပတ်သက်ပြီး ဝန်ကြီးသဘောမတူဘူးဆိုတဲ့ပုံမျိုး ဝန်ကြီးပြောထားတာရှိပါတယ်။ အဲဒီတော့ ဝန်ကြီးက သမ္မတရဲ့ ပြောခွင့်ရပုဂ္ဂိုလ်လည်းဖြစ်တဲ့အခါကျတော့ ဒါက သမ္မတဦးသိန်းစိန်ရဲ့ သဘောထားလို့ရော နားလည်လို့ ရပါသလားခင်ဗျ။

ဝန်ကြီး ဦးရဲထွဋ် ။ ။ မဟုတ်ဘူး၊ ကျွန်တော်တို့က ၅၉(စ) ကို ပြင်ခြင်း၊ မပြင် ခြင်းကို ကျွန်တော်တို့က ပြောတာမဟုတ်ဘူး။ ဘယ်ဟာကိုပဲပြင်ပြင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပြဋ္ဌာန်းထားတဲ့ ပြင်ဆင်ရမယ့် လုပ်ထုံးလုပ်နည်းအတိုင်းလုပ်ဖို့ကို ကျွန်တော်တို့ကပြောတာ။ ခင်ဗျားပြောတဲ့ ကျွန်တော်တို့ သဘောမတူဘူးဆိုတာက ၅၉(စ) ကို ဆိုင်းငံ့မယ်ဆိုတဲ့ကိစ္စကို ကျွန်တော်တို့ကသဘောမတူဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းထဲမှာ ဆိုင်းငံ့တယ်ဆိုတာ မပါဘူး။ တစ်ခါ ဟုတ်လား၊ ဦးကိုနီတို့ ဘာတို့ကလည်း ပြောနေတာတွေရှိတယ်။ ၁၉၅၉ ခုနှစ်တုန်းက ဗိုလ်ချုပ်ကြီး နေဝင်း ဆက်တာဝန်ယူဖို့အတွက်လုပ်ခဲ့တယ်၊ ဆိုင်းငံ့ခဲ့တယ်ဆိုတာလည်း အဲဒါလည်း လုံးဝမှားတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ အဲဒီတုန်းက သမိုင်းအဆိုတွေကို ပြန်ကြည့်မယ်ဆိုရင် လွှတ်တော်ရဲ့ပြင်ဆင်ချက်မှာ တစ်ခါမှ ဆိုင်းငံ့တယ်ဆိုတာ မပါဘူး။ ပြင်ဆင်တယ်။ ဘာပဲပါသလဲဆိုတော့ ဒီ ပြင်ဆင်တဲ့ဟာကို အချိန်ကာလ သတ်မှတ်ချက် ထည့်လိုက်တယ်။ နောက်ထပ် ရွေးကောက်ပွဲကနေပြီးတော့မှ ပေါ်ပေါက်လာတဲ့ ဝန်ကြီးချုပ်က တာဝန်မယူခင်အထိ ဒီလိုပြင်မယ်လို့ပြောတာ။ ဆိုင်းငံ့တယ်ဆိုတဲ့စကား မပါဘူး။ အဲဒီပြင်ဆင်ချက်ကို အဆိုတင်သွင်းခဲ့တုန်းက တင်ခဲ့တဲ့လူကလည်း ဦးကျော်ငြိမ်း။ ဦးကျော်ငြိမ်းရဲ့ အဲဒီတုန်းက တင်သွင်းတဲ့ မိန့်ခွန်းကို ခင်ဗျားတို့ ဖတ်ကြည့်မယ်ဆိုရင် ဆိုင်းငံ့တယ်ဆိုတဲ့စကား မသုံးပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဆိုင်းငံ့တယ်ဆိုတာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ မပါတဲ့အတွက်ကြောင့်မို့လို့ သူက ဆိုင်းငံ့တယ်လို့ မသုံးဘူး။ ဒါကို ပြင်ဆင်ချက် ဥပဒေကြမ်းလို့ပဲ သုံးပါတယ်ဆိုပြီး သူကိုယ်တိုင်ကကို ရှင်းပြထားတာရှိတယ်။ ဒါကြောင့်မို့လို့ ပြန်ချုပ်ပြောရရင်တော့ ပြင်ခြင်း၊ မပြင်ခြင်းကို ကျွန်တော်တို့ ဘာမှမပြောဘူး။ ဒါက လွှတ်တော်နဲ့ ပြည်သူတွေရဲ့ အဆုံးအဖြတ်ပဲ။ သို့သော် ပြင်ပြီဆိုလို့ရှိရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲက အတိုင်း ပြင်တာကိုပဲ ကျွန်တော်တို့က လိုလားတယ်။ မဟုတ်ဘဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ တားမထားလို့ လုပ်လို့ရတယ်ဆိုတဲ့ လိုရာဆွဲတွေးတာမျိုးဟာ နိုင်ငံရဲ့အနာဂတ်အတွက် အန္တရာယ်ကြီးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ဆန့်ကျင်တယ်လို့ ပြောတာ။

မေး ။ ။ ဟုတ်ကဲ့။ ဖွဲ့စည်းပုံ ပြင်ရေးဆိုလို့ ဝန်ကြီး၊ ဖွဲ့စည်းပုံ ဒီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ကမ္ဘာပေါ်မှာ အပြင်ရအခက်ဆုံး အခြေခံဥပဒေဖြစ်တယ်ဆိုပြီးတော့ ဒီအခြေခံဥပဒေရေးရာကျွမ်းကျင်တဲ့ ပညာရှင်တွေက ထောက်ပြထားတာတွေရှိပါတယ်။ ဆိုတော့ ပြင်ရေးအလားအလာကရော ဝန်ကြီး၊ ဘယ်လောက်များ အလားအလာ ကောင်းနိုင်ပါမလဲ။

ဝန်ကြီး ဦးရဲထွဋ် ။ ။ အခက်ဆုံးလို့တော့ ပြောလို့မရဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ခင်ဗျား အမေရိကန်မှာရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်တဲ့ နည်းလမ်းကလည်း ခက်တာပဲလေ။ ပြည်နယ်တွေ၊ ပြည်နယ်လွှတ်တော်တွေမှာ မဲလိုက်ခဲ့ပြီးတော့မှ ပြည်နယ်အားလုံးရဲ့ သုံးပုံ၊ နှစ်ပုံက သဘောတူမှ ပြင်လို့ရတာ။ အဲဒီတော့ အခက်ဆုံးလို့တော့ ပြောလို့မရဘူးပေါ့နော်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကျွန်တော်တို့ ၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သင်ခန်းစာအပေါ်မှာ မူတည်ပြီးတော့မှ လွှတ်တော်ထဲမှာ အများစုရတဲ့ ပါတီတစ်ခုတည်းရဲ့ သဘောနဲ့ ပြင်လို့မရအောင် လုပ်ထားတာပေါ့။ အဲဒီတော့ ပြင်ချင်တယ်ဆိုရင်တော့ နိုင်ငံရေးမှာ ပါဝင်ပတ်သက်တဲ့သူတွေ အားလုံးကြားမှာ သဘောတူညီချက် တစ်ခုရအောင်လုပ်ရမှာပေါ့လေ။ တကယ်တော့ ဒါကလည်း နိုင်ငံရေးရဲ့ အနှစ်သာရပဲလေ။

မေး ။ ။ ဝန်ကြီး ဟိုတစ်လောလေးကတင် ပြောပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ ဒီ NLD အနေနဲ့ပေါ့နော်၊ တပ်မတော်အပေါ်သဘောထား၊ တပ်မတော်နဲ့ ဆက်ဆံရေးကောင်းအောင်လုပ်ဖို့လိုတယ် ဆိုတဲ့သဘောမျိုး ကျွန်တော်အဲဒီလို နားလည်ပါတယ်။ ဆိုတော့ တပ်မတော်နဲ့ NLD အကြား ဆက်ဆံရေးဟာ အခုလက်ရှိ ဒီကနေ့ဖြစ်နေတဲ့ အခင်းအကျင်းတွေ အရပေါ့လေ ဆက်ဆံရေးကောင်း၊ တိုင်းပြည်အနာဂတ်အတွက် စိတ်ချရတဲ့ အလားအလာကောင်းလို့ ကျွန်တော်တို့ ပြောနိုင်ပါပြီလားခင်ဗျ။

ဝန်ကြီး ဦးရဲထွဋ် ။ ။ ဒါပေမယ့် အဲဒါကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ်မှာပဲမူတည်တာပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တပ်မတော်ကို ပြုပြင်ပြောင်းလဲရေးရဲ့ လက်တွဲဖော်အနေနဲ့ မြင်လို့ရှိရင်၊ လုပ်ဖော်ကိုင်ဖက်အနေနဲ့ မြင်လို့ရှိရင် ညှိရ၊ နှိုင်းရတာ လွယ်မှာပေါ့။ လုပ်ဖော်ကိုင်ဖက်အနေနဲ့ မမြင်ဘဲနဲ့ အတားအဆီးတစ်ခုအနေနဲ့မြင်ပြီးတော့မှ ဖယ်ထုတ်ဖို့ကြိုးစားမယ်ဆိုရင်တော့ ညှိနှိုင်းရတာ ခက်မှာပေါ့။ ကျွန်တော်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်ရှိအခြေအနေမှာတော့ တပ်မတော်ကို နိုင်ငံရေးအင်အားစုတစ်ခုအနေနဲ့ မြင်ပြီးတော့မှ ညှိနှိုင်းဆွေးနွေးခြင်းကပဲ အဖြေမှန်၊ ရလဒ်ကောင်းရမယ်လို့ ကျွန်တော်မြင်တယ်။

မေး ။ ။ တပ်မတော်ဘက်ကရော သိပ်သဘောထားတင်းမာတဲ့ အလားအလာမျိုးတွေများ ရှိပါသလား။

ဝန်ကြီး ဦးရဲထွဋ် ။ ။ တပ်မတော်ကတော့ဗျာ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ပြောခဲ့တာတွေလည်း အများကြီးရှိပါတယ်။ သူက ကျွန်တော်တို့ ဒီ သမ္မတကြီး ဦးသိန်းစိန်အစိုးရ လက်ထက်မှာရော၊ နောင်မှာရော သူဟာ ဖွဲ့စည်းပုံအခြေခံဥပဒေက သူ့ကိုပေးထားတဲ့ အခန်းကဏ္ဍအတိုင်းပဲ သူနေမှာပဲ။ အဲဒီထက်လည်း ပိုလုပ်မှာမဟုတ်ဘူး။ အဲဒီထက်လည်း လျော့ပြီးတော့ လုပ်မှာမဟုတ်ဘူး။ အဲဒီတော့ တပ်မတော်ရဲ့ ရပ်တည်ချက်ကတော့ ကျွန်တော်တို့ ရှင်းတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လုပ်နေသရွေ့ကာလပတ်လုံးမှာ တပ်မတော်အနေနဲ့ ဒီကိစ္စတွေမှာ သူက ပူးပေါင်းဆောင်ရွက်ပေးနေမှာပဲ။

မေး ။ ။ "ကျွန်တော် နောက်တစ်ခု ပွင့်ပွင့်လင်းလင်းတစ်ခု မေးချင်ပါတယ်။ ရွေးကောက်ပွဲကျင်းပတယ်။ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မျှော်လင့်မထားလောက်အောင်ပဲ ရာခိုင်နှုန်းအတော်များများနဲ့ အနိုင်ရတယ်။ ဆိုတော့ မဲဆန္ဒရှင်တွေရဲ့ သဘောထားက ထင်ရှားတယ်လို့ အများစုက သုံးသပ်ကြပါတယ်။ ဆိုတော့ ကျွန်တော် ဝန်ကြီးကို ဝန်ကြီးရဲ့ သဘောထားရော၊ အစိုးရအဖွဲ့ရဲ့ သဘောထားရော ခွဲပြီးမေးချင်တာက မဲဆန္ဒရှင်အများစုက ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံ့ခေါင်းဆောင်ဖြစ်စေချင်ပါတယ်။ အခုလက်ရှိအလားအလာက ဒေါ်အောင်ဆန်းစုကြည် နိုင်ငံ့ခေါင်းဆောင်ဖြစ်ဖို့ အလားအလာ၊ လူထုမဲဆန္ဒရှင်တွေ ဘယ်လောက်အထိ မျှော်လင့်လို့ရပါသလဲခင်ဗျ။

ဝန်ကြီး ဦးရဲထွဋ် ။ ။ တကယ်တော့ဗျာ၊ဟုတ်လား၊ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံ့အကြီးအကဲဖြစ်ဖို့ဆိုတာ ၅၉(စ) တွေ ဘာတွေလည်း ပြင်ဖို့မလိုပါဘူး။ တကယ်တမ်း ကျွန်တော့်ရဲ့ သုံးသပ်ချက် ထောက်ပြရမယ်ဆိုရင်၊ သူ့ရဲ့သား နှစ်ယောက်နဲ့ ချွေးမရှိမယ်ဆိုရင်၊ ချွေးမနှစ်ယောက်၊ လူလေးယောက်ပဲ မြန်မာနိုင်ငံသား ခံယူလိုက်လို့ရှိရင် ဒီပြဿနာတွေအားလုံး ပြေလည်သွားမှာပါ။ ဘာမှ ကျွန်တော်တို့ ဒါကြီးကို ၅၉(စ)တွေ ဘာတွေလည်း ပြင်ဖို့ မလိုပါဘူး။ အဲဒီတော့ လူလေးယောက်ရဲ့ အဆုံးအဖြတ်နဲ့ လုပ်တာကတော့ ပိုပြီးတော့ကောင်းတာပေါ့ဗျာ။ ဒါကြီးကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ရေးလို့ ပြောဖို့တောင် မလိုပါဘူး။ တကယ်တမ်း သူ့သားသမီးတွေအနေနဲ့ သူတို့ရဲ့မိခင်သမ္မတဖြစ်တာ လိုချင်လို့ရှိရင် ၁၉၈၂ ခုနှစ် ဥပဒေအရ မြန်မာနိုင်ငံသား လျှောက်ထားလိုက်ရုံပါပဲ။

မေး ။ ။ ဒါပေမယ့်လည်းဝန်ကြီး အရွယ်ရောက်ပြီးသား လူတွေအနေနဲ့ ကလေးတွေလည်း မဟုတ်တဲ့အခါကျတော့ ဒီလိုမျိုး သူတို့ရဲ့ကိုယ်ပိုင် ဘဝပေါ့လေ၊ ကိုယ်ပိုင်ဘဝကို စွန့်လွှတ်ပြီးတော့ ပေးဆပ်ရမယ်ဆိုတာကရော မျှတတယ်လို့ ပြောလို့ရပါ့မလား။

ဝန်ကြီး ဦးရဲထွဋ် ။ ။ သူတို့ရဲ့မိခင် ဒေါ်အောင်ဆန်းစုကြည်က နှစ်ပေါင်း ၂၀ ကျော် စွန့်လွှတ်ခဲ့ပြီးပြီ။ သူ့အမေ အုပ်ချုပ်တဲ့နိုင်ငံမှာ သူမနေချင်ဘူးဆိုရင်တော့၊ နိုင်ငံသားမခံယူဘူးဆိုရင် ဒါက သူတို့ရဲ့ မိသားစုပြဿနာပဲ။ ဒါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဿနာမဟုတ်ဘူး။

မေး ။ ။ ဝန်ကြီးကိုယ်တိုင်အနေနဲ့ရော ဒေါ်အောင်ဆန်းစုကြည် အပေါ်မှာ ပုဂ္ဂိုလ်ရေးအမြင် ဘယ်လိုရှိပါသလဲခင်ဗျ။

ဝန်ကြီး ဦးရဲထွဋ် ။ ။ ကျွန်တော် ပုဂ္ဂိုလ်ရေးအရ ဒေါ်အောင်ဆန်းစုကြည်ဟာ ခင်မင်စရာကောင်းတယ်။ လေးစားစရာကောင်းတယ်။ သူ့ရဲ့ စိတ်ဓာတ်ခိုင်မာမှုပေါ့နော်၊ ဒါတွေလည်း ကျွန်တော်တို့ လေးစားပါတယ်။ အဲ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအပါအဝင် တချို့ကိစ္စတွေမှာတော့ အစ်မကြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော့် သဘောထားမတူတာတွေ ရှိပါတယ်။ ဒါက တကယ်ကျတော့လည်း ဒီမိုကရေစီမှာတော့ ဒီလိုပဲဖြစ်မှာပေါ့လေ။

မေး ။ ။ နောက်အစိုးရအတွက် ဝန်ကြီးအနေနဲ့ အပေးချင်ဆုံး အကြံဉာဏ်ပေါ့လေ၊ တစ်ခု၊ နှစ်ခု၊ သုံးခုရှိတယ်ဆိုရင် နည်းနည်း ပြောပြပါလား ဝန်ကြီး။

ဝန်ကြီး ဦးရဲထွဋ် ။ ။ အခုကတော့ဗျာ၊ ဘာပဲပြောပြော ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပြည်သူလူထုရဲ့ Mandate ကို သူတို့ ရထားပြီပေါ့လေ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အဲဒီတော့ အဲဒီ Mandate ကို အသုံးပြုတဲ့အခါမှာတော့ ကိုယ်ဖြစ်ချင်တာရယ်၊ ဖြစ်နိုင်တာရယ်၊ နောက်တစ်ခါ ကျွန်တော်တို့နိုင်ငံရဲ့ ထူးခြားတဲ့အခြေအနေတွေရယ်၊ ဒါတွေကို ထည့်သွင်းစဉ်းစားပြီးတော့ လုပ်ဖို့အကြံပြုချင်တာပေါ့။ တကယ်တော့လည်း ဒေါ်အောင်ဆန်းစုကြည် အခုချိန်ထိ ကိုင်တွယ်ဆောင်ရွက်နေတာတွေကတော့ အဲဒီလိုမျိုး ထည့်သွင်းစဉ်းစားပြီး လုပ်နေတယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။

မေး ။ ။ NLD ဦးဆောင်တဲ့ အစိုးရဟာ မြန်မာနိုင်ငံကို အခုဝန်ကြီးတို့အစိုးရချခဲ့တဲ့ အခြေခံအပေါ်မှာ အခိုင်အမာရပ်တည်ပြီးတော့ ဒီထက် ပိုပြီးတော့ တိုးတက်သွားအောင်၊ ရှေ့ရောက်သွားအောင် ဒေသတွင်းမှာ၊ နိုင်ငံတကာမှာ၊ ပြောရရင်တော့ နိမ့်ပါးခဲ့တဲ့ နိုင်ငံအနေနဲ့ နောင်ငါးနှစ်ကြာတဲ့အခါမှာ ဒီထက်ပိုပြီးတော့ ရှေ့ရောက်သွားအောင် လုပ်နိုင်မယ်လို့ ဝန်ကြီးကိုယ်တိုင် အခိုင်အမာ ယုံကြည်ပါသလားခင်ဗျ။

ဝန်ကြီး ဦးရဲထွဋ် ။ ။ ကျွန်တော့်အမြင်အရပေါ့ဗျာနော်၊ ဘယ်အစိုးရမဆို တာဝန်ယူပြီဆိုရင်တော့ နိုင်ငံနဲ့လူမျိုးအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ကြမှာပဲပေါ့။ ကျွန်တော်တို့ အစိုးရကတော့ စနစ်ဟောင်းကနေ စနစ်သစ်ကို လုပ်ကြတဲ့အခါမှာ ကျွန်တော်တို့က အခြေခံကိုပဲ ပြုပြင်ပြောင်းလဲပေးနိုင်တာပေါ့။ အဲဒီတော့ လက်ရှိကတော့ အခြေအနေကောင်းလည်းရနေပြီ။ နောက်တစ်ခါ နိုင်ငံတကာကလည်း ကူညီမယ့်သူတွေရှိနေပြီ။ ပြည်တွင်းမှာလည်း ပြည်သူလူထုရဲ့ ထောက်ခံအားပေးမှုတွေ ရနေပြီဆိုတော့ ဒီအခြေအနေကိုသာ မှန်မှန်ကန်ကန် ကိုင်တွယ်အသုံးချနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံဟာ နောက်ငါးနှစ်မှာ ပိုပြီးတော့မှ တည်ငြိမ်အေးချမ်းတဲ့၊ ပိုပြီးတော့မှ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ်ရောက်မယ်လို့ ကျွန်တော်တော့ ယုံကြည်ပါတယ်။

ပြည်သူ့လွှတ်တော်မှ

သန့်ရှင်းသည့် သောက်သုံးရေရရှိရေး စသည့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ကော်မတီများနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ဘေးရှောင် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများကိုလည်း ကျောက်မဲမြို့နယ် သီဟိုဠ်ဘုန်းတော်ကြီးကျောင်း၌ အတန်းပညာရပ်များ ဆက်လက် သင်ကြားလျက်ရှိပါကြောင်း ဆွေးနွေးသည်။

ယင်း အရေးကြီးအဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် တင်ပြခဲ့သည့် နိုင်ငံတကာဆက်ဆံရေး ကော်မတီတွင် အဖွဲ့ဝင်အဖြစ် လျာထားသည့် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ နေရာတွင် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်းအား အစားထိုး ဖွဲ့စည်းမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဆက်လက်၍ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌအဖြစ် သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်၊ အတွင်းရေးမှူးအဖြစ် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းကြောင်းနှင့် ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အလားတူ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ အတွင်းရေးမှူးအဖြစ် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းကြောင်းနှင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့အတူ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီတွင် ပင်လောင်းမဲဆန္ဒနယ်မှ ဥက္ကဋ္ဌအဖြစ် ဦးခွန်မောင်သောင်း၊ အတွင်းရေးမှူးအဖြစ် မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံး ခါးနော်ဆမ်တို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းကြောင်းနှင့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့ကို နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမမြောက်နေ့ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အဖွဲ့ဝင်များစာရင်း (၁၇-၂-၂၀၁၆)

စဉ်	မဲဆန္ဒနယ်	အမည်	တာဝန်
၁။	သုံးခွမဲဆန္ဒနယ်	ဒေါ်စုစုလွင်	ဥက္ကဋ္ဌ
၂။	ကလောမဲဆန္ဒနယ်	ဒေါ်ပြုံးကေသီနိုင်	အဖွဲ့ဝင်
၃။	ပန်းတောင်းမဲဆန္ဒနယ်	ဒေါ်ခင်နှင်းသစ်	॥
၄။	ကောလင်းမဲဆန္ဒနယ်	ဦးမျိုးဇော်အောင်	॥
၅။	နွားထိုးကြီးမဲဆန္ဒနယ်	ဦးနိုင်ထူးအောင်	॥
၆။	ရွှေကူမဲဆန္ဒနယ်	ဦးဇာနည်မင်း	॥
၇။	စလင်းမဲဆန္ဒနယ်	ဦးကံဦး	॥
၈။	ဝါးခယ်မမဲဆန္ဒနယ်	ဦးဇော်သိန်း	॥
၉။	မိုင်းကိုင်မဲဆန္ဒနယ်	ဦးစိုင်းဆိုင်မိုင်း	॥
၁၀။	ကျောက်တော်မဲဆန္ဒနယ်	ဦးဦးထွန်းဝင်း	॥
၁၁။	ပေါင်မဲဆန္ဒနယ်	ဒေါ်မိကွန်ချမ်း	॥
၁၂။	မန်တုံမဲဆန္ဒနယ်	ဒေါ်နန်းမိုး	॥
၁၃။	မောက်မယ်မဲဆန္ဒနယ်	ဦးစိုင်းငေါင်းဆိုင်ဟိန်း	॥
၁၄။	တပ်မတော်သား ကိုယ်စားလှယ်	ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး	॥
၁၅။	စမ်းချောင်းမဲဆန္ဒနယ်	ဦးဘိုဘိုဦး	အတွင်းရေးမှူး

ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များစာရင်း

စဉ်	မဲဆန္ဒနယ်	အမည်	တာဝန်
၁။	မအူပင်မဲဆန္ဒနယ်	ဦးစိန်ဝင်း	ဥက္ကဋ္ဌ
၂။	ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်	ဦးစောတင်ဝင်း	အဖွဲ့ဝင်
၃။	မြောင်းမြမဲဆန္ဒနယ်	ဒေါက်တာစိုးမိုးသူ	॥
၄။	ဝိုင်းမော်မဲဆန္ဒနယ်	ဦးလဂန်ဇယ်ဂျုံး	॥
၅။	တိုက်ကြီးမဲဆန္ဒနယ်	ဦးကျော်မြင့်	॥
၆။	မိုးညိုမဲဆန္ဒနယ်	ဦးကျော်မျိုးမင်း	॥
၇။	ထီးလင်းမဲဆန္ဒနယ်	ဦးမြတ်လေးဦး	॥
၈။	ကနီမဲဆန္ဒနယ်	ဦးထွန်းထွန်းနိုင်	॥
၉။	မတ္တရာမဲဆန္ဒနယ်	ဦးဇော်မင်းလွင်	॥
၁၀။	မဘိမ်းမဲဆန္ဒနယ်	ဦးအောင်မြင့်ရှိန်	॥
၁၁။	လင်းခေးမဲဆန္ဒနယ်	ဦးစိုင်းဘသိန်း	॥
၁၂။	တောင်ကုတ်မဲဆန္ဒနယ်	ဒေါ်နီနီမေမြင့်	॥
၁၃။	မြေပုံမဲဆန္ဒနယ်	ဦးဖေသန်း	॥
၁၄။	တပ်မတော်သား ကိုယ်စားလှယ်	ဗိုလ်မှူးကြီးအောင်သီဟ	॥
၁၅။	ကျောင်းကုန်းမဲဆန္ဒနယ်	ဦးသိန်းထွန်း	အတွင်းရေးမှူး

ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အဖွဲ့ဝင်များစာရင်း

စဉ်	မဲဆန္ဒနယ်	အမည်	တာဝန်
၁။	ပင်လောင်းမဲဆန္ဒနယ်	ဦးခွန်မောင်သောင်း	ဥက္ကဋ္ဌ
၂။	ချမ်းမြသာစည်မဲဆန္ဒနယ်	ဒေါက်တာစိုင်းလှသိန်း	အဖွဲ့ဝင်
၃။	ဖရူဆိုမဲဆန္ဒနယ်	ဦးပွဲဒူ	॥
၄။	ကော့ကရိတ်မဲဆန္ဒနယ်	ဦးစိုးငွေ	॥
၅။	ပလက်ဝမဲဆန္ဒနယ်	ဦးစိန်အောင်	॥
၆။	ကန့်ဘလူမဲဆန္ဒနယ်	ဒေါက်တာလှိုင်မြင့်ဟန်	॥
၇။	ဟိုပန်မဲဆန္ဒနယ်	ဦးကျင်ဝမ်း	॥
၈။	ရွှေတောင်မဲဆန္ဒနယ်	ဒေါ်မြခွာညိုဦး	॥
၉။	နမ့်ခမ်းမဲဆန္ဒနယ်	ဦးထွန်းကျော်	॥
၁၀။	အင်ဂျန်းယန်မဲဆန္ဒနယ်	ဦးလမာနော်အောင်	॥
၁၁။	ဖာပွန်မဲဆန္ဒနယ်	ဦးထွန်းမြအောင်(ခ) ဦးစောထွန်းမြအောင်	॥
၁၂။	မောင်တောမဲဆန္ဒနယ်	ဦးလှထွန်းကျော်	॥
၁၃။	နမ္မတူမဲဆန္ဒနယ်	ဒေါ်နန်းခမ်းအေး	॥
၁၄။	တပ်မတော်သား ကိုယ်စားလှယ်	ဗိုလ်ချုပ်သန်းထွတ်သိန်း	॥
၁၅။	မြစ်ကြီးနားမဲဆန္ဒနယ်	ဦးအင်ထုံးခါးနော်ဆမ်	အတွင်းရေးမှူး

အမျိုးသားလွှတ်တော်မှ

ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်းနှင့် အတွင်း ရေးမှူးအဖြစ် ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုးတို့အပါအဝင် အဖွဲ့ ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက် သွားရန် လျာထားကြောင်း လွှတ်တော်သို့ တင်ပြသည်။ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော်ပထမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရပ်နားခဲ့ပြီး အစည်းအဝေးသတ္တမ နေ့ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပရန် လျာထား ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း (၁၇-၂-၂၀၁၆)

စဉ်	မဲဆန္ဒနယ်	အမည်	တာဝန်
၁။	ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)	ဦးဇုန်လှယ်ထန်း	ဥက္ကဋ္ဌ
၂။	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)	ဦးဂျေယောဝူ	အဖွဲ့ဝင်
၃။	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)	ဦးခွန်သိန်းဖေ	॥
၄။	စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)	ဦးမောင်မောင်လတ်	॥
၅။	ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)	ဒေါ်နန်းမိုးမိုးထွေး	॥
၆။	တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)	ဦးဇော်ဟိန်း	॥
၇။	ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)	ဒေါက်တာဝင်းမြင့်	॥
၈။	မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)	ဦးချစ်ထွေး	॥
၉။	ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)	ဦးရဲမြင့်စိုး	॥
၁၀။	ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)	ဦးစခင်ဇော်လင်း	॥
၁၁။	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)	ဦးစိုင်းအုန်းကျော်	॥
၁၂။	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)	ဦးနိုင်ကိုကို	॥
၁၃။	မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)	ဦးဖေတင်	॥
၁၄။	တပ်မတော်သား ကိုယ်စားလှယ်	ဗိုလ်မှူးဇဝန	॥
၁၅။	ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)	ဒေါ်ထုမေ	အတွင်းရေးမှူး

အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ အဖွဲ့ဝင်များစာရင်း

စဉ်	မဲဆန္ဒနယ်	အမည်	တာဝန်
၁။	ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)	ဦးမင်းဦး	ဥက္ကဋ္ဌ
၂။	ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)	ဦးရှေးရယ်ရှုမောင်	အဖွဲ့ဝင်
၃။	ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)	ဒေါ်နော်ဆာမူထူး	॥
၄။	မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)	ဦးတင်အောင်ထွန်း	॥
၅။	မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)	ဒေါ်မြတ်သီတာထွန်း	॥
၆။	စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)	ဦးတင်မောင်ဝင်း	॥
၇။	တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)	ဦးစိုးသိန်း(ခ)ဦးမောင်စိုး	॥
၈။	မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)	ဦးမျိုးဝင်း	॥
၉။	စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)	ဦးညီညီထွေး(ခ) ဦးကိုကိုလေး	॥
၁၀။	ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)	ဦးခင်မောင်လတ်	॥
၁၁။	ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)	ဒေါ်ရွှေရွှေစိန်လတ်	॥
၁၂။	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)	ဦးစိုင်းဝမ်းလှိုင်းခမ်း	॥
၁၃။	မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)	ဦးစိုးအောင်	॥
၁၄။	တပ်မတော်သား ကိုယ်စားလှယ်	ဒုတိယဗိုလ်မှူးကြီး ကျော်စံဦး	॥
၁၅။	ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)	ဒေါက်တာပြည့်ဖြိုး	အတွင်းရေးမှူး

အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ အဖွဲ့ဝင်များစာရင်း

စဉ်	မဲဆန္ဒနယ်	အမည်	တာဝန်
၁။	မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)	ဒေါက်တာသန်းဝင်း	ဥက္ကဋ္ဌ
၂။	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)	ဦးဝင်းဇော်	အဖွဲ့ဝင်
၃။	ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)	ဒေါ်လွီးဇာ	॥
၄။	ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)	ဦးငွေ့တင်း	॥
၅။	စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)	ဦးလှဦး	॥
၆။	တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)	ဒေါက်တာ လင်းဝေဖြိုးလတ်	॥
၇။	ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)	ဒေါက်တာ စန်းမောင်မောင်	॥
၈။	မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)	ဒေါက်တာကျော်ငွေ	॥
၉။	မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)	ဒေါက်တာ ကျော်သန်းထွန်း	॥
၁၀။	ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)	ဦးမြင့်နိုင်	॥
၁၁။	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)	ဦးစိုင်းဝမ်းလှိုင်းခမ်း	॥
၁၂။	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)	ဦးမိုင်းအုဏ်းခိုင်	॥
၁၃။	ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)	ဒေါက်တာပြည့်ဖြိုး	॥
၁၄။	တပ်မတော်သား ကိုယ်စားလှယ်	ဗိုလ်မှူးဇော်ထွန်း	॥
၁၅။	မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)	ဒေါက်တာဇော်လင်းထွဋ်	အတွင်းရေးမှူး

ရေလင်းပိုင်နှင့်ရေလုပ်သားတို့၏ဘဝလှုပ်ရှားမှု ခရီးသွားများအား ဆွဲဆောင်စရာပြယုဂ်ဖြစ်

လှေကိုတုတ်တံလေးနဲ့ခေါက်ပြီး မြစ်လယ်မှာရှိနေသည့် သမီးကြီးကို ကမ်းစပ်ကနေ လှမ်းပြီးအချက်ပေးလိုက်သည်။ နောက်ပြီး နှစ်ဦးနှစ်ဖက် အသံထွက်အဓိပ္ပာယ် ချိတ်ဆက်လိုက်သည့်အခါမှာ ခုနစ်ပေ၊ ရှစ်ပေ အကွာကနေ အမြီးလေးထောင်ပြီး ပိုက်ကွန်ကို အရန်သင့်ကိုင်ထားဖို့ရန် သမီးကြီးကအချက်ပြနေပါပြီ။

သတင်းဆောင်းပါး-သိမ့်သိမ့်မိုး
ဓာတ်ပုံ-သန့်ဇင်(WCS)၊ သိန်း

ရေလုပ်သားဦးမောင်လေး

ဦးသန့်ဇင်(WCS)

ဧရာဝတီလင်းပိုင်များနှင့်အတူ ငါးဖမ်းဆီးခြင်းလုပ်ငန်းကို မိဘများလက်ထက်ကနေ ယခုအချိန်ထိ နှစ်ပေါင်း ၄၀ ကျော်လုပ်ဆောင်လာပြီး ဧရာဝတီလင်းပိုင်များကို သားသမီးနှင့်မခြား သမီးကြီးဟု နာမည်ပေးပြီး အတူတကွပူးပေါင်းလုပ်ဆောင်နေသည့် မတ္တရာမြို့နယ် ဆင်ကျွန်းကျေးရွာ ရေလုပ်သားကြီး ဦးမောင်လေးက ဧရာဝတီလင်းပိုင်များနှင့် ချိတ်ဆက်ငါးဖမ်းပုံကို နေပြည်တော်တွင်ကျင်းပသည့် ရပ်ရွာလူထုကို အခြေခံသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အသိပညာမြှင့်တင်မှုဆိုင်ရာ ဆွေးနွေးပွဲတွင် တွေ့ဆုံခိုက်ပြောပြသည်။

မြန်မာနိုင်ငံတွင် ဒေသခံပြည်သူများအပေါ် အကျိုးသက်ရောက်မှုရှိပြီး

ပိုက်ကွန်ပစ်နည်းကို ရေလုပ်သားတစ်ဦးက နိုင်ငံခြားသားဧည့်သည်အား သင်ပြပေးစဉ်။

လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအများဆုံးရရှိစေရန်အတွက် စဉ်ဆက်မပြတ်ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဧရာဝတီလင်းပိုင်များကျက်စားရာ နေရာဒေသရှိ ဒေသခံများ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးကို ၁၉၈၄ ခုနှစ်ကတည်းက စပြီးလုပ်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ် မေလထဲ မှာ ငါးလုပ်ငန်းဦးစီးဌာနနဲ့တွဲဖက်ပြီး ၂၀၁၄ ခုနှစ်မှာတော့ သားငှက်ထိန်းသိမ်းရေး (WCS)နဲ့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ ယခုလက်ရှိ ဒေသခံကျေးရွာတွေဖြစ်တဲ့ ဆည်သည်၊ မြစ်ကမ်းကြီး၊ မြေစွန်း၊ စိန်ပန်းကုန်း၊ အေးကျွန်း၊ ဆင်ကျွန်း ခြောက်ရွာမိသားစုတွေပေါင်းစည်းပြီး ယနေ့ချိန်ထိ ငါးလုပ်ငန်းဦးစီးဌာန၊ WCS တို့နဲ့ ပူးပေါင်းပြီးဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ဦးမောင်လေးက ပြောပြသည်။

၎င်းကဆက်လက်၍ "ဧရာဝတီမှာရောက်လာတဲ့ ဧည့်သည်တွေကို ဘယ်နိုင်ငံသားပဲဖြစ်ဖြစ် ကျွန်တော်တို့ ကျေးရွာခြောက်ရွာကနေ လာရောက်လည်ပတ်သူတွေ စိတ်ကျေနပ်မှုရှိအောင် ဧရာဝတီလင်းပိုင်များကို

ဧရာဝတီလင်းပိုင် လာရောက်ကြည့်သည့်ဧည့်သည်များအား ရေလုပ်သားများက ငါးဖမ်းပြသစဉ်။

လိုက်လံပြသပါတယ်။ ဧည့်သည်တွေလာရောက်တဲ့ ပမာဏအပေါ်မူတည်ပြီး ရရှိလာတဲ့ဝင်ငွေတွေကို ကျေးရွာများမှာ မျှတစွာခွဲဝေပြီး သုံးစွဲကြပါတယ်။ အဖွဲ့သားတွေအားလုံးကလည်း ဥပမာ- ငွေကျပ် ၁၀၀၀၀ ရရင် ကျေးရွာရန်ပုံငွေအတွက် ငွေကျပ် ၁၀၀၀ ယူပြီး ကျန်တဲ့ငွေကျပ် ၉၀၀၀ ကို ခွဲဝေသုံးစွဲတဲ့နည်းလေး ကျွန်တော်တို့ ကျင့်သုံးကြပါတယ်" ဟု ပြောပြသည်။

မိမိတို့ကျေးရွာများဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ မေးမြန်းရာ "အရင်နှစ်တွေနဲ့နှိုင်းယှဉ်ရင် နိုင်ငံရဲ့လမ်းပန်းဆက်သွယ်မှုတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့ဆီလာရောက်လည်ပတ်တဲ့ ဧည့်သည်အများအပြားရှိလာပါတယ်။ ကျွန်တော်တို့ ဒေသခံတွေအနေနဲ့လည်း စည်းကမ်းတကျနဲ့ ကျေးရွာခြောက်ရွာကို မိသားစုလိုမျိုး တစုတစည်းတည်း လုပ်ကိုင်ဆောင်ရွက်နေကြပါတယ်" ဟု ပြောသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဧရာဝတီလင်းပိုင်ကို ကြည့်ရှုရန်လာရောက်သည့်အခါတွင် ဘေးအန္တရာယ် မကျရောက်စေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြကြောင်း၊ ဝန်ကြီးဌာနအသီးသီးမှလည်း မြေတောင်မြှောက်ပေးသည့်အတွက် ခရီးသွားလုပ်ငန်းအကောင်အထည်ပေါ်ခဲ့ကြောင်း၊ ဧရာဝတီ လင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးတွင်အဖွဲ့ဝင် ၆၃ ဦးရှိပြီး ၎င်းအနေဖြင့် ဧရာဝတီလင်းပိုင်များ အကျိုးတူ ငါးဖမ်းဆီးခြင်းကို ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးမောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင်အကျိုးတူငါးဖမ်းခြင်းကို နိုင်ငံခြားသားခရီးသွားဧည့်သည်များအားပြသနိုင်ရန် တာဝန်ထမ်းဆောင်နေသည့် သားငှက်ထိန်းသိမ်းရေး (WCS)မှ Ecotourism Manager အဖြစ်တာဝန်ယူဆောင်ရွက်နေသည့် ဦးသန့်ဇင်က"ဧရာဝတီလင်းပိုင် ဂေဟခရီးသွားလုပ်ငန်း (Ecotourism) ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလကတည်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဧရာဝတီလင်းပိုင်တွေကို နိုင်ငံခြားသားတော်တော်များများက ကြည့်ရှုဖို့စိတ်ဝင်စားကြပြီး အရင်ကတည်းကလည်း လာရောက်ကြည့် ရှုကြပါတယ်။ အခုလို ဧရာဝတီလင်းပိုင်တွေကိုကြည့်ပြီး ပြန်သွားကြရင် ဒေသခံကျေးရွာတွေအပေါ်မှာ ဘာအကျိုးအမြတ်မှ မရရှိဘူးဆိုပြီး ကျေးရွာရေလုပ်သားများရဲ့ ပြောကြားချက်အရ သိရပါတယ်။ ဒါကြောင့်မို့ ကျေးရွာ

ဧရာဝတီလင်းပိုင်များကိုတွေ့ရစဉ်။

လူထုတွေအတွက် Ecotourism ကို စတင်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

၎င်းကဆက်လက်ပြီး "ပထမဆုံးအနေဖြင့် ဧရာဝတီလင်းပိုင်နဲ့ Ecotourism လုပ်တဲ့အခါမှာ တစ်ဖက်တစ်လမ်းက ကျေးရွာရဲ့ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနဲ့ ကျေးရွာရှိပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေရန်၊ ဧရာဝတီလင်းပိုင်ကို ပိုမိုများပြားစွာ ထိန်းသိမ်းနိုင်ရန်ကိုအဓိကထားဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဧရာဝတီလင်းပိုင်တွေနဲ့ ရေလုပ်သားတွေ အကျိုးတူငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်းဟာ မြန်မာနိုင်ငံနဲ့ ဘရာဇီးနိုင်ငံ နှစ်ခုပဲရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဧရာဝတီလင်းပိုင်တွေနဲ့ ရေလုပ်သားတွေ အကျိုးတူငါးဖမ်းတဲ့ Relationship ကို ပြသချင်တာရယ်၊ ရိုးရာမပျက် ငါးဖမ်းတဲ့လုပ်ငန်းကို ပြသချင်တာရယ်၊ ဧရာဝတီလင်းပိုင်တွေကို ရိုးရာမပျက် ထိန်းသိမ်းစောင့်ရှောက်စေချင်တဲ့အတွက်ကြောင့် Ecotoursim ကိုဖော်ဆောင် နေတာဖြစ်ပါတယ်"ဟု ပြောသည်။

ရေဝတီ လင်းပိုင်တွေနဲ့ ရေလုပ်သားတွေ အကျိုးတူ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်းဟာ မြန်မာနိုင်ငံနဲ့ ဘရာဇီးနိုင်ငံ နှစ်ခုပဲရှိပါတယ်။

ဧရာဝတီလင်းပိုင်များကို ထိန်းသိမ်းသည့်နေရာတွင် အခက်အခဲများနှင့်ကြုံတွေ့ရကြောင်း၊ ယင်းအခက်အခဲများမှာ တချို့သောရေလုပ်သားများက ငါးဖမ်းဆီးရာတွင် ဘက်ထရီရှော့တိုက်ဖမ်းဆီးခြင်း၊ မိုင်းခွဲဖမ်းဆီးခြင်း၊ အဆိပ်ချဖမ်းဆီးခြင်းများကြောင့် အသိပညာပေးခြင်းများလည်းဆောင်ရွက်လျက်ရှိပြီး ယခုအချိန်တွင် ထိုသို့ဆောင်ရွက်မှုများ လျော့နည်းလာပြီဖြစ်ကြောင်း သိရသည်။

Ecotourism Project ဧရိယာတွင်ကျေးရွာပေါင်း ၆၀၀၀ ရှိပြီးကျေးရွာ ၄၀၀၀ က ရေလုပ်ငန်းကိုလုပ်ကိုင်ကြကြောင်း၊ အဆိုပါကျေးရွာ ၄၀၀၀ ထဲမှကျေးရွာ ခြောက်ရွာသာလျှင်လင်းပိုင်များနှင့်ရေလုပ်သားပူးပေါင်း၍ ငါးဖမ်းဆီးခြင်းကို ဆောင်ရွက်ပြီး ကျန်သည့်ရေလုပ်သားများမှာ ပိုက်မျှောခြင်း၊ မြှုံးထောင်ခြင်းနည်းတို့ဖြင့် ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ကြကြောင်း သိရသည်။

ရိုးရာမပျက် ပိုက်ကွန်နှင့်ငါးဖမ်းခြင်းလုပ်ငန်းကို မပျောက်ပျက်စေရန်၊ ဧရာဝတီလင်းပိုင်များနှင့်ပိုမိုရင်းနှီးစေရန်၊ ငါးပိုမိုရရှိစေရန်၊ နိုင်ငံခြားခရီးသွား ဧည့်သည်များ ဧရာဝတီလင်းပိုင်များနှင့် ရေလုပ်သားများ၏ အကျိုးတူပူးပေါင်းဆောင်ရွက်ချက်ကို လေ့လာစေရန် ဧရာဝတီလင်းပိုင်ကြည့်ရှုခြင်းအပြင် ကျေးရွာအတွင်းတွင် ပိုက်ကွန်ပစ်နည်းသင်ပေးခြင်း၊ လက်မှုလုပ်ငန်းတွေဖြစ်သည့် အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်းများ၊ ရှေးဟောင်းဘုရားစေတီများနှင့် မြစ်အတွင်းရှိ ငှက်မျိုးစုံကို လေ့လာကြည့်ရှုနိုင်ရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

"နိုင်ငံခြားသားတော်တော်များများက ဧရာဝတီလင်းပိုင်ကို စိတ်ဝင်စားတဲ့အတွက်ကြောင့် ဧရာဝတီလင်းပိုင်တွေနဲ့ ရေလုပ်သားတွေ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့လုပ်ငန်းမှာ ဧည့်သည်တွေပိုမိုပြီး ဆွဲဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ယခုလက်ရှိမှာတော့ B&B ရော၊ Home Stay ရော မရရှိသေးတဲ့အတွက် တစ်ခုခုရရင်တော့ ဒေသခံကျေးရွာတွေပိုပြီး ဖွံ့ဖြိုးလာပြီး ထိန်းသိမ်းစောင့်ရှောက်မှုလည်း ပိုမိုကောင်းလာမယ်လို့ ထင်ပါတယ်။ ဒေသခံတွေကလည်း ကျွန်တော်တို့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုမှာလည်း ရာနှုန်းပြည့် ပူးပေါင်းပါဝင်ကြပါတယ်။ လက်ရှိမှာ Pilot Tour ကနေ ဝင်ငွေရရှိတဲ့အတွက် ပိုမိုစိတ်ဝင်စားကြပါတယ်"ဟု သားငှက်ထိန်းသိမ်းရေး (WCS) မှ Ecotourism Manager ဦးသန့်ဇင်ကပြောသည်။

ဧရာဝတီလင်းပိုင်များ၏ ထူးခြားချက်မှာ ငါးနှစ်နီးပါးလျှင်တစ်ကြိမ်သာ ပေါက်ဖွားပြီး ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ပေါက်ပွားတတ်ကြောင်း သိရသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်ချိန်ဖြစ်သည့်အတွက် ဦးမောင်လေးလည်း မိမိ၏သမီးကြီးနှင့်အတူ ပူးပေါင်းပြီး လာရောက်ကြည့်ရှုသူများကို ငါးများဖမ်းဆီးပြရန်အတွက် နေပြည်တော်မှမတ္တရာသို့ ခရီးဆက်ရတော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပုလောမြို့နယ် ကျောက်ကာကျေးရွာ မီးဘေးသင့်ပြည်သူများအားထောက်ပံ့

နေပြည်တော် ဖေဖော်ဝါရီ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို နှင့်အတူ ဖေဖော်ဝါရီ ၁၅ ရက်က မြိတ်မြို့မှ ပုလောမြို့နယ် ကျောက်ကာကျေးရွာသို့ ရေယာဉ်ဖြင့် သွားရောက်ပြီး မီးဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။

ရှေးဦးစွာ မီးဘေးသင့် အိမ်ထောင်စု ၄၅၂ စုအတွက် စားစရိတ် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ၄၅၂ သိန်း၊ အိမ်ခြေ ၃၃၁ လုံးအတွက် အိမ်တစ်လုံးလျှင် သွပ်အချပ် ၅၀ နှုန်းဖြင့် သွပ်အချပ် ၁၆၅၅၀ တို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးသည်။ ထို့နောက် မီးလောင်ပြင်ကို ကြည့်ရှု စစ်ဆေး၍ မိုးမကျမီ အိမ်များ ပြန်လည်တည်ဆောက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဖေဖော်ဝါရီ ၁၆ ရက်တွင် လောင်းလုံးမြို့နယ် ကမြောကြီး ကျေးရွာအုပ်စု ကပူကျေးရွာသို့ သွားရောက်၍ မီးဘေးသင့်အိမ်ခြေ ၁၃ လုံးအတွက် တစ်အိမ်လျှင် သွပ် ၅၇ ချပ်နှုန်းဖြင့် သွပ် ၇၄၁ ချပ်ကို ထောက်ပံ့ပေးပြီး အိမ်အသစ်များ ပြန်လည်ဆောက်လုပ်နေမှုကို ကြည့်ရှု၍ မီးဘေးသင့်အိမ်ထောင်စုဝင်များကို အားပေးစကားပြောကြားသည်။

ဆက်လက်၍ မောင်းမကန်ကျေးရွာသို့ရောက်ရှိပြီး မောင်းမကန် စံပြမူလတန်းကြိုကျောင်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်၊ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မူကြိုကလေးများအား လက်ဆောင်ပစ္စည်းများပေးအပ်၍ ကလေးမိဘများကို ရှေးဦးအရွယ် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ဖေဖော်ဝါရီ ၁၇ ရက်တွင် ထားဝယ်မြို့ အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးရုံး၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးတို့ကို ကြည့်ရှုစစ်ဆေး၍ မူလတန်းကြိုကျောင်း၌ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း (၁/၂၀၁၆) ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

တစ်နိုင်ငံလုံးတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီမှ ယခုအချိန်ထိ မီးဘေး ၆၅ ကြိမ် ဖြစ်ပွားခဲ့ပြီး နမ့်ဆန်မြို့နှင့် လပွတ္တာမြို့ မီးဘေးများ အပါအဝင် မီးဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ငွေကျပ် ၁၀၂၂ သိန်းနှင့် ဝန်ကြီးဌာနအနေဖြင့် ငွေကျပ် ၂၃၉ သိန်း တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ ငွေကျပ် ၁၀၃၈ သိန်းခန့်တန်ဖိုးရှိသော သွပ် ၁၇၂၉၁ ချပ်၊ ဆန်ရိက္ခာဖိုး ငွေကျပ် ၂၀ သိန်းနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၅၆ သိန်း ထောက်ပံ့ပေးခဲ့ပြီး ပြည်သူလူထုအနေဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိထားဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

နွားနို့တိုက်ပါ

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး
ကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ်
သင့်ကလေးကို
နွားနို့တိုက်ပါစို့

ကုမ္ပဏီမြေစာပစ်လမ်းအား တားဆီးထားသည့် ကချင်လူမှုကွန်ရက်အဖွဲ့နှင့် မြို့နယ်တာဝန်ရှိသူများ ပဋိပက္ခညှိနှိုင်းရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်

ဖားကန့် ဖေဖော်ဝါရီ ၁၇

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကချင်လူမှုကွန်ရက်အဖွဲ့နှင့် မြို့နယ်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများတွေ့ဆုံညှိနှိုင်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမြင့်ဆွေ၊ ကျောက်စိမ်းတူးဖော်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲထွဋ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်ဥပဒေအရာရှိ ဦးလွမ်းခေါင်၊ ဒုတိယလဝကမှူး ဦးသက်ဆွေဦး၊ မြို့နယ် အထောက်အကူပြုအဖွဲ့မှ ဦးသိန်းဇော်၊ ဦးနော်ဆန့်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ဦးညွန့်ရင်၊ ဆိပ်မူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတူးမိုင်၊ ရပ်/ကျေးအထောက်အကူပြုအဖွဲ့မှ ဦးအင်ဆွဲစိန်ဂီး၊ ဦးမောင်ငယ်၊ ဘဇံချောက်ရပ်ကွက်(ရွာဟောင်းစုပေါင်းမြေစာပုံ) တွင် မြေစာစုပုံသော ကုမ္ပဏီ ၁၂ ခုမှ တာဝန်ခံများ၊ ဆန္ဒဖော်ထုတ်သည့်အဖွဲ့မှ ဦးဝဘော်ယော်၊ ဦးစောမောင်၊ ဦးဇောင်းလွမ်း၊ ဦးမဂျီတူးရှုန်ပါ ရွာသူရွာသား ၈၀ ကျော်ခန့် တက်ရောက်ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါညှိနှိုင်းချက်အရ ဦးဝဘော်ယော်နှင့် တက်ရောက်လာကြသော ရွာသူရွာသားများက ဆိပ်မူအုပ်စု ဆိုင်းတောင်ကျေးရွာ ရေဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မြေစာသွန်ယာဉ်များ (လုံးဝ)မသွန်ရန်၊ လက်ရှိ အန္တရာယ်ရှိနေသော အခြေအနေများကို ရှင်းလင်းပေးရန်၊ ရေကြည်ချောင်းဆုံနှင့် ဝေခါချောင်းကို မူလချောင်းအတိုင်း ရှင်းလင်းပေးရန်နှင့် နောက်ထပ်မြေစာမသွန်ရန်၊ ယခင်က ကတိကဝတ်ပြုထားသည့် အချက်အလက်များကို အမြန်ဆုံး အကောင်အထည်ဖော်ပေးရန်၊ မြေစာပုံများကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများနှင့် အသက်အန္တရာယ်ထိခိုက်မှုများ ဖြစ်ပေါ်လာပါက မည်သူတာဝန်ယူမည်စသည့် အချက်များကိုတောင်းဆိုကြသည်။ ကျောက်စိမ်းတူးဖော်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲထွဋ်က အထက်ပါကိစ္စရပ်များ ဖြေရှင်းနိုင်ရေးအတွက် ကုမ္ပဏီများဖြစ်ကြသည့် တောက်ပသောကြယ်အလင်းကုမ္ပဏီ၊ ယိလီဖကုမ္ပဏီ၊ ချောင်းဘရားသားကုမ္ပဏီ၊ နေလပွင့်ကုမ္ပဏီ၊ ယွန်းရွှေရီကုမ္ပဏီ၊ ဂန္ထဝင်ကျောက်မျက် ဥယျာဉ်ကုမ္ပဏီ၊ တစ်သုံးလုံးကုမ္ပဏီ၊ နယူးလပ်ကီးဂရင်းဂျမ်းကုမ္ပဏီ၊ မြန်မာသူရကုမ္ပဏီ၊ ရတနာအဓိပတိကုမ္ပဏီ၊ ထိုးလီဝါကုမ္ပဏီ၊ နယူးရတနာကုမ္ပဏီတို့မှ တာဝန်ခံများနှင့်အတူ မြို့နယ်ဌာနဆိုင်ရာနှင့်အဖွဲ့ဝင်များ၊ ဆန္ဒဖော်ထုတ်သည့်အဖွဲ့များက ရွာဟောင်း စုပေါင်းမြေစာပုံသို့ သွားရောက်ကြည့်ရှုခဲ့ကြပြီး လုံးခင်းကျေးရွာဘက် မြေစာပုံရှိရာသို့ ဆက်လက်သွားရောက်ခဲ့ကြသည်။ ယင်းကိစ္စကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စိုးနိုင်ဦး(ဖားကန့်)

စာမျက်နှာ ၆ မှ

စတင် တွေ့ရှိမည်ဖြစ်သည်။ စတင်တွေ့ရှိသူသည် သင့်လျော်သည့် ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းကိရိယာဖြင့် အမြန်ဆုံး ငြိမ်းသတ်၍ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်သို့ အကူအညီတောင်းခံခြင်း၊ မီးသတ်တပ်ဖွဲ့သို့ အကြောင်းကြားခြင်း ဆောင်ရွက်ရမည်။

မီးကို စတင်တွေ့ရှိသူက ထိရောက်သော မီးငြိမ်းသတ်မှုပြုနိုင်လျှင် ဆုံးရှုံးမှု လွန်စွာလျော့နည်းပေလိမ့်မည်။ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းခံခြင်းကြောင့် မီးတောက်ဖြစ်ပေါ်မှုအဆင့်တွင် စောစီးစွာ ဝိုင်းဝန်းငြိမ်းသတ်ခဲ့လျှင်လည်း ဆုံးရှုံးမှုသက်သာ၍ အခြားအိမ်များ အန္တရာယ်ကင်းစေမည် ဖြစ်သည်။

ပတ်ဝန်းကျင်ကလည်း စောစီးစွာ မီးလောင်နေမှုကို မသိရှိဘဲ မီးတောက် အားကောင်းသည့် အဆင့်သို့ရောက်မှ သိရှိကြလျှင် အဆိုပါ မီးမှာ အလွယ်တကူ ငြိမ်းသတ်ရန် မဖြစ်နိုင်တော့ဘဲ အဝေးမှသာ ငြိမ်းသတ်နိုင်မည်ဖြစ်၍ ထိရောက်မှုမရှိတော့ပါ။ ဤတွင် မီးသတ်တပ်ဖွဲ့သို့ အချိန်စောစွာ သတင်းပေးပို့သည့်တိုင် မီးသတ်စခန်းနှင့် အကွာအဝေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများအရ မီးသတ်ယာဉ်များ ရောက်ရှိချိန်မှာ မီးလောင်မှု ကျယ်ပြန့်သောအဆင့်သို့ ရောက်ရှိပြီး မီးစတင်လောင်သည့် နေအိမ်အပြင် အခြားပတ်ဝန်းကျင်သို့ပါ ကူးစက် လောင်ကျွမ်းနေမည်မှာ သေချာ၍ မီးများမီးနိုင်၊ ရေများရေနိုင်ဟူသောစကားပုံကို လိုက်နာရပေတော့သည်။

ဤအခြေအနေအား အနှစ်ချုပ်လျှင် မီးလောင်မှုကို စတင်သိရှိသူမှာ အဆိုပါနေအိမ်မှ မိသားစုဝင်များဖြစ်၍ ပတ်ဝန်းကျင်နေအိမ်များကပြည်သူများမှာ ၎င်းတို့အသိပေးမှ သိရှိရမည့်သူများ ဖြစ်ပါသည်။

မီးသတ်တပ်ဖွဲ့ဟူသည် ထိုသူများ အကြောင်းကြားမှသာ နောက်ဆုံး သိရှိရသူများ ဖြစ်ပါသည်။ မီးလောင်မှု ကြီးမားကျယ်ပြန့်မှုမရှိစေရေး မီးလောင်နေကြောင်း မြန်မြန်သိရန် အရေးအကြီးဆုံးဖြစ်သည်။ ဒုတိယအချက်မှာ မီးခိုးများရှိနေခြင်းကြောင့် မီးတောက်နေရာကို မှန်ကန်စွာရှာဖွေတွေ့ရှိရန် လိုပါသည်။ တတိယအချက်မှာ လောင်ကျွမ်းနေသော လောင်စာပေါ်မူတည်၍ မီးငြိမ်းသတ်ပစ္စည်းကိရိယာကို မှန်ကန်စွာရွေးချယ်၍ စနစ်တကျငြိမ်းသတ်မှသာ မြန်မြန်မီးငြိမ်းမည်ဖြစ်သည်ကို နားလည်သိရှိရန်မှာ ပြည်သူတိုင်းအတွက် အရေးပါလှသော အဓိကအချက်ပင်ဖြစ်ပါသည်။

မီးဘေးသတိမှသည် လုံခြုံမှုဆီသို့

မြန်မာနိုင်ငံတွင် နှစ်အလိုက် မီးလောင်မှုများကို မှတ်တမ်းတင်ထားသည့် ကိန်းဂဏန်းများအရ မီးသုံးစွဲမှုအား သတိဖြင့်စောင့်ကြပ်ထိန်းသိမ်းမှုမရှိ၍ ဖြစ်ပွားရခြင်းမှာ ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ နေအိမ်တစ်လုံးအနေဖြင့် ဘုရားခန်း၊ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းနှင့် အိမ်ပတ်ဝန်းကျင်ကို သတိပြုရန်လိုသည်။

မည်သည့်နေရာကမဆို မီးသုံးစွဲခြင်းမှ မီးလောင်မှုဖြစ်ပွားနိုင်ကြောင်း ဓမ္မဓိဋ္ဌာန်ကျကျ သိရှိထားရမည် ဖြစ်ပါသည်။ လုပ်ငန်းဌာနတိုင်းတွင်လည်း မီးဘေးလုံခြုံမှုအတွက် တာဝန်ခံခန့်အပ်၍ စနစ်တကျစီမံခန့်ခွဲလုပ်ကိုင်ကြရမည် ဖြစ်ပါသည်။ မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပွားပါက မီးသတ်တပ်ဖွဲ့၏ အရေးပေါ် ဖုန်းအမှတ် (၁၉၁)သို့ ချက်ချင်းဆက်သွယ် အကြောင်းကြားရန် ဖြစ်ပါသည်။ မီးဘေးအန္တရာယ် ကင်းဝေးစေလိုလျှင် မီးဘေးလုံခြုံရေးသတိကို နီးကပ်စွာ တည်ဆောက်၍ ကြိုတင်ပြင်ဆင်စီမံထားခြင်းဖြင့် မီးဘေးအန္တရာယ်မှ ကင်းဝေးကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဖေဖော်ဝါရီ ၁၃ ရက်က ပုလောမြို့နယ် ကျောက်ကာကျေးရွာ၌ မီးလောင်မှုဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား လေးနှစ်ကျော်ကာလအတွင်း အပြီးတည်ဆောက်မည်

သတင်းဆောင်းပါး
မြင့်မောင်စိုး၊ မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်၊ တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၁၃ ခုနှစ် ဧပြီလဆန်းပိုင်းကတည်းက စီမံကိန်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခဲ့သော မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားကြီးကို ငါးနှစ်တာကာလအတွင်း အပြီးတည်ဆောက်ရန် လျာထားသော်လည်း စောနိုင်သမျှ စောစီးစွာပြီးစီးရေးနှင့် လေးနှစ်ကျော် ကာလအတွင်း အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးစီမံကိန်းမှ သိရသည်။

အဆိုပါတံတား စီမံကိန်းကို ယခင်ပင်မတံတားအူကြောင်းအဖြစ် ဒလဘက်ခြမ်းနှင့် ရန်ကုန်ဘက်ခြမ်းတို့မှ ဝါးတန်းလမ်း၊ ဘုန်းကြီးလမ်းနှင့် လမ်းမတော် လမ်းအူကြောင်းသုံးနေရာကို ရွေးချယ်ခဲ့သော်လည်း ရန်ကုန်ဘက်ခြမ်း ဆောက်လုပ်စ အဆောက်အအုံများနှင့်ဆောက်ပြီး အဆောက်အအုံများ ထိခိုက်မှုနည်းစေရန်အတွက် ရန်ကုန်ဘက်ခြမ်း (ဘုန်းကြီးလမ်း)နှင့် ဒလဘက်ခြမ်း ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းတို့ကို တံတားအူကြောင်းအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

"ကိုရီးယား- မြန်မာချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးဟာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ၄၀ နှစ်ပြည့်မြောက်တာလည်း ဖြစ်တယ်။ ရန်ကုန်မြို့နဲ့ ဒလမြို့တို့ကို ကုန်းလမ်းခရီးဖြင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မြစ်ကိုဖြတ်ပြီး တည်ဆောက်မယ့် အခုတံတားကြီး ပြီးဆုံးပါက ဒေသခံပြည်သူတွေအနေနဲ့ လူနေမှုအဆင့်အတန်းမြင့်တက်ကာ ဘက်ပေါင်းစုံ တစ်ဟုန်ထိုး တိုးတက်လာမှာ အမှန်ဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံပြည်သူတွေ ဝမ်းသာသလို၊ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ဒီတံတားကြီး အခုလို အောင်မြင်တဲ့အတွက် အလွန်ပဲ ဂုဏ်ယူမဆုံးဖြစ်မိပါတယ်" ဟု ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ယနေ့ နံနက် ၉ နာရီတွင် ဒလဘက်ကမ်း၌ ပြုလုပ်သည့် အဆိုပါ တံတားစီမံကိန်းစတင်ခြင်းနှင့် ထောက်ပံ့ခြင်း အခမ်းအနားတွင် ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား(ဒလ)စီမံကိန်းနှင့် မလွတ်ကင်းသည့်မြေပိုင်ရှင်များအား ထောက်ပံ့ကြေးပေးအပ်စဉ်။

ယခု အကောင်အထည်ဖော်တည်ဆောက်မည့် ရန်ကုန်-ဒလ တံတားသည် စီမံကိန်းလျာထားချက် ငါးနှစ်ဖြစ်သော်လည်း လေးနှစ်ကျော်ကာလအတွင်း တတ်နိုင်သမျှ စောစီးစွာ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းတံတားသည် ကြိုးဆိုင်းတံတားဖြစ်ပြီး စုစုပေါင်းတံတားအရှည် ၆၁၄၄ ပေ၊ ပင်မတံတားအရှည် ၁၉၃၆ ပေ၊ ချဉ်းကပ်တံတား(ရန်ကုန်ဘက်ခြမ်း) ၂၀၂၆ ပေ၊ ဒလဘက်ခြမ်း ၂၁၈၂ ပေ၊ ချဉ်းကပ်တံတားအကျယ် (ရန်ကုန်ဘက်ခြမ်း) ၄၇ ပေ၊ ဒလဘက်ခြမ်း ၆၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၁၆၀၊ ရေလမ်းကင်းလွတ်အကျယ် ၈၂၃ ပေရှိပြီး ပင်မတံတားအကျယ်မှာ လေးလမ်းသွား ၈၇ ပေကျယ်ဝန်း၍ Dead weight tonnage (DWT)တန်ချိန် ၁၅၀၀၀ ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။ ထို့အပြင် စုစုပေါင်းတံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးလျှင် ၇၅ တန်အထိ ဖြတ်သန်းသွားလာနိုင်ပြီး တစ်လမ်းသွားဆင်ခြေလျှော တံတားများအကျယ်မှာ ၂၃ ပေရှိမည်ဖြစ်ကြောင်း သိရသည်။

"အခု တည်ဆောက်မယ့် ရန်ကုန်-ဒလတံတားကို ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှာ နှစ်နိုင်ငံအစိုးရကြား ချေးငွေသဘောတူစာချုပ်ခဲ့တာဖြစ်တယ်။ ချစ်ကြည်ရေးတံတားအဖြစ် တည်ဆောက်တာဖြစ်ပါတယ်။ အနာဂတ်မှာ ဒီစီမံကိန်းကတစ်ဆင့် နှစ်နိုင်ငံကြား ချစ်ခင်ရင်းနှီးမှုဟာ နက်ရှိုင်းလာပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍဟာလည်း ဆတက်ထမ်းပိုး တိုးတက်မြင့်မားလာနိုင်မှာ ဖြစ်ပါတယ်"ဟု ကိုရီးယားသမ္မတ နိုင်ငံသံအမတ်ကြီး မစ္စတာလီဘက်ဆွန်းက ယနေ့နံနက် ၉ နာရီက အဆိုပါတံတားစီမံကိန်း စတင်ခြင်းနှင့် ထောက်ပံ့ခြင်း အခမ်းအနားတွင် ပြောကြားသည်။

ယင်း မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားကို ခန့်မှန်းကုန်ကျငွေ အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၄ သန်း လျာထားပြီး အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းနှင့် ညီမျှသော ကိုရီးယားဝမ်အား ကိုရီးယားသမ္မတနိုင်ငံမှ EDCF Loan ချေးငွေဖြင့် တည်ဆောက်မည်ဖြစ်သည်။ ကျန်လိုအပ်သည့် အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်ကို မြန်မာနိုင်ငံမှ အကုန်အကျခံမည်ဖြစ်ကာ စီမံကိန်းကာလကို ၂၀၁၅-၂၀၁၆ မှ ၂၀၁၉-၂၀၂၀ အထိ ငါးနှစ် လျာထားသော်လည်း တတ်နိုင်သမျှ စောစီးစွာပြီးစီးရေး အကောင်အထည်ဖော်တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဘက်ဆွန်း

ဒေသခံ ဒေါ်ထွေးတင်

ဒေသခံ ဦးမြင့်ဆွေ

"ဒီတံတား တည်ဆောက်ရေး စီမံကိန်းနဲ့မလွတ်ကင်းတဲ့ နေအိမ် ၆၈ လုံးရှိတဲ့အနက် ၆၅ လုံး သဘောတူခဲ့တဲ့အတွက် ဒလမြို့မြေပေါက်ဈေးနဲ့အညီ ပေ (၄၀×၆၀) တစ်ကွက်ကို ငွေကျပ်သိန်း ၁၃၀၀ နှုန်းနဲ့လျော်ကြေးပေးအပ်ခဲ့တာဖြစ်ပါတယ်"ဟု တံတားဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ယင်းတံတားတည်ဆောက်ရေးစီမံကိန်းစတင်ခြင်းအခမ်းအနားတွင် ပြောသည်။

ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းတွင် နေထိုင်သည့် ဒေသခံ ဦးမြင့်ဆွေက "အခုလိုဖြစ်လာဖို့ မျှော်လင့်ခဲ့တာ နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့ပါပြီ။ ဒီစီမံကိန်းမှာ ဘာဘာအိမ်မြေလည်း ပါပါတယ်။ ဒါပေမယ့် ဘာဘာကျေနပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဒလတစ်မြို့နယ်လုံးရယ်၊ ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးမှာရှိတဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်အိပ်မက်ပါ။ ဘာဘာတို့ဆို ငယ်ငယ်ကတည်းက လက်ယက်သမ္ဗန်နဲ့ သွားနေရတာ ကျောင်းသား၊ ဝန်ထမ်း၊ အလုပ်သမားတွေကအစ အလွန်အန္တရာယ်များတယ်။ ခဏခဏလည်း သမ္ဗန်မှောက်လိုက်၊ သင်္ဘောမှောက်လိုက်နဲ့ အသက်တွေဆုံးရှုံးခဲ့ရတာ မနည်းတော့ဘူး။ ဒီရန်ကုန်- ဒလတံတားဆိုတာ အိပ်မက်တစ်ခုလိုဖြစ်နေတာ။ အခုလို တကယ်အကောင်အထည်ဖော်လာတော့ အလွန်ပဲဝမ်းသာမဆုံးဖြစ်မိပါတယ် "ဟု ဆိုသည်။

ရန်ကုန်-ဒလတံတားစီမံကိန်းအတွက် မလွတ်ကင်းသော မြေနေရာများကို ဌာနရမ်းခနှင့် လျော်ကြေးများကို သက်ဆိုင်ရာအစိုးရအနေဖြင့် ဒေသပေါက်ဈေးနှင့်အညီ ပေးဆောင်လျက်ရှိပြီး စုစုပေါင်းမြေကွက်အရေအတွက် ၆၈ ကွက်တွင် ၆၅ ကွက်မှာ သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းနှင့် ဌာနရမ်းခနှင့် လျော်ကြေး ငွေကျပ် ၁၀၈၈၃ ဒသမ ၃၆ သန်းကိုပေးလျော်သွားမည်ဖြစ်ပြီး သဘောမတူလက်မခံသည့် မြေကွက်ပိုင်ရှင် သုံးဦးကိုလည်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီတံတားဖြစ်မြောက်ဖို့အတွက် အဒေါ်တို့မှာ အိပ်မက်မက်ခဲ့တာလည်း ကြာပါပြီ။ အဒေါ်က အိမ်နဲ့တော့ လွတ်ပါတယ်။ တံတားနဲ့ မလွတ်ကင်းတဲ့ ရှစ်ပေကိုပဲ ဆုံးရှုံးခံရမှာပါ။ အဲဒီအတွက်လည်း ငွေကျပ် ၁၅၆ သိန်း ပေးမယ်လို့ ပြောပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီတံတားကြီး အခုလိုဖြစ်မြောက်သွားလို့ အလွန်ပဲ ဝမ်းသာမဆုံး ဖြစ်မိတယ်။ တကယ်တော့ သမ္ဗန်တို့၊ သင်္ဘောတို့နဲ့သွားရတာ အလွန်ပဲအန္တရာယ်များလှပါတယ်။ ခုဆို ညဘက်တွေဆိုလည်း ကူးပြီးသွားလာရတာ အချိန်ကိုပဲ ကြည့်နေရတယ်။ တံတားကြီးပြီးသွားရင်တော့ အချိန်မရွေး သွားလာနိုင်တော့မှာပါ။ နိုင်ငံတော် အစိုးရကိုလည်း အခုလိုလုပ်ပေးလို့ အများကြီးကျေးဇူးတင်ပါတယ်"ဟု ကမာကဆစ်ရပ်ကွက်မှ ဒေသခံ ဒေါ်ထွေးတင်က ပြောသည်။

အဆိုပါ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားအတွက် ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းနှင့် ညီမျှသော ကိုရီးယားဝမ်ကို အတိုးနှုန်း ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် ပြန်ဆပ်ရာတွင် ဆိုင်းငံ့ကာလ ၁၅ နှစ်၊ ပြန်ဆပ်ကာလ ၂၅ နှစ် စုစုပေါင်းနှစ် ၄၀ ပေးဆပ်သွားရမည်ဖြစ်ပြီး ချေးငွေပေးဆပ်မှုအနေဖြင့် တစ်နှစ်ကိုနှစ်ကြိမ် ပေးဆပ်သွားရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ညောင်ဦးမြို့နယ် ကံသာယာကျေးရွာတွင် ရေရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီ ၁၅ ရက်ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီ သတင်းစာပါ ညောင်ဦးမြို့နယ် ကံသာယာကျေးရွာ၌ ရေမလုံလောက်သဖြင့် စက်ရေတွင်း တူးဖော်ပေးရန် လိုအပ်လျက်ရှိကြောင်းသတင်းနှင့် ပတ်သက်၍ ဖေဖော်ဝါရီလအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကံသာယာကျေးရွာ၌ အိမ်ခြေ ၂၈၅ လုံး၊ လူဦးရေ ၁၅၀၀ ခန့် ရှိပြီး ကျွဲ၊ နွား၊ ဆိတ်ကောင်ရေ ၈၅၀၀ ခန့်ရှိကာ အနက်ပေ ၆၈၀ ခန့်ရှိ တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ ထွက်ရှိသော စက်ရေတွင်းမှ ရေရယူ သုံးစွဲလျက်ရှိကြောင်း၊ ငါးဧကခန့် ကျယ်ဝန်းသော မိုးရေလှောင်ကန်မှာ ရေအဝင် လျော့နည်း၍ တစ်လခန့်သာ အသုံးပြုခဲ့ရခြင်းကြောင့် ရေမလုံလောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြန်လည်လွှဲပြောင်း လက်ခံယူပြီး ပြုပြင်မွမ်းမံ ဆောင်ရွက်လျက်ရှိသော ညောင်ဦးမြို့ နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်း၏ တောင်ဇင်းရေပိုက်လိုင်း ပြုပြင်မှုမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ရာ လာမည့်မတ်လအတွင်း ကံသာယာကျေးရွာအပါအဝင် အဆိုပါ ရေပိုက်လိုင်းတစ်လျှောက်ရှိ ကျေးရွာများကို ရေပိုမိုပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ဦးမြို့နယ် ကံသာယာကျေးရွာတွင် လက်ရှိစက်ရေတွင်းမှ ရေရယူသုံးစွဲနေမှုကို တွေ့ရစဉ်။

မိုးလေဝသ အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ညအပူချိန်များ တိုးလာနိုင်သည်။

တနင်္သာရီတိုင်း ဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မိုး/ဇလ)**

မင်းကန်ကျေးရွာ အထကကျောင်းခွဲ မီးလောင်ကျွမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မင်းကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ယနေ့ညနေ ၃ နာရီ မိနစ် ၄၀ တွင် မီးလောင်ကျွမ်းခဲ့ကြောင်း ကြာနီကန်ရဲကင်းမှူးထံမှ သိရသည်။

မီးလောင်ရာသို့ ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးပါ တပ်ဖွဲ့ဝင် ၃၅ ဦး၊ မီးသတ်ယာဉ် ၁၂ စီးနှင့် ရွာသူရွာသားများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုကြောင့် အလျား ပေ ၂၀၀၊ အနံ ပေ ၃၀၊ ၁၂ ခန်းတွဲ သွပ်မိုးအုတ်ကာ နှစ်ထပ်ကျောင်းဆောင်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့သည်။ **(ဓါတ်ပုံ)**

အဆိုပါမီးလောင်မှုမှာ လျှပ်စစ်ဝိုင်ယာကြိုးရှော့ခ်ဖြစ်မှုကြောင့် လောင်ကျွမ်းခြင်းဖြစ်သည်။ ယင်းအထက်တန်းကျောင်းခွဲ၌ ဆရာ ဆရာမ ၂၇ ဦး၊ သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူ ၆၂၈ ဦး တက်ရောက်ပညာသင်ကြားနေပြီး မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာအလုပ်သမားများ စီးနင်းလာသည့် ခရီးသည်တင်ယာဉ် တိုက်မှုဖြစ်

ခလောင်းခလုန် ဖေဖော်ဝါရီ ၁၇

ထိုင်းနိုင်ငံမြောက်ပိုင်း ကန်ဖိုင်ဖစ်ခရိုင်ရှိ ခလောင်းခလုန်မြို့နယ်၌ ဖေဖော်ဝါရီ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီက မြန်မာအလုပ်သမားများ စီးနင်းလိုက်ပါလာသည့် ခရီးသည်တင်ယာဉ်တစ်စီးသည် ၁၈ ဘီးယာဉ်နှင့် တိုက်မှုဖြစ်ပွားခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Associationin Thailand)က ဆက်သွယ်ပြောကြားချက် အရ သိရသည်။

ထိုင်းနိုင်ငံ အရှေ့တောင်ဘက်ရှိ ချုံဖွန်ရီခရိုင်မှတစ်ဆင့် တာ့ခ်ခရိုင် မဲဆောက်မြို့သို့ ဦးတည်လာသည့် ခရီးသည်တင် နှစ်ထပ်မှန်လုံယာဉ်သည် ခလောင်းခလုန်မြို့နယ် ထန္တန်းငင်းရွာအနီး၌ အရှေ့ဘက်မှ မောင်းနှင်လာသည့် ၁၈ ဘီးယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိသဖြင့် မြန်မာအလုပ်သမား ခြောက်ဦး သေဆုံးခဲ့ကာ ၃၀ ဒဏ်ရာရရှိခဲ့ပြီး ၁၂ ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း ခလောင်းခလုန်မြို့နယ်ရဲစခန်းမှ တာဝန်ကျရဲအရာရှိက မီဒီယာများအား ပြောကြားခဲ့ကြောင်း သတင်းဌာနများက ထုတ်ပြန်ခဲ့သည်။

အဆိုပါ သေဆုံးသူများမှာ ခရီးသည်တင်ယာဉ်မှ ယာဉ်မောင်း တစ်ဦး၊ ခရီးသည် သုံးဦး၊ ၁၈ ဘီးယာဉ်မှ ယာဉ်မောင်းသူ တစ်ဦး၊ ဘေးမှ လိုက်စီးလာသူ တစ်ဦး စုစုပေါင်း ခြောက်ဦးရှိကြောင်း သိရသည်။ ဒဏ်ရာရရှိသူများကို ဆိုင်ထောင်းဆေးရုံနှင့် ခလောင်းခလုန်ဆေးရုံနှစ်ခု၌ တင်ပို့ကုသထားကြောင်း မန်နေဂျာအွန်လိုင်း သတင်းဌာနဖော်ပြချက်အရ သိရသည်။ **စိုးဝင်း(SP)**

ပုသိမ်မြို့လယ်ကောင်ရွှေဆိုင်မှ ရွှေဆွဲကြိုးလုသူနှစ်ဦးကို ဖမ်းမိ

ပုသိမ် ဖေဖော်ဝါရီ ၁၇

ပုသိမ်မြို့လယ်ကောင်ရွှေဆိုင်မှ ရွှေဆွဲကြိုးဝယ်ဟန်ဆောင်ပြီး လုယူထွက်ပြေးသွားသည့် ညီအစ်ကိုနှစ်ဦးကို ဖမ်းဆီးရမိကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက ကုန်စုံလမ်းနှင့် မြေနုလမ်းထောင့်ရှိ နဝရတ်ရွှေဆိုင်ဖွင့်ချိန်၌ ရွှေဆိုင်ရောင်းတာဝန်ခံ မောင်အောင်စိုးမိုး (၂၀နှစ်)

ရှိနေစဉ် ဆိုင်ရှေ့၌ ဆိုင်ကယ်ဦးထုပ်ဆောင်းထားကြသော လူရွယ်နှစ်ဦးရောက်ရှိလာပြီး တစ်ဦးက ရွှေဆိုင်ထဲဝင်ရောက်၍ ရွှေဆွဲကြိုးတစ်ကုံး လိုချင်ကြောင်းပြောသဖြင့် မောင်အောင်စိုးမိုးက ရွှေဆွဲကြိုးများ ပြသနေစဉ် ငွေကျပ် ၁၂ သိန်းကျော်တန် ရွှေဆွဲကြိုးကိုရွေးယူကာ လမ်းပေါ်၌ ဆိုင်ကယ်နှင့် ရပ်နေသူ ဝင်းလှိုင်အား ငွေကျပ် ၁၂ သိန်းကျော်ပေးချေရန် လှမ်းပြောလိုက်ကြောင်း၊ ထို့နောက် အောင်စိုးမိုးက ငွေယူရန်ထွက်သွားစဉ် ရွှေဆွဲကြိုးဖိုးကျသင့်ငွေ ပေးချေခြင်းမရှိဘဲ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ ပုသိမ်နယ်မြေ အသည်ကြီး ရဲစခန်းမှ စခန်းမှူး ရဲအုပ်သိန်းဇော်ဦးနှင့်အဖွဲ့က ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ယခင်ပြစ်မှုကျူးလွန်ခဲ့ဖူးသူ မြင့်လှိုင်(၁၉ နှစ်)နှင့် ဝင်းလှိုင်(၂၇ နှစ်) ပုသိမ်မြို့နယ် သင်္ဘောကျင်းတစ်ဖက်ကမ်း ဆယ်ပင်ကြီးကျေးရွာနေသူတို့ဖြစ်နိုင်ကြောင်း သံသယရှိသဖြင့် ၎င်းတို့နှစ်ဦးအား ဆက်လက်ရှာဖွေရာ သာပေါင်းမြို့မဈေး ရွှေဆိုင်တစ်ဆိုင်၌ သက်သေခံရွှေဆွဲကြိုးကို ရောင်းချနေစဉ် ဖမ်းဆီးရမိခဲ့သည်။ **ပုသိမ်-လှကြည်**

မိုးညှင်းနှင့် ပြင်ဦးလွင်၌ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နယ်မြေခံတပ် မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၅ ရက်က နန့်မွန်း-မိုင်းနောင်သွားကားလမ်း မိုင်တိုင်အမှတ်(၂၀/၁)၌ နန့်မွန်းဘက်မှ မိုင်းနောင်ဘက်သို့ ဇော်ဝမ်းမောင်းနှင်ပြီး မအေးမြင့်ဇော် လိုက်ပါလာသော ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၉ ဒသမ ၁ ကီလို သိမ်းဆည်းရမိသည်။

ဖေဖော်ဝါရီ ၁၅ ရက်က ပြင်ဦးလွင်မြို့နေ အေးထွန်း(ခ)အတွမ်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ အာဆမ်း(ခ)လီရိုဟောက်အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၂၂-၂-၂၀၁၆ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၂-၂၀၁၆ရက် မွန်းလွဲ ၁နာရီမှ ၂နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ စွန့်ပစ်ပစ္စည်းအမျိုးအမည် အရေအတွက်နှင့်ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၀၇ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နေပြည်တော်သတင်းစာတိုက်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ-၄၀)၊ မြေကွက်အမှတ်(၁၀၂၂/ခ)မြေကွက်လိပ်စာ - ရွှေပြည်သာမြို့နယ်၊ (၁၄) ရပ်ကွက်၊ ပေါ်ဆန်းမွှေး(၃)လမ်း၊ အိမ်အမှတ်(၁၀၂၂/ခ) ၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးဝင်းအောင် (၇/ပခန (နိုင်) ၀၆၆၈၀၈) ကိုင်ဆောင်သူ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းမွှေး(၁၂/မရက(နိုင်) ၀၃၈၅၅၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, Dip.CA, WIPO	LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm
အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၅၀၆၀၄၆ ၊ ၀၉၅၅၀၄၂၆၅

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ ကံဘဲ့၊ မြေကွက်အမှတ် (၇/C[A]၊ ၇/ဖ၂[A])၊ မြေကွက်တည်နေရာအမှတ် ၉၈၀၊ ကမ္ဘာအေးစေတီလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ဦးသံချောင်း) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ဦးဘိုးဝဲထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၁၃/၁၉၆၂(၂၅-၁-၁၉၆၂)ဖြင့် တန်ကျင် ကျောင်း(ခ)ဦးကောက်က ပိုင်ဆိုင်လာပြီး တန်ကျင်ကျောင်း(ခ)ဦးကောက်မှာ(၇-၁၂-၁၉၇၉)ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီး ဒေါ်စောခင်(ခ)တော်ရှုတ်ကြူ၏ G/P ၃၇၂၇/၂၀၁၅(၁၈-၃-၂၀၁၅)ရရှိသူ ဒေါ်မြင့်မြင့်ဝင်း ၁၂/လသန(နိုင်)၀၀၃၉၈၂က ဒေါ်စောခင်(ခ)တော်ရှုတ်ကြူမှာ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကိုန်လွှာ၊ သေစာရင်းအရောင်းအဝယ်စာချုပ်အမှတ် ၁၃/၁၉၆၂(၂၅-၁-၁၉၆၂)၊ G/Pအထောက်အထား၊ G/Pပေးထားခြင်းအတွက် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းနှင့် G/P ပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကိုန်လွှာ၊ ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၃၀(ခ)၉၈(၁၈-၆-၉၈)၊ တရားရုံးချုပ် ပထမအယူခံမှုအမှတ် ၂၈၄/၉၈(၁၇-၁၁-၁၉၉၈)စီရင်ချက်နှင့် ဒီကရီတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရေးမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးဖြိုးစည်သူ၏သား မုံရွာမြို့ ပါရမီကိုယ်ပိုင် အခြေခံပညာအထက်တန်းကျောင်း ပဥ္စမတန်းမှ မောင်လျှံဘုန်းပြည့်အား မောင်လင်းထက်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းထက်ပိုင်**

Elite Telecom Public Co., Ltd

No. (A-9/10) Shwe Kabar Housing, Mindama Road,
Mayangone Township, Yangon, Myanmar

Invitation for Expression of Interest

Supply of Equipment and Installation Services for "Core Network Implementation & FTTx Expansion Project"

Elite Telecom Public Co., Ltd will establish the Core Network and to expand our existing FTTx service in Yangon. Interested companies/organizations are invited to express their interests for one or several of the following:

- Lot No. 1 Supply and Installation of Server Farm (Radius, DNS, email, Call Center)
- Lot No. 2 Supply and Installation of ISP Core Network with NOC and Data Center
- Lot No. 3 Supply and Installation of OLT & ONT
- Lot No. 4 Supply of ODN Equipment and Material
- Lot No. 5 Supply and Installation of OSS, BSS & ACS
- Lot No. 6 Supply and Installation of Data Center Infrastructure

Detail EoI and information can be downloaded from
www.elitetelecom-public.com.

အများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေဝင်းထွဋ်၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးရဲလင်းစိုး (၁၂/ပဘတ (နိုင်) ၀၂၇၉၃၈) ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့၊ ရွှေပေါက်ကံမြို့နယ်၊ (၁၅) ရပ်ကွက်၊ ပင်းယလမ်း၊ အမှတ် (၂၈)၊ မြေအကျယ် (၄၀ ပေ x ၆၀ ပေ)ရှိ မြေကွက်ပါမစ်အမည်ပေါက်သူ ဒေါ်ထွေးထွေး (၁၂/ဥကမ (နိုင်) ၁၆၅၇၅၀) (ဘ) ဦးလှထွန်းထံမှ အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူခဲ့သည့် အဆက်အစပ်စာချုပ်များအရ ဦးနေဝင်းထွဋ်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူဦးနေဝင်းထွဋ်၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးရဲလင်းစိုး၏ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ အဆိုပါမြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်းနှင့် အဆောက်အဦးများဆောက်လုပ်ကျူးကျော်နေထိုင်ခြင်းများမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမြအောင် (အောင်ကြီး)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၁၃)
အမှတ်-၁၆၃၊ ၄-လွှာ၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၅၁၅၁၂၄၆

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၂၂×၂၊ မြေကွက်အမှတ်-V Lass ၂၈၈၊ မြေကွက်တည်နေရာအမှတ်-၂၆၇၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ဦးညီ ညီ အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးညီညီ ၁၂/မရက(နိုင်) ၀၄၁၇၀၁ ကိုယ်တိုင်က ဖော်ပြပါမြေ၏ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ၁၉-၁၀-၂၀၁၅ရက်ထုတ် မြို့တော်သတင်းစာ၊ ၂၆-၁၀-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၂၂-၁၀-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် ကန့်ကွက်ရန်ရှိ/မရှိ ကြော်ညာထည့်သွင်းခဲ့သော်လည်း ကန့်ကွက်ချက်မရှိသဖြင့် အဆိုပါမြေ၏ ၂၅-၆-၁၉၉၀ရက်မှစ၍ ထုတ်ပေးခဲ့သော နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) မူရင်းအား ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ အမှတ်(၁၁)အကောက်ဆိပ်လမ်းရှိ အကွက်အမှတ် ၅၁၊ အကောက်ဆိပ်အကွက်၊ ဦးပိုင်အမှတ်၂၉၊ ဧရိယာ ၀ ဒသမ ၀၃၁ ဧကရှိ ဒေါ်မယ်ခန့် အမည် ပေါက်ဂရန်စာချုပ်သည် ပျက်စီးခဲ့ပါသဖြင့် ဒေါ်စန်းစန်းရီ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်းဂရန်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်ပြီး ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်ထွေးဇံ (၁၁/စတန(နိုင်) ၀၄၃၉၈၃၁) 'ထူးတိုင်းကျော်ကုမ္ပဏီလီမိတက်' ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မှာ လုပ်ငန်းလုပ်ကိုင်ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း - ၀၉ ၅၀၄၁၉၃၆၊ ၀၉ ၂၆၁၁၁၂၅၀၀

မြန်မာ့လက်ရွေးစင်အသင်း၏ တတိယမြောက်လေ့ကျင့်ခန်းတွင် နှစ်သင်းခွဲ၍ ခြေစမ်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်အတွက် လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့ ညနေပိုင်းက အပတ်စဉ် လေ့ကျင့်မှု၏ တတိယမြောက်နေ့အဖြစ် ဆက်လက်ပြုလုပ်ခဲ့ပြီး နှစ်သင်းခွဲ၍ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် တတိယမြောက် လေ့ကျင့်ခန်း အစီအစဉ်တွင် ကစားသမားစုံလင်ခြင်းမရှိဘဲ အသစ်ရွေးချယ်ထားသည့် ကစားသမားများ ပါဝင်လာသော်လည်း နယ်မြို့များတွင် ရောက်ရှိနေသည့် ကစားသမားများ လေ့ကျင့်နိုင်ခြင်းမရှိခဲ့ပေ။ ယနေ့ပြုလုပ်သည့် လေ့ကျင့်ခန်းအစီအစဉ်ကို ကစားသမား ၂၆ ဦးလာရောက်ခဲ့သော်လည်း ကစားသမားငါးဦးမှာ ဒဏ်ရာရရှိနေသောကြောင့် ၂၁ ဦးသာ လေ့ကျင့်နိုင်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်မှာ ကစားသမားများ၏ ခြေစွမ်းကို လေ့လာနိုင်ရန်အတွက် နှစ်သင်းခွဲ၍ ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့သည်။ ခြေစမ်းပွဲတွင် အစိမ်းရောင်အသင်းက အဖြူရောင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းကို မူလက ပဏာမကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းခဲ့သော်လည်း နောက်ထပ်ကစားသမား ငါးဦးရွေးချယ်ခဲ့သောကြောင့် လက်ရှိတွင် ကစားသမား ၃၄ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲ ယှဉ်ပြိုင်ရန် မတ် ၇ ရက်တွင် အပြီးသတ် ကစားသမား ၂၃ ဦး ရွေးချယ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၃ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့်ခြေစမ်းပွဲ၊ မတ် ၂၉ ရက်တွင် လက်ဘနွန်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ**

မြန်မာ့လက်ရွေးစင်အသင်း နှစ်သင်းခွဲ၍ ခြေစမ်းကစားနေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

○ *ကျောဖုံးမှ*

အနိုင်ရရှိခဲ့သည်။ အုပ်စု(ခ)တွင် မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ပွဲပြတ်၊ စင်ကာပူအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မြန်မာအသင်းက စင်ကာပူအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က)၌ မလေးရှားအသင်းက ပထမ၊ လာအိုအသင်းက ဒုတိယ၊ အုပ်စု(ခ)၌ မြန်မာအသင်းက ပထမ၊ စင်ကာပူအသင်းက ဒုတိယတို့ရရှိခဲ့ပြီး ဆီမီးပွဲစဉ်များအဖြစ် မြန်မာနှင့် လာအို၊ မလေးရှားနှင့် စင်ကာပူတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲတို့ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ချန်ပီယံလိဂ် ပထမအကျော့ ပီအက်စ်ဂျီနှင့် ဘင်ဖီကာ အနိုင်ရရှိ

သီဟ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်(ပထမအကျော့)ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းက စတင်ယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီနှင့် ချယ်လ်ဆီးပွဲစဉ်တွင် ပီအက်စ်ဂျီအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါနှစ်သင်းသည် ချန်ပီယံလိဂ် ရှုံးထွက်အဆင့်တွင် သုံးနှစ်ဆက်တိုက် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယင်းပွဲ၌ ပွဲချိန် ၃၉ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်စစ်မှူး အီဗရာဟီမိုဗစ် တိုက်ရိုက်ကန်သွင်းခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ချယ်လ်ဆီးအတွက် ချေပဂိုးကို အိုဘီမီခေး ခေါင်းတိုက်သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၇၈ မိနစ်တွင် လူစားဝင်လာသော တိုက်စစ်မှူး ကာဗာနီက ပီအက်စ်ဂျီအတွက် အနိုင်ဂိုး သွင်းယူခဲ့သည်။

တခြား ပွဲစဉ်တစ်ပွဲဖြစ်သည့် ဘင်ဖီကာနှင့် ဇင်းနစ်ပွဲတွင် ဘင်ဖီကာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဘင်ဖီကာအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲပြီးခါနီး မိနစ် ၉၀ တွင် ကွင်းလယ်ကစားသမား ဂျိုနက်စ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား News Channel

၁၈-၂-၂၀၁၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၆ း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇ း၁၅ - အနုပညာသတင်းအစီအစဉ်
- ၉ း၁၅ - လှပစုံလင် အာဆီယံတစ်ခွင်
- ၁၀း၁၅ - အလုပ်အကိုင် အခွင့်အလမ်း အစီအစဉ်
- ၁၁း၁၅ - လောကရဲ့ အလှရတနာ
- ၁၃း၄၅ - လူကုန်ကူးမှု ဆိုင်ရာပညာပေး အစီအစဉ်(ကျွန်ပြုခြင်း) (R ဇာနည်)

ညပိုင်း

- ၁၅း၁၅ - ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ
- ၁၆း၁၅ - Football Magazine (ရှမ်းယူနိုက်တက်အသင်း)
- ၁၇း၁၅ - ပြည်သူတို့ရဲ့ စကားသံများ
- ၁၈း၁၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၂၀း၀၀ - ပြည်တွင်းသတင်း
- - ဒုတိယအကြိမ်မြောက် အာရှဖိတ်ခေါ်ခြင်းလုံးပြိုင်ပွဲ ၂၀၁၆

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

MINISTRY OF ELECTRIC POWER
DEPARTMENT OF ELECTRIC POWER PLANNING
REQUEST FOR EXPRESSIONS OF INTEREST
(CONSULTING SERVICES-FIRMS SELECTION)

National Electrification Project

Credit No:5727-MM

Assignment Title:Project Management and Implementation Support Consultant
Reference No.C1-TA 4

The Ministry of Electric Power has received financing from the World Bank toward the cost of the National Electrification Project, and intends to apply part of the proceeds for consulting services.
The consulting services ("the Services")include the following scope:

1. **Project Management and Supervision.**
2. **Power Distribution Design**
3. **Technical Specifications**
4. **Procurement Support Services**
5. **Institutional Capacity Building**

The National Electrification Project (NEP)now invites eligible consulting firms ("Consultants")to indicate their interest in providing the Services.Interested Consultants should provide information demonstrating that they have the required qualifications and relevant experience to perform the Services.

The shortlisting criteria are

1. Experience on similar nature projects is critical.
2. The interested consulting firm should have at least 10 years of experience in the area of power distribution systems and electrification projects.
3. At least 3 contracts of similar nature and complexity, or more complex and relevant, that the firm has successfully completed in the past 5 years;
4. The consultant shall have good design and engineering skills for the power distribution system projects to carry out the design and to review and approve all contractor's engineering designs.
5. The consultant should be experienced in the management of the implementation of distribution system projects; cost, quality and schedule control; commissioning and acceptance of works; good reporting and communication skills; good contractor management skills;
6. The firm should have experience of the financial Management at similar project.
7. The firm should have experience of working in the Client's Country developing countries in South East Asia.
8. The firm should have extensive experience with institutional capacity building, including training and on-the-job training.
9. The firm should have good experience in developing and applying design standards for power distribution networks.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's

Guidelines: Selection and Employment of Consultants [under IBRD Loans and IDA Credits & Grants] by World Bank Borrowers, **July 2014 (Consultant Guidelines), setting forth the World Bank's policy on conflict of interest.**

Consultants may associate with other firms in the form of a joint venture or a sub-consultancy to enhance their qualifications.

A Consultant will be selected in accordance with the Quality-and Cost-based Selection (QCBS) method set out in the Consultant Guidelines.

Further information can be obtained at the address below during office hours 09:30to 16:00 hours.

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by fax, or by e-mail) by March 11, 2016.

Attn: Director General
Department of Electric Power Planning
Ministry of Electric Power
Office No.27, Nay Pyi Taw, Myanmar.
Tel:+9567410205, 678104216
Fax:+95678104209
E-mail:nep.pmomoep@gmail.com

အိတ်ဖွင့်လေလံခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အောက်ဖော်ပြပါ မြို့ဆိပ်ကမ်းများအလိုက် ဆိပ်ကမ်းကပ်ခအခွန်များအား လေလံဝယ်ယူကြရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ဆိပ်ကမ်းအမည်
၁။	မုံရွာ
၂။	မင်းကင်း
၃။	ကလေးဝ
၄။	မော်လိုက်
၅။	ဖောင်းပြင်
၆။	ဟုမ္မလင်း
၇။	ခန္တီး
၈။	ထီးချိုင့်
၉။	ကသာ
၁၀။	မြင်းမူ
၁၁။	စစ်ကိုင်း
၁၂။	စစ်ကိုင်း(မင်းကွန်း)

လေလံပုံစံရယူရမည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့

လေလံပုံစံယူရမည့်ရက် - ၁၇-၂-၂၀၁၆ရက်မှ ၈-၃-၂၀၁၆ရက်အထိ (ရုံးချိန်အတွင်း)

လေလံဖွင့်လှစ်မည့်ရက်/အချိန် - ၁၁-၃-၂၀၁၆ရက် (သောကြာနေ့) ၁၀း၀၀ နာရီ

လေလံဖွင့်လှစ်မည့်နေရာ - သစ်တောလမ်း၊ ဒေသ(၆)၊ တိုင်းဒေသကြီး ရေမြစ်ဖြိုးဦးစီးဌာနရုံး

အိတ်ဖွင့်လေလံပုံစံ၊ ကြမ်းခင်းဈေးနှုန်း၊ လေလံစည်းကမ်းချက်များ၊ ဆိပ်ကမ်းကပ်ခနှုန်းထားများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး ဖုန်း-၀၇၁-၂၁၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ချယ်ရီရိုးမ

Car Rental Services

လူကြီးမင်းတို့စိတ်တိုင်းကျ ကားမျိုးစုံကို
- လေဆိပ်(ကြို/ပို့)
- မင်္ဂလာဆောင်/ဘွဲ့နှင်းသဘင်
- နာရီပိုင်း/ရက်ပိုင်း (မြို့တွင်း/မြို့ပြင်)
- ဘုရားဖူးခရီးစဉ်များအတွက်
- (၄/၇/၉/၂၅/၄၅)ယောက်စီး ကားမျိုးစုံကို

ဈေးနှုန်းချိုသာစွာ ကျွမ်းကျင်သော ယာဉ်မောင်းများဖြင့် ဝန်ဆောင်မှုပေးနေပါသည်။ Travel & Tour များ အသင်းအဖွဲ့အစည်းများ၊ Agent များ ဆက်သွယ်ငှားရမ်းနိုင်ပါသည်။ ဖုန်း-၀၁-၄၃၀၃၁၆၊ ၀၉-၄၂၁၁၅၉၉၃၂၊ ၀၉-၄၂၁၀၅၉၈၂၆
လိပ်စာ- A(၂၃၀)၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် - ၅၂၂

ဦးအောင်ကျော်မင်း အမှတ် (၄၇)၊ သာယာရွှေပြည်လမ်း တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ် (၄င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဦးအောင်နိုင်ဝင်း)	နှင့်	ဒေါ်နီလာအေး အမှတ် (၅၁)၊ အခန်း (၁၀၁) ပထမထပ်၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ ပထမထပ်၊ တိုက်(၅၁)၊ အခန်း (၁၀၁)နေ ဒေါ်နီလာအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ကျော်မင်းက ပဋိညာဉ်ပျက်ကွက်မှုကြောင့် စရန်ငွေနှစ်ဆဖြစ်သော ငွေကျပ်သိန်း (၁၈၆၀)ကျပ်ရလိုမှု (သို့) ကွန်ဒိုတိုက်ခန်းဖိုး ကျန်ငွေများကိုလက်ခံ၍ ကွန်ဒိုတိုက်ခန်း လက်ရောက်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၁၄ ရက် (၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မောင်လတ်)
တွဲဖက်ခရိုင်တရားသူကြီး (၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဆရာငွေ နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
နွေ(၃)လနှင့် ပုံမှန်တန်းခွဲများ
ကျောင်းသားများ Letter, Essay, Character ၃၅ မှတ်ဖိုး အလွတ်ကျက်ဖြေခြင်းမှ လွတ်အောင် မတက်မဖြစ်တက်ပါ။ တွေးနည်း/ရေးနည်းကို မူပိုင်နည်းသစ် စာအုပ်ဖြင့် သင်သည်။ အရွယ်မရွေး တက်နိုင်သည်။
၄တန်းမှ ၆တန်းထိ နှင့် ၇၊၈၊၉၊၁၀ တန်းများ
နွေ-March 7,9 စမည် လူကြီး-March 5,7 စမည် Guide များ အိမ်လိုက်သင်သည်
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ပြောင်းလဲခေါ်ပါရန်

နောင်ချိုမြို့နယ်၊ ရွှေမုဋ္ဌောကျေးရွာနေ ဦးငွေးကျော်-ဒေါ်ဇာခြည်လင်းတို့၏ သမီး စတုတ္ထတန်း အထကခွဲ ရွှေမုဋ္ဌောကျောင်းမှ မသက်ထားဖြိုးအား ယနေ့မှစ၍ မဝင်းပပကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မဝင်းပပကျော်**

ဦးသန့်ဇော် B.Sc.IC.Q.DA, DMP, MBA, ACCA (pro)
LCCI I & II (၃)လပြတ်
1 Mar 2016 စမည် / June စာမေးပွဲ
Sec (E): Mon to Wed 3:30 - 5:30 pm
Sec (G): Mon to Wed 6:00 - 7:45 pm
(သင်တန်းကြေးအရစ်ကျ)

ဝါရင့်ဆရာ/ဆရာမကြီးများသင်မည်
စီးပွားရေးတက္ကသိုလ်
MBA/DMA ဝင်ခွင့်
GMAT, Reasoning & English သင်တန်းများ
Sec(A) Sat-Sun၊ (B) Weekdays စပြီ (MPA, MDevS အပါအဝင်)
■ မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။

ORION Business School ●●● အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (အုံ့စင်တာအနီး)။ 09 5115997

ဓာတုဗေဒပစ္စည်းစီမံခန့်ခွဲမှုနှင့် ဓာတုဗေဒပစ္စည်းများအား အမျိုးအစား အဆင့်အတန်းခွဲခြားခြင်းနှင့်တံဆိပ်ကပ်ရာတွင် တစ်ကမ္ဘာလုံး ညီညွတ်စေသည့်စနစ်

ဒေါက်တာ လပြည့်ခင်

(ယမန်နေ့မှအဆက်)

လူနှင့်သက်ရှိသတ္တဝါများ အာရုံကြောထိခိုက်ခြင်း၊ ကိုယ်လက်မလှုပ်ရှားနိုင်ခြင်း၊ လူ့အရေပြားကိုရောင်ရမ်း နီမြန်းစေခြင်း (Erythema)၊ အရေပြားကင်ဆာရောဂါဖြစ်ပွားစေခြင်း (Skin Cancer) နှင့် မျက်စိအာရုံများ ကျဆင်းလာခြင်း၊ မျက်စိတိမ်စွဲခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ သန္ဓေသားထိခိုက်ခြင်း၊ ကိုယ်လက်အင်္ဂါထိခိုက်ခြင်း၊ ကိုယ်လက်အင်္ဂါမစုံသောကလေး၊ ဆွံ့အနားမကြားကလေး၊ ဉာဏ်မမီကလေးများမွေးဖွားလာခြင်း၊ အသည်းနှင့် ကျောက်ကပ်ရောဂါများဖြစ်ပေါ်လာခြင်း၊ ကင်ဆာရောဂါကဲ့သို့ ထူးခြားသောရောဂါများ ကြုံတွေ့ခံစားရခြင်းတို့အပြင် လူနှင့် တိရစ္ဆာန်များတွင် ရောဂါဘယကို ခုခံနိုင်စွမ်းကျဆင်းစေပါသည်။ စိုက်ပျိုးရေးတွင်လည်း သီးနှံပင်များ၏ ကြီးထွားမှုကို ဟန့်တားစေပြီး သီးနှံအထွက်နှုန်းကိုလည်း ကျဆင်းစေပါသည်။ သီးနှံများ၏ အာဟာရဖြစ်မှုကိုကျဆင်းစေပြီး အဆိပ်အတောက်ဖြစ်မှုကို တိုးပွားစေပါသည်။ အပင်၏ပုံသဏ္ဌာန်ပြောင်းလဲစေနိုင်ပြီး အပင်နှင့်ပိုးမွှားမျှတနေသည့် သဘာဝပတ်ဝန်းကျင်ကိုလည်း ပျက်စီးစေပါသည်။ ပလတ်စတစ်၊ ရော်ဘာ၊ သုတ်ထားသည့် ဆေး၊ သစ်သား၊ စက္ကူ၊ သားမွေးနှင့် ချည်ထည် အစရှိသည့် လူသုံးကုန် ပစ္စည်းများကိုလည်း ယိုယွင်းပျက်စီးစေပြီး ယင်းတို့၏ တာရှည်ခံမှုနှင့် အသုံးဝင်မှုတို့ကိုလည်း လျော့ကျစေပါသည်။ အထက်ပါဖြစ်ရပ်များ ဆက်လက်မဖြစ်ပွားစေရန်အတွက် သတ်မှတ်ထားသော ဓာတုပစ္စည်းများကို ပြောင်းလဲသုံးစွဲရန်နှင့် အိုဇုန်းလွှာကို မထိခိုက်စေသော နည်းပညာများကို အသုံးပြုခြင်းဖြင့် အိုဇုန်းလွှာထိန်းသိမ်းရေးကို ကူညီရာရောက်ပါသည်။ အိုဇုန်းလွှာများမရှိဘဲ ကမ္ဘာမြေပြင်ပေါ်တွင် သက်ရှိများ ရှင်သန်ဖွံ့ဖြိုးရန် ခဲယဉ်းသောကြောင့် အိုဇုန်းလွှာမထိခိုက်စေသော ဒြပ်ပစ္စည်းများသုံးစွဲထားသည့် လူသုံးကုန်ပစ္စည်းများနှင့် နည်းပညာများကို အသုံးပြုခြင်းဖြင့် အိုဇုန်းလွှာထိန်းသိမ်းရေးကို လူသားတိုင်းအသိရှိရှိဖြင့် ဝိုင်းဝန်းကာကွယ်သွားကြရန် လိုအပ်ပါသည်။

GHS တံဆိပ်များကို ဖော်ပြရာတွင် အောက်ပါအတိုင်း ရေပြင်ညီမှ ၄၅ ဒီဂရီစောင်းပြီး အနီရောင်ပေါင်ခတ်ထားသည့် စတုရန်းအကွက်ထဲတွင် အက္ခရာစာသားများ လုံးဝမပါရှိဘဲ လူတိုင်းလွယ်ကူရှင်းလင်းစွာ သိမြင်နိုင်သည့် ရုပ်ပုံလေးများကို အဖြူရောင်အောက်ခံတွင် အမည်းရောင်ဖြင့် ရေပြင်ညီအတိုင်း အတည့်ရေးဆွဲဖော်ပြထားပါသည်။ ဓာတုပစ္စည်းများကို သုံးစွဲပုံအရ GHS ရုပ်ပုံတံဆိပ်များကို နှစ်မျိုးခွဲခြားထားပါသည်။ ပထမတစ်မျိုးမှာ ဓာတုပစ္စည်းများကို ထည့်သွင်းသည့် ထည့်စရာပစ္စည်း (Container)နှင့် လုပ်ငန်းခွင်တွင် အန္တရာယ်သတိပေးရာ၌ သုံးစွဲရမည့် Label ရုပ်ပုံများဖြစ်ပြီး ဒုတိယတစ်မျိုးမှာ အန္တရာယ်ရှိကုန်စည်များကို သယ်ယူပို့ဆောင်ရာတွင် သုံးစွဲရမည့် Label ရုပ်ပုံများဖြစ်သည်။ ယင်းအတွက် သီးသန့်ရေးသားဖော်ပြသွားပါမည်။ ရှေးဦးစွာ ပထမတစ်မျိုးအတွက် အသုံးပြုဖော်ပြရမည့် ရုပ်ပုံကိုးမျိုးကို ရှင်းလင်းရေးသားသွားပါမည်။

GHS တံဆိပ်များကို ဖော်ပြရာတွင် အောက်ပါအတိုင်း ရေပြင်ညီမှ ၄၅ ဒီဂရီစောင်းပြီး အနီရောင်ပေါင်ခတ်ထားသည့် စတုရန်းအကွက်ထဲတွင် အက္ခရာ စာသားများ လုံးဝမပါရှိဘဲ လူတိုင်း လွယ်ကူရှင်းလင်းစွာ သိမြင်နိုင်သည့် ရုပ်ပုံလေးများကို အဖြူရောင်အောက်ခံတွင် အမည်းရောင်ဖြင့် ရေပြင်ညီအတိုင်း အတည့် ရေးဆွဲဖော်ပြထားပါသည်။

ရုပ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ် (Physical Hazard)

(၁)

ပေါက်ကွဲသောဗုံး (Exploding Bomb)

ဤပုံသည် ဖောက်ခွဲနိုင်ပြီး ပေါက်ကွဲမှုကိုဖြစ်စေနိုင်သော ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းများ **(Explosive Chemicals)**၊ ပြင်ပမှ Oxygen (လေ) မပေးဘဲနှင့် အလိုအလျောက်ပူလာပြီး တည်မြဲမှုမရှိဘဲ ဓာတ်ပြိုကွဲလွယ်သည့် ကိုယ်တိုင်ဓာတ်ပြုလွယ်သော ဓာတုပစ္စည်းများနှင့် အရောများ **(Self-Reactive Substances & Mixtures)**၊ အပူပေးခြင်းကြောင့် ပေါက်ကွဲစေနိုင်သည့်ပစ္စည်းများ **(Organic Peroxide)** ကိုဖော်ပြသည့်အခါတွင် အသုံးပြုသည့် အနီရောင် ပေါင်ကွပ်ထားပြီး အဖြူရောင် အောက်ခံပေါ်တွင် အမည်းရောင်ဖြင့် ပေါက်ကွဲလွင့်စဉ်နေသည့် ရုပ်ပုံဖြစ်သည်။

(၂)

မီးတောက်ပုံ (Flame Pitogram)

မီးဘေးသတိပေးရာတွင် ဖော်ပြသည့်ပုံဖြစ်သည်။ မီးလောင်လွယ်သော ဓာတုပစ္စည်းများ (Flammable Chemicals) ဖြစ်သည့် ဓာတ်ငွေ့များ၊ အခဲများ၊ အရည်များနှင့် လေဖိအားသုံးပြီး သိပ်သည်းစွာ ထည့်ထားသော ဓာတုပစ္စည်းများ **(Flammable Gas, Solid, Liquid and Aerosol)**၊ လေနှင့်တွေ့လျှင် ငါးမိနစ်အတွင်း မီးလောင်သည့် အလိုအလျောက်မီးလောင်သောအရည်နှင့် အခဲများ **(Pyrophorics Liquids/ Solids)**၊ ကိုယ်တိုင်အပူထွက်ခြင်းဖြင့် ကိုယ်တိုင်မီးလောင်ခြင်း သို့မဟုတ် အပူမြင့်စေသည့်အရာများဖြစ်သည့် ကိုယ်တိုင်အပူထွက်သည့်ပစ္စည်းများ (Self-Heating Chemicals)၊ ကိုယ်တိုင်ဓာတ်ပြုလွယ်သော ပစ္စည်းများနှင့် ဓာတ်ရောများ **(Self-Reactive Substances & Mixtures)**၊ ရေနှင့်ထိတွေ့ပါက မီးလောင်လွယ်သည့် ဓာတ်ငွေ့များထုတ်လွှတ်သော ဓာတုပစ္စည်းများ **(Substances which in contact with water emit flammable gases)**၊ လေထုထဲတွင် မီးရှူးမီးပန်းများ ထွက်ပေါ်သည့် ဓာတုပစ္စည်းများကို ဖော်ပြသည့်အခါတွင် အနီရောင်ပေါင်ကွပ်ထဲတွင် အဖြူရောင်အောက်ခံဖြင့် အမည်းရောင်မျဉ်းထူတစ်ကြောင်းပေါ်တွင် အမည်းရောင် မီးတောက်ပုံ ရေးဆွဲထားခြင်းဖြစ်သည်။

(၃)

စက်ဝိုင်းပေါ်ကမီးတောက်ပုံ (Flame over Circle)

ဤပုံသည် လေမရှိသည့်အခါ၌ပင်လျှင် အခြားဓာတုပစ္စည်းများနှင့် တုံ့ပြန်မှုဖြစ်စေနိုင်ပြီး မီးတောက်စေနိုင်ခြင်း၊ Oxygen ထုတ်ပေးခြင်းဖြင့် လေကဆောင်ရွက်သည်ထက် အခြားအရာဝတ္ထုများကို ပြိုကွဲစေရန် အားပေးခြင်းဖြစ်သော ဓာတ်တိုးစေသည့်ဓာတုပစ္စည်း (Oxidizing Chemicals) များဖြစ်သည့် **Oxidizing Gas/Liquid/Solid**၊ ဩဂဲနစ်ပါအောက်ဆိုက်**(Organic Peroxide)** များကို ဖော်ပြသည့်အခါတွင် အနီရောင်ပေါင်ကွပ်ထဲတွင် အဖြူရောင်အောက်ခံဖြင့် အမည်းရောင်မျဉ်းတို တစ်ကြောင်းပေါ်တွင် အမည်းရောင်စက်ဝိုင်းရှိပြီး ယင်းအပေါ်တွင် မီးတောက်များ ထွက်ပေါ်နေသောပုံ ရေးဆွဲထားခြင်းဖြစ်သည်။

(၄)

ဆလင်ဒါဓာတ်ငွေ့အိုးပုံ (Gas Cyclinder)

ဤပုံသည် ဖိအားဖြင့် ဆလင်ဒါပုံသံအိုးထဲတွင် ဓာတ်ငွေ့များကို ဖိသိပ်ထည့်ထားပြီး အိုးကိုအပူပေးသောအခါတွင်ဖြစ်စေ၊ မတော်တဆအိုးကွဲသောအခါတွင်ဖြစ်စေ ပေါက်ကွဲနိုင်ပြီး ပါဝင်သည့် ဓာတုပစ္စည်းများမှ မီးလောင်မှုကိုဖြစ်ပွားစေနိုင်သည်။ 20°C တွင် ထုထည်ကျုံ့ငယ်သွားအောင် ဖိသိပ်ထားသော ဓာတ်ငွေ့များ သို့မဟုတ် 200 kPa Pressure ဖိအား၌ ခွက်တစ်ခုတွင် ထည့်ထားသောဓာတ်ငွေ့**(Compressed Gas)** သို့မဟုတ် အရည်အဖြစ်ပြောင်းထားသောဓာတ်ငွေ့ **(Liquefied Gas)** သို့မဟုတ် အအေးခံထားပြီး အရည်အဖြစ် ပြောင်းသွားသောငွေ့ရည်ဖြစ်နေသည့် ဓာတ်ငွေ့ **(Refrigenated Liquefied Gas)** နှင့် ပျော်ဝင်အောင်ဖိသိပ်ထားသည့် ဓာတ်ငွေ့ **(Dissolve Gas)** အစရှိသည့် ဖိအားပေးထားသည့် ဓာတ်ငွေ့များ **(Gas Under Pressure)** အားလုံး အကျုံးဝင်ပါသည်။ အနီရောင်ပေါင်ကွပ်ထဲတွင် အဖြူ ရောင်အောက်ခံ၌ အမည်းရောင်အသားပြည့်ဖြင့် ခပ်စောင်းစောင်းလှဲထားသည့် အနေအထားဖြင့် ဓာတ်ငွေ့ဆလင်ဒါအိုးပုံဖြစ်ပါသည်။

(၅)

သံချေးစားခြင်း၊ လောင်စားခြင်းသင်္ကေတ (Corrosive Pictogram)

အနီရောင်ပေါင်ကွပ်ထဲ၌ အဖြူရောင်အောက်ခံပေါ်တွင် အမည်းရောင်ဖြင့် ကျည်တောက်ပြွန် (Test Tube) အတွင်းမှ အရည်များထွက်ကျနေပြီး သတ္တုမျက်နှာပြင်နှင့် လက်ဝါးကို လောင်စားနေပုံတို့ကို ဘေးချင်းယှဉ်၍ ဖော်ပြထားသောဤပုံသည် ဓာတုဓာတ်ပြုမှုဖြင့် ထိတွေ့သည့်သတ္တုများကို ဖျက်ဆီးသည့်ပစ္စည်း **(Corrosive to Metal)** များဖြစ်သော အက်စစ်ကဲ့သို့ လောင်စားသည့် ဓာတုပစ္စည်း **(Corrosive Chemicals)** များကို ဖော်ပြသည့်အခါတွင် သုံးပါသည်။

(၆)

ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ် (Health Hazard)

အရိုးခေါင်းနှင့် ကြက်ခြေခတ် အရိုးနှစ်ချောင်းပုံ (Skull & Crossbone Pictogram)

ဤပုံသည် ပါးစပ်မှမျိုချမိခြင်းကြောင့်ဖြစ်စေ (Oral)၊ အရေပြားမှစုပ်ယူခြင်းကြောင့်ဖြစ်စေ (Demal)၊ နှာခေါင်းမှရှူသွင်းမိခြင်းကြောင့်ဖြစ်စေ (Inhalation) ကိုယ်ခန္ဓာအတွင်းသို့ နည်းတစ်မျိုးမျိုးဖြင့် ရောက်ရှိလာသည့်အခါတွင် အဆိပ်သင့်မှုချက်ချင်းခံစားရပြီး **(Acute Toxicity)** အသက်ဆုံးရှုံးရသည်အထိ ဘေးအန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများကို **(Danger)**အနေဖြင့် ဖော်ပြသည့်အခါတွင် အသုံးပြုပါသည်။ အနီရောင်ပေါင်ကွပ်ထဲတွင် အဖြူရောင်အောက်ခံ၌ အမည်းရောင်ဖြင့် လူအရိုးခေါင်းပုံနှင့် ယင်း၏အောက်တွင် အရိုးချောင်းနှစ်ချောင်းကို ကြက်ခြေခတ်ပုံဖြင့် ဖော်ပြကြပါသည်။

(၅/၇)

လောင်စားခြင်းသင်္ကေတ (Corrosive Pictogram)

ဤပုံကို ရုပ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်နှစ်မျိုးလုံးအတွက် အသုံးပြုနိုင်ပါသည်။ မျက်လုံးများ၊ အရေပြားတို့ကို ပြင်းထန်စွာထိခိုက်ပျက်စီးစေနိုင်သည့် **(Causes severe skin burns and eye damage)**ဓာတုပစ္စည်းများကို ဖော်ပြသည့်အခါတွင် အသုံးပြုပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

မြောက်ယမားဆည် ရေသောက်စနစ် ဧရိယာအတွင်း နှမ်းစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးနိုင်ရန်ဆည်ရေစလွှတ်

ပုလဲ ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်ရှိ မြောက်ယမားဆည်ရေသောက်စနစ် ဧရိယာအတွင်းမှ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာဖြင့် နှမ်းစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေကို ဖေဖော်ဝါရီ ၁၅ ရက်က စတင်၍ လွှတ်ပေးခဲ့ကြောင်း ပုလဲမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးညွန့်က "ဒီမြောက်ယမားဆည်အနေနဲ့ ရေပေးနိုင်တဲ့ စိစစ်ဧရိယာ ဧက ၁၁၃၂၀ ရှိရာမှာ အမှန်ရေပေးနိုင်တဲ့ ဧက ၅၉၆၂ ဧက ရှိပါတယ်။ တောင်သူများအနေနဲ့ ယာမှလယ်ပြောင်းစနစ်ဖြစ်တဲ့ ဆည်ရေသောက်စနစ်ပြုပြင်နိုင်မယ်ဆိုရင် ဧက ၄၁၂၀ အထိ တိုးချဲ့ပြီး ရေပေးနိုင်မှာဖြစ်ပါတယ်။ ကျန်တဲ့ ၁၂၃၈ ဧကကတော့ ကုန်းမြေမြင့်မှာတည်ရှိတဲ့အတွက် ရေပေးဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် တောင်သူတွေသာအမှန်တကယ် စိုက်ပျိုးကြမယ်ဆိုရင် ပုံတောင်ခြေရှိ ဖလံပင်ကျေးရွာအနီးမှာတည်ရှိတဲ့ ဧကပေတစ်သိန်းကျော်ရေလှောင်နိုင်တဲ့ မြောက်ယမားရေကူတမံရှိတာကြောင့် မြောက်ယမားဆည်ကနေ စိုက်ဧက ၁၀၀၈၂ ဧကအထိစိုက်ပျိုးရေကို လုံလုံလောက်လောက်နဲ့ ပေးနိုင်ပါတယ်။ ဒီနှစ်နွေရာသီမှာ တောင်သူတွေအနေနဲ့ နွေစပါးနဲ့အခြားသီးနှံတွေကို စိုက်ပျိုးရေလုံလုံလောက်လောက်နဲ့ စိုက်ပျိုးနိုင်အောင် ဖေဖော်ဝါရီ ၁၅ ရက်က စတင်ပြီး ဆည်ရေကို လွှတ်ပေးထားပြီဖြစ်ပါတယ်"ဟု ပြောသည်။

မြောက်ယမားဆည်ကြောင့် ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်း နွေစပါးနှင့်အခြားသီးနှံစိုက်ပျိုးနိုင်မှုနှင့် ပတ်သက်၍လည်း "ပုလဲမြို့နယ်ဟာ မိုးခေါင်ရေရှားဒေသဖြစ်ပေမယ့် မြောက်ယမားဆည်ကြောင့်နွေ၊ မိုး၊ ဆောင်း ရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာနဲ့ စိုက်ပျိုးလျက်ရှိပါတယ်။ ဒီဆည်က ပုလဲမြို့နယ်အတွင်းက တောင်သူတွေသာမက ယင်းမာပင်မြို့နယ်အတွင်းက တောင်သူတွေအတွက်ပါ အကျိုးပြုပါတယ်။ မနှစ်က နွေရာသီမှာ ပုလဲမြို့နယ်မှာရှိတဲ့ နွေစပါး စိုက်ဧက ၁၀၀၀ နဲ့အခြားသီးနှံစိုက်ဧက ၉၀၀၊ ယင်းမာပင်မြို့နယ်မှာရှိတဲ့နွေစပါး စိုက်ဧက ၄၀၀ နဲ့အခြားသီးနှံစိုက်ဧက ၁၀၀ စုစုပေါင်း စိုက်ဧက ၂၄၀၀ လျာထားရာမှာ တောင်သူတွေအနေနဲ့ နွေစပါးနဲ့ အခြားသီးနှံစိုက်ဧက စုစုပေါင်း ၂၉၇၀ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ပုလဲမြို့နယ်သည် ယခင်က မိုးခေါင်ရေရှား ဒေသဖြစ်ခဲ့သဖြင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအားနည်းခဲ့ကြောင်း၊ မြောက်ယမားဆည်ကြီး တည်ဆောက်ပြီးနောက် စိုက်ပျိုးရေအလုံအလောက်ရရှိသဖြင့် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်မိုးစပါးစိုက်ရာသီတွင် မိုးခေါင်ခဲ့သော်လည်း မြောက်ယမားဆည်မှ ရေလုံလောက်စွာရရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ခဲ့ကြောင်း ပုလဲမြို့နယ် လက်တောင်းကျေးရွာနေ တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မင်းခန့်စိုး(ဧယျာမြေ)

မြောက်ယမားရေကူတမံ။

ညောင်ဦးမြို့နယ် မြပုခက်စေတီတော်ကြီး ထီးတော်တင်လှူမည်

ညောင်ဦး ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုအတွင်းရှိ သရက်ကုန်းရွာ၊ မြောက်ဖက်တန်းရွာနှင့် မြောက်ခက်လန်းကန်ရွာ သုံးရွာ၏ ရွာဦးထိပ်တွင်တည်ရှိသောမြပုခက်စေတီတော်ကြီး ထီးတော်တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြပုခက်စေတီတော်ကြီးသည် အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီတစ်ဆူဖြစ်ကြောင်း သမိုင်းအထောက်အထားများအရ သိရပြီး ယခုအခါစေတီတော်မှာ ပျက်စီးယိုယွင်းနေသဖြင့်အသစ်မွမ်းမံတည်းထားခဲ့ရာ စေတီတော်သစ်ကိုထီးတော်တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း ဂေါပကဥက္ကဋ္ဌ ဦးဆန်နီဝင်းက ပြောသည်။ မြပုခက်စေတီတော်ကြီး ထီးတော်တင်လှူပူဇော်ပွဲတွင် ပခုက္ကူမြို့ စိန်ကျော်ဇာတ်သဘင်မှ အနုပညာရှင်များက ရွှေထီးတော်ပင့်ဆောင်တင်လှူမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဌေး(ညောင်ဦး)

ထားဝယ်မြို့မှ မြေထည်လုပ်ငန်းများ ရပ်တည်ရန်ခက်ခဲလာ

ထားဝယ် ဖေဖော်ဝါရီ ၁၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းမှ ပြည်သူအချို့မိရိုးဖလာလုပ်ကိုင်လာခဲ့သော မြေအိုးလုပ်ငန်းများမှအိုးများကို ထားဝယ်မြို့သာမကမြိတ်၊ ကော့သောင်းမြို့နယ်များနှင့် ထိုင်းနယ်စပ်မြို့များအထိ ရောင်းချနေရဆဲဖြစ်သော်လည်း ပလတ်စတစ်ပစ္စည်းများ ဈေးကွက် တွင်ကျယ်လာခြင်းကြောင့် မြေထည်ပစ္စည်းများမှာ ရောင်းအားလျော့နည်းလာလျက်ရှိရာ မြေအိုးလုပ်ငန်းလုပ်ကိုင်သူဦးရေမှာလည်း လျော့နည်းလာလျက်ရှိကြောင်းသိရသည်။

ထားဝယ်မြို့ အိုးလုပ်အနောက်ရပ်ကွက်မှ မြေအိုးနှင့် မြေထည်များလုပ်ကိုင်သူ ဒေါ်ဇင်မာက လက်ရှိအချိန်တွင် မြေထည်ပစ္စည်းများ အရောင်းအဝယ်မှာအေးနေပြီး တစ်နှစ်ပတ်လုံးတွင် ထားဝယ်ရိုးရာ တန်ဆောင်တိုင်ပွဲတော်အချိန်တွင်သာ သပိတ်၊ ဆီမီးခွက်၊ ရေချမ်းအိုး၊ သောက်ရေအိုးစသည့် မြေထည်ပစ္စည်းများ အရောင်းသွက်ကြောင်း ပြောသည်။

ဈေးကွက်အတွင်း ဖိုက်ဘာနှင့်ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ တွင်ကျယ်စွာ ဝင်ရောက်လာသလို အဆိုပါပလတ်စတစ်ပစ္စည်းများမှာ မြေထည်များနှင့်နှိုင်းယှဉ်လျှင် ခိုင်ခံ့မှု၊ လှပမှုတွင် ပို၍အားသာပြီး ဈေးနှုန်းမှာလည်း ပို၍သက်သာသဖြင့် မြေအိုးအပါအဝင် မြေထည်များကိုအသုံးပြုသူနည်းလာခြင်းဖြစ်ကြောင်း၊ ထားဝယ်မြို့တွင် ယခင်ကမြေအိုးနှင့် မြေထည်ပစ္စည်းများ ပြုလုပ်သူ ၁၅ ဦးခန့်ရှိရာမှ သုံးနှစ်ခန့်အတွင်း အရောင်းအဝယ် ကျဆင်းလာခြင်းကြောင့် လုပ်ကိုင်သူများ လျော့သွားပြီး ယခုအခါလုပ်ကိုင်သူ ငါးဦးခန့်သာကျန်တော့ကြောင်း မြေထည်လုပ်ငန်းလုပ်ကိုင်နေသူများ၏ ပြောကြားချက်အရ သိရသည်။

နေမျိုးထွဋ်(ရေး)

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ အောင်မြင်နေသော ခြေလှမ်းများ

ကချင်ပြည်နယ်အတွင်းမှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ပြည်နယ်အစိုးရနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် ငါးလုပ်ငန်းဦးစီးဌာန၏ အဆင့်ဆင့်သော ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်အတွင်းရှိ မြစ်ချောင်းရေလျှံတွင်းများတွင် ငါးမျိုးစိုက်ထည့်ခြင်း၊ ဆည်နှင့်ရေလှောင်ကန်များတွင် ငါးမျိုးစိုက်ထည့်ခြင်း၊ ပေါင်းစည်းလယ်ယာများတွင်ငါးမျိုးစိုက်ထည့်ခြင်း၊ စပါးခင်းများတွင်ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးသားပေါက်စခန်းများ တည်ထောင်ခြင်းနှင့် အဆိုပါ ငါးသားပေါက်စခန်းများမှ ငါးသားပေါက်များ ထုတ်လုပ်ပေးခြင်း စသည့်ငါးလုပ်ငန်းကဏ္ဍတိုးတက်ရေးလုပ်ငန်းများကို၂၀၁၁ ခုနှစ်မှစ၍ ယခုအချိန်အထိဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၂၀၁၁-၂၀၁၂ ခုနှစ်မှစတင်၍ ယနေ့တိုင် ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ မြစ်ချောင်းရေလျှံတွင်းများတွင် ငါးကောင်ရေ ၅၃ သိန်းကိုလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ငါးကောင်ရေ ၅၈ သိန်းကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငါးကောင်ရေ ၁၇ သိန်းကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငါးကောင်ရေ ၁၇ သိန်းကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ငါးကောင်ရေကိုးသိန်းကိုလည်းကောင်း ငါးမျိုးစိုက်ထည့်နိုင်ခဲ့ပြီးဖြစ်သည်။

ဆည်နှင့်ရေလှောင်ကန်များတွင် မျိုးစိုက်ထည့်မှုအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငါးကောင်ရေ ၄၄ သိန်းကိုလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ငါးကောင်ရေ ၃၅ သိန်းကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငါးကောင်ရေ ၁၉ သိန်းကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင်ငါးကောင်ရေ ၁၇ သိန်းကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ငါးကောင်ရေ သုံးသိန်းကိုလည်းကောင်း ငါးမျိုးစိုက်ထည့်နိုင်ခဲ့ကြောင်း သိရသည်။

အင်းပေါင်းစည်းလယ်ယာတွင် ငါးမျိုးစိုက်ထည့်မှုမှာ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငါးကောင်ရေ ၁၅၀၀၀၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငါးကောင်ရေ ၂၀၀၀ ဖြစ်ပြီး စပါးခင်းတွင် ငါးမျိုးစိုက်ထည့်မှုမှာ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငါးကောင်ရေနှစ်သိန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ငါးကောင်ရေနှစ်သိန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငါးကောင်ရေသုံးသိန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငါးကောင်ရေ ၂၇ သိန်းဖြစ်ကြောင်း သိရသည်။

ငါးသားပေါက်ထုတ်လုပ်မှုအခြေအနေကိုလည်း တိုးတက်အောင်ဆောင်ရွက်လျက်ရှိပြီး ဝိုင်းမော်ငါးလုပ်ငန်းစခန်းမှ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငါးသားပေါက် သိန်း ၈၀၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ငါးကောင်ရေ ၉၈ သိန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငါးကောင်ရေ ၅၇ သိန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင်ငါးကောင်ရေ ၃၈ သိန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ငါးကောင်ရေငါးသိန်းတို့ကိုထုတ်လုပ်နိုင်ခဲ့ကာ ဗန်းမော်ငါးလုပ်ငန်းစခန်းမှ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငါးသားပေါက် ၅၅ သိန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ငါးသားပေါက် ၆၁ သိန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငါးသားပေါက် ၅၅ သိန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငါးသားပေါက်ကောင်ရေသိန်း ၆၀နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ငါးသားပေါက် ၁၁ သိန်းကို ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ငါးထုတ်လုပ်မှုအခြေအနေမှာလည်း တိုးတက်လာခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ပိဿာချိန် ၁၄၄၀၀၀၊ ပိဿာချိန် ၁၄၇၆၀၀၀၊ ပိဿာချိန် ၁၅၁၂၀၀၀၊ ပိဿာချိန် ၁၅၅၅၀၀၀၊ ပိဿာချိန် ၃၆၂၀၀၀ စသည်ဖြင့် နှစ်စဉ်တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

အင်းလုပ်ငန်းဖြင့်ငါးထုတ်လုပ်မှုမှာလည်း နှစ်စဉ်တိုးတက်နေပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပိဿာချိန် ၆၄၄၈၀၀၀၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပိဿာချိန် ၆၅၈၁၀၀၀၊၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပိဿာချိန် ၆၇၇၂၀၀၀၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပိဿာချိန် ၆၇၇၂၀၀၀ နှုန်းဖြင့် ထုတ်လုပ်နိုင်ခဲ့ ကြောင်း သိရသည်။

ထို့အပြင်ငါးသားပေါက်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ငါးသားပေါက်စခန်းများကိုလည်း တည်ဆောက်လျက်ရှိရာ ပြည်ထောင်စုရန်ပုံငွေကျပ်သိန်း ၅၀ စီဖြင့် မြစ်ကြီးနားမြို့တွင် ငါးသားဖောက်စခန်းတစ်ခု၊ ဝိုင်းမော်မြို့နယ်တွင် ငါးသားဖောက်စခန်းတစ်ခုနှင့်ဗန်းမော်မြို့နယ်တွင်ငါးသားဖောက်စခန်းတစ်ခုတို့ကို တည်ဆောက်နိုင်ခဲ့ပြီး မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် ပြည်ထောင်စုရန်ပုံငွေကျပ်သိန်း ၁၂၀ ဖြင့် ငါးသားပေါက်စခန်းတစ်ခုကို တည်ဆောက်ခဲ့သည်။

နှစ်အလိုက်ငါးမျိုးစိုက်ထည့်မှုအနေဖြင့်၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိုးညှင်းခရိုင် အင်းတော်ကြီးဒေသနှင့်အင်းကုန်းကျေးရွာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဝိုင်းမော်မြို့နယ် နန့်မြစ်ချောင်းအတွင်း ငါးမြစ်ချင်း သားပေါက်ကောင်ရေနှစ်သိန်း၊ ဝါရှောင်ဆည်တွင် ငါးမြစ်ချင်း သားပေါက်ကောင်ရေနှစ်သိန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဝိုင်းမော်မြို့နယ် နန့်လွန်းဆည်အတွင်း ငါးမြစ်ချင်းသားပေါက်ကောက်ရေ တစ်သိန်း၊ ဝါရှောင်ဆည်တွင် ငါးမြစ်ချင်းသားပေါက်ကောင်ရေနှစ်သိန်းကို မျိုးစိုက်ထည့်နိုင်ခဲ့ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းအဆင့်ဆင့်၏ ကြိုးကြပ်မှု၊ ကချင်ပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကချင်ပြည်နယ်အတွင်းမှ ငါးလုပ်ငန်းမှာ တစ်နှစ်ထက်တစ်နှစ် အောင်မြင်တိုးတက်လျက်ရှိရာ မြန်မာ့ငါးလုပ်ငန်းကဏ္ဍ တိုးတက်ရေးကိုပါ အထောက်အကူပြုလျက်ရှိနေပြီဖြစ်သည်။

ရွှေလင်းပြည့်စုံ

ဂျီနီဗာအပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲကြီး

သိပ္ပံစာရေးဆရာကိုကိုအောင်

အပိုင်း(၁)

၂၀၁၅ ခုနှစ်အတွင်းက ဆွစ်ဇာလန်နိုင်ငံ Foundation of the Geneva International Motor Show က ကြီးမှူးကျင်းပသည့်(၈၅)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲသို့တက်ရောက်ရန်ဖိတ်ကြားခြင်းခံခဲ့ရသဖြင့် ၂၀၁၅ ခုနှစ် ဥရောပခရီးစဉ်အတွင်း အဆိုပါပြပွဲကြီးကိုတက်ရောက်လေ့လာနိုင်ရန် ခရီးတစ်ထောက်အဖြစ် ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိခဲ့သည်။

ကမ္ဘာ့အလှပဆုံးနိုင်ငံဖြစ်သည့်ဆွစ်ဇာလန်နိုင်ငံသည် ဆီးနှင်းခဲများဖုံးလွှမ်းနေသော တောင်စဉ်တောင်တန်းများကြောင့် ကမ္ဘာ့အလယ်တွင် အလွန်ထင်ရှားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးကြမည်ဆိုလျှင် မြို့တော်ဖြစ်သည့် ဘန်းကိုလူသိနည်းပြီး ဂျီနီဗာမြို့ကိုသာလျှင် အများအားဖြင့် မှတ်မှတ်ရရ သိရှိနေကြလေ့ရှိသည်။

ဂျီနီဗာမြို့သည် ပြင်သစ်နိုင်ငံနှင့်ထိစပ်နေသော နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး အလွန်အေးချမ်းသာယာသော မြို့ပြတစ်ခုလည်း ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အရေးကိစ္စအဝဝကို အဓိကထားပြီး ဆောင်ရွက်နေသည့် ရုံးစိုက်ရာမြို့တစ်မြို့လည်း ဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် နိုင်ငံခြားရေးဝန်ကြီးများသည် ဂျီနီဗာမြို့သို့ အလုပ်တာဝန်ဖြင့် ရောက်ရှိလာလေ့ရှိကြသည်။

ထိုအချက်သည်ပင်လျှင် ဂျီနီဗာမြို့ကိုလူသိများစေသောအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ အလားတူပင် ထိုမှတစ်ဆင့်ဂျီနီဗာမြို့ကို ကမ္ဘာ့အလယ်၌ပို၍ထင်ရှားလာစေသော နောက်ထပ်အကြောင်းရင်း တစ်ရပ်မှာ ၁၉၀၅ ခုနှစ်မှစ၍နှစ်စဉ်ခမ်းနားကြီးကျယ်စွာကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီးပင်ဖြစ်သည်။

ဂျီနီဗာမြို့ရှိ Palexpo Convention Complex တွင် ကမ္ဘာတစ်ဝန်း ထုတ်လုပ်ရောင်းချနေကြသော မော်တော်ကား အမှတ်တံဆိပ်မျိုးစုံနှင့်တကွ ဆက်စပ်အပိုပစ္စည်းများကို တစ်စုတစ်စည်းတည်း လေ့လာကြည့်ရှုနိုင်အောင် ဂျီနီဗာအပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲကြီးကို ကျင်းပလာခဲ့သည်မှာ ၂၀၁၅ ခုနှစ်သည်(၈၅)ကြိမ်မြောက်ဖြစ်သည်။

ဂျီနီဗာမြို့တွင် ကျင်းပသော အဆိုပါ မော်တော်ကားပြပွဲကြီးသို့ လာရောက်ကြည့်ရှုသူအများစုမှာ နိုင်ငံခြားသားများ ဖြစ်ကြပြီး အနည်းစုကသာလျှင် ဆွစ်လူမျိုးများဖြစ်ကြသည်။ နိုင်ငံခြားသားအများစုဟုဆိုရာ၌ပင် စပိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဒိန်းမတ်၊ ဗြိတိန်၊ ဆွီဒင်၊ နော်ဝေ၊ ဖင်လန်၊ ဂရိ၊ ဩစတြီးယားစသော အနောက်ဥရောပနိုင်ငံများမှ အများဆုံးလာရောက်ကြပြီး အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊မက္ကဆီကို စသောနိုင်ငံများမှ ဒုတိယအများဆုံး လာရောက်လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ပိုလန်၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ဘီလာရပ်စ်၊ လတ်ဗီးယား၊ လစ်သူယေးနီးယားစသော အရှေ့ဥရောပနိုင်ငံများကလည်း လာရောက်လေ့လာကြည့်ရှုကြသည်။ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကတိုက်နိုင်ငံများမှ လာရောက်ကြသူတို့မှာ ပြပွဲလာပရိသတ်စုစုပေါင်း ဦးရေနှင့်နှိုင်းစာလျှင် အနည်းစုဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများမှ လာရောက်လေ့လာကြည့်ရှုသူ ဦးရေကမူ အလွန်ပင်နည်းပါးလှသည်။

နိုင်ငံခြားသားအများစုတို့ လာရောက်ကြည့်ရှုကြသည့် ပြပွဲကြီးတစ်ခုဖြစ်သည်နှင့်အညီ ပြပွဲခန်းမကြီး၏ အဝင်၌ ခရီးဆောင်သေတ္တာများ၊ လက်ဆွဲအိတ်နှင့်ကျောပိုးအိတ်များ၊ ကုတ်အင်္ကျီနှင့်ထီးများ အစရှိသည်တို့ကို အပ်နှံထားနိုင်သည့် ဝန်ဆောင်မှုကို စနစ်တကျစီစဉ်ပေးထားသည့်အတွက် ပြပွဲကိုကြည့်ရှုကြမည့် ပရိသတ်များအားလုံးသည်ပြပွဲခန်းမကြီးအတွင်း ဝန်စည်စလယ်မပါဘဲ တစ်ကိုယ်ရေတစ်ကာယ လွတ်လပ်ပေါ့ပါးစွာဖြင့် လေ့လာကြည့်ရှုနိုင်ကြသည်။

ပြပွဲကျင်းပရာ အဆောက်အအုံကြီးထဲတွင် ခန်းမကျယ်ကြီးခုနစ်ခုရှိပြီး ထိုခန်းမကျယ်ကြီးများထဲတွင် လာရောက်ခင်းကျင်းပြသကြသည့်ကုန်ပစ္စည်းနှင့် လုပ်ငန်းအမျိုးအစားများအပေါ် မူတည်ပြီး အဓိကအားဖြင့်အုပ်စုလေးစုခွဲခြားထားသည်။ ပထမအုပ်စုမှာမော်တော်ကားများကို ခင်းကျင်းပြသသည့်ပြခန်းများဖြစ်ကြပြီး ဒုတိယအုပ်စုမှာ ကားအပိုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ခင်းကျင်းပြသသည့်ပြခန်းများ ဖြစ်ကြသည်။

တတိယအုပ်စုမှာ မော်တော်ကားပြင်ဆင်မွမ်းမံသည့် အလုပ်ရုံ (Work Shop)များနှင့် အလုပ်ရုံသုံး စက်ကိရိယာများ၊ လက်သုံးကိရိယာများကိုခင်းကျင်းပြသသည့် ပြခန်းများဖြစ်ကြသည်။ နောက်ဆုံးအုပ်စုကမူ လူသုံးကုန်ပစ္စည်းများ၊ အမှတ်တရပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ စားသောက်ဆိုင်များ စသည်တို့ကိုခင်းကျင်းထားသည့်ပြခန်းများ ဖြစ်ကြသည်။

Palexpo Convention Complex ၏ ဖွဲ့စည်းတည်ဆောက်ထားပုံမှာ ပြခန်းများတည်ရှိသည့် ခန်းမကျယ်ကြီး ခုနစ်ခုကို Level တစ်ခုတည်း၌ တစ်ပြင်တည်း

တစ်ပြန့်တည်း ဖန်တီးပြုလုပ်ထားခြင်း မဟုတ်သလို ခန်းမတစ်ခုနှင့်တစ်ခုမှာ အထပ်မြင့်တိုက်များကဲ့သို့ အပေါ်ထပ်နှင့် အောက်ထပ်ပုံစံမျိုး ဖန်တီးထားခြင်းလည်း မဟုတ်ပေ။

ခန်းမအချို့သည်ပြင်ညီတစ်ခုတည်း၌ မျက်နှာချင်းဆိုင်ဖြစ်သလို အချို့သောခန်းမများကမူ ယင်းသို့ မျက်နှာချင်းဆိုင်ဖြစ်နေသော ခန်းမပြင်ကျယ်ကြီး၏ အစွန်းမှ ရိုးရိုးလှေကား၊ စက်လှေကားနှင့် ဓာတ်လှေကားတို့ဖြင့်တက်ရောက်ရသော နောက်တစ်ဆင့်ပြင်ညီ၌ထပ်ခိုးပုံစံဖြင့် တည်ရှိနေကြသည်။

ဂျီနီဗာ အပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲကြီး ကျင်းပရာ Palexpo Convention Complex တစ်ခုလုံးတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိအောင် စီစဉ်ပေးထားရုံမျှမက လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း မရှိစေရန်အတွက်လည်း အဆောက်အအုံကြီး၏ ခေါင်မိုးပေါ်၌ အရည်အသွေးအလွန်ကောင်းသော ဆိုလာပြားအချပ်ရေတစ်သောင်းငါးထောင်ကို စနစ်တကျဖြန့်ကြက်တပ်ဆင်ပေးထားသည်။

ထိုကဲ့သို့စီစဉ်ပေးထားခြင်းကြောင့် လျှပ်စစ်ဓာတ်အားကို ပြည့်ပြည့်ဝဝ လုံလုံလောက်လောက်ရရှိနေသည့်အားလျော်စွာ မော်တော်ကားအမှတ်တံဆိပ်တစ်ခုချင်းအလိုက် ခင်းကျင်းပြသထားသည့် ပုံစံမျိုးစုံသော မော်တော်ကားတစ်စီးချင်းစီတို့သည် စနစ်တကျတပ်ဆင်ထွန်းညှိပေးထားသည့် ထောင်ပေါင်းများစွာသော Spot Light များ၏ အလင်းစွမ်းအားဖြင့် ပရိသတ်တို့၏ အလယ်တွင် အလွန်တင့်တယ် ကြည့်ကောင်းလျက်ရှိနေကြသည်။

မော်တော်ယာဉ်အင်ဂျင်နီယာတို့က ခေတ်သစ်နည်းပညာများဖြင့် ကြိုးစားပမ်းစားပုံစံထုတ်ကာ တပ်ဆင်ထုတ်လုပ်ပေးခဲ့ကြသော မော်တော်ကားအမှတ်တံဆိပ်အမျိုးမျိုးတို့၏ သွင်ပြင်လက္ခဏာအသီးသီးကိုထင်ထင်ရှားရှားမြင်တွေ့နိုင်သည့်အပြင် စေ့ငုသေချာစွာ လေ့လာကြည့်ရှု စူးစမ်းမေးမြန်း ဆွေးနွေးအကြံပြုနိုင်သော အဆိုပါ မော်တော်ကားပြပွဲကြီးသည် လာရောက်ခင်းကျင်းပြသသူများနှင့် တက်ရောက်လေ့လာကြည့်ရှုသူနှစ်ဦးနှစ်ဖက်စလုံးကို အလွန်အကျိုးရှိစေသော ကမ္ဘာကျော်ပြပွဲကြီးပင်ဖြစ်သည်။

ဂျီနီဗာ အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီး၏ ကြီးကျယ်ခမ်းနားမှုကိုထင်ဟပ်စေသော ကိန်းဂဏန်းအချက်အလက်အချို့အဖြစ် စားသောက်ဖွယ်ရာရောင်းချရမှုပမာဏကို လေ့လာသိရှိနိုင်သည်။ ပြပွဲကြီးကျင်းပသည့်ဆယ့်တစ်ရက်တာကာလအတွင်း အစားအစာများချက်ပြုတ်ရန် ဟင်းသီးဟင်းရွက်ပမာဏ တန်လေးဆယ်ခန့်နှင့်အသားလွှာတစ်တန်ခွဲကျော်ကို အသုံးပြုခဲ့ရသည်။ စားဖိုမှူး အယောက်ကိုးဆယ်တို့က နေ့စဉ်စီမံချက်ပြုတ် ပေးသော ဟင်းလျာခွက်ပေါင်း တစ်သောင်းကျော်ကို စားပွဲထိုး အယောက်လေးရာတို့က အလျဉ်မီအောင် ဧည့်ခံကျွေးမွေးခဲ့ကြရသည်။

အဆာပြေစားသောက်ဖွယ်ရာ မုန့်တစ်မျိုးဖြစ်သော ဆင်းဒဝစ်(ချ်) အချပ်ရေတစ်သိန်းသုံးသောင်းကျော်နှင့်အတူ အချိုရည်ဘူးပေါင်း ခြောက်သိန်းငါးသောင်းခန့် ရောင်းချခဲ့ရသည်။ ယမကာများအနေဖြင့်လည်း ဘီယာဘူး ရှစ်သောင်းကျော်၊ ဂျီနီဗာဝိုင် ပုလင်းပေါင်း ရှစ်ထောင်နှင့် ရှန်ပိန်အရက်ပုလင်း နှစ်ထောင့်ငါးရာကျော်အထိကိုပင် ပြပွဲလာပရိသတ်များက ဝယ်ယူသောက်သုံးခဲ့ကြသည်။

ဂျီနီဗာအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အလွန်နီးကပ်သော Palexpo Convention Complex ၏ တည်နေရာအနေအထားကလည်း ဂျီနီဗာမော်တော်ကားပြပွဲကြီးကို နိုင်ငံရပ်ခြားမှ ပရိသတ်အများအပြားလာရောက်လေ့လာနိုင်ရေးအတွက် အဓိကအထောက်အကူပြုပေးလျက်ရှိနေသည်။ အငှားယာဉ် ဝန်ဆောင်မှု၊ စာပို့လုပ်ငန်း ဝန်ဆောင်မှု၊ ရင်ခွင်ပိုက်ကလေးငယ်စောင့်ရှောက်ခြင်း ဝန်ဆောင်မှု၊ ဘဏ်လုပ်ငန်း ဝန်ဆောင်မှု စသည်တို့အပါအဝင် မော်တော်ကားပြပွဲလာပရိသတ်များအတွက် ရထားခသီးသန့်လျှော့ချပေးသည့် အစီအစဉ်များကိုလည်း စနစ်တကျထည့်သွင်း စီစဉ်ပေးထားသည်။

လုံခြုံရေးစောင့်ကြပ်မှုနှင့် အရေးပေါ်လိုအပ်ချက်များကို ကူညီပေးမည့် ရဲတပ်ဖွဲ့၏ နှစ်ဆယ့်လေးနာရီဝန်ဆောင်မှု၊ ဘာသာစကား အခက်အခဲနှင့်တကွ ပြပွဲအတွင်းရှိ လိုအပ်ချက်အားလုံးကို ကူညီဖြေရှင်းမည့် Information Counter စသည်တို့ကလည်း အပြည်ပြည်ဆိုင်ရာပြပွဲကြီးတစ်ခု၏အဆင့်အတန်းနှင့် လိုက်လျောညီထွေရှိနေကြသည်။

Palexpo Covention Complex ၏ ပင်မဝင်ပေါက်မှ ဝင်ရောက်လိုက်သည်နှင့် မော်တော်ကား အမှတ်တံဆိပ်မျိုးစုံတို့ကို ပုံစံတူပြုလုပ်ထားသော စားပွဲတင်မော်တော်ကား အရုပ်များ၊ မော်တော်ကား အမှတ်တံဆိပ်မျိုးစုံကို ကိုယ်စားပြုထားသည့်ဦးထုပ်များ၊ တီရှပ်များ၊ လက်အိတ်များ၊ ဖိနပ်များ၊ သော့ချိတ်များ၊ ဘောလ်ပင်များ၊ စားပွဲတင်အရုပ်များ၊ နံရံကပ် အရုပ်များ၊ လက်ပတ်နာရီ၊ စားပွဲတင်နာရီနှင့် တိုင်ကပ်နာရီများ၊ လက်ကိုင်ဖုန်းများ၊ လက်ကိုင်အိတ်များ စသည်တို့ကို ခင်းကျင်းပြသ ရောင်းချနေကြသည့်ဆိုင်များက အစီအရီရှိနေကြသည်။

ပင်မ ဝင်ပေါက်ရှိသော အဆိုပါပြခန်းသည် ပြခန်းအမှတ် (၃) ဖြစ်ပြီး ထိုပြခန်းကျယ်ကြီးအတွင်းရှိ ဖော်ပြပါအမှတ်တရပစ္စည်း အရောင်းဆိုင်များနှင့် အတူ မော်တော်ကားသုံး သမားရိုးကျ တာယာများ၊ ပြိုင်ကားသုံး တာယာများ၊ သတ္တုစပ် Alloy ခွေများ၊ တာယာဖြုတ်တပ် ကိရိယာများ၊ မော်တော်ကားကိုထောက်မသည့် Jack များ၊ မော်တော်ကားတစ်စီးလုံးကို ပင့်တင်ပေးသည့် Lift များ၊ မော်တော်ကားသုံး မှုတ်ဆေးနှင့်အရောင်တင်ဆီများ၊ ရေဆေးဆီထိုးလုပ်ငန်းသုံး စက်ကိရိယာများ၊ Alignment Tester များ၊ ကွန်ပရက်ဆာနှင့် မော်တာများ၊ ပိုက်နှင့်နော်ဇယ်ခေါင်းများ စသည်တို့ကို ခင်းကျင်း ပြသထားသည်။

စားသောက်ဆိုင်အချို့ကိုပါ ဖွင့်လှစ်ထားသည့် အဆိုပါပြခန်းအမှတ် (၃) တွင် စိတ်ဝင်စားဖွယ်ရာတစ်ခုအဖြစ် လက်ဖြင့်ပြုလုပ်ထားသော သံမဏိပန်းပွင့်ပေါင်းထောင်နှင့်ချီ၍အသုံးပြုဖန်တီးတည်ဆောက်ထားသည့် မော်တော်ကား၊ မော်တော်ဆိုင်ကယ်စသည်တို့နှင့်အတူ ခြင်္သေ့ရုပ်များ၊ ဒိုင်နိုဆောရုပ်များ၊ကမ္ဘာကျော် ရုပ်ရှင်ဇာတ်ကားအချို့မှ ဇာတ်ကောင် သတ္တဝါကြီးများ အစရှိသည်တို့ကို လေ့လာကြည့်ရှုနိုင်သည်။ အဆိုပါပြခန်းအမှတ် (၃) တွင် TAG Heuer Motor Racing ပြခန်းကိုပါ ထည့်သွင်းခင်းကျင်း ပြသထားပြီး ကားပြိုင်ပွဲနှင့် ပြိုင်ကားများကို စိတ်ဝင်စားသူတို့အဖို့ အထူး လေ့လာကြည့်ရှုနိုင်ကြသည်။

ပြပွဲခန်းမ (၃) နှင့်ကပ်လျက်ဖြစ်သော ပြပွဲခန်းမ(၂)နှင့် ပြပွဲခန်းမ (၁)တို့တွင် ကမ္ဘာကျော်မော်တော်ကားအမှတ်တံဆိပ်များဖြစ်ကြသည့် အမေရိကန်နှင့် ဥရောပနိုင်ငံထုတ် မော်တော်ကားများကို စနစ်တကျခင်းကျင်းပြသထားသည်။ ထိုပြခန်းများထဲတွင် ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံမြန်မာလူမျိုးတို့နှင့် အကျွမ်းတဝင်ရှိခဲ့ပြီးဖြစ်သော Volkswagen, Skoda, Opel စသောမော်တော်ကားအမှတ်တံဆိပ်များကို ခင်းကျင်းပြသထားသလို မြန်မာတို့နှင့်မစိမ်းသော Audi၊ Porsche၊ Cadillac စသည့် အမှတ်တံဆိပ်မော်တော်ကားများကိုလည်း လေ့လာ ကြည့်ရှုနိုင်ကြသည်။

အဆိုပါပြပွဲခန်းမနှစ်ခုထဲ၌ပင် ကမ္ဘာကျော်မော်တော်ကားများ ဖြစ်ကြသည့် Bugatti၊ Lamborghini၊ Bentley အမှတ်တံဆိပ် မော်တော်ကားများကိုလည်း အသေးစိတ်လေ့လာ ကြည့်ရှုနိုင်သည်။ ထို့အတူပင် DMC, Seat, Dacia, EDAG, TechArt, Sbarro, Tata, Mclaren မော်တော်ကားများကလည်း သူ့နေရာနှင့်သူ လေ့လာကြည့်ရှုချင်စဖွယ်ကောင်းအောင် ခင်းကျင်း ပြသထားကြသည်။ ။

ပြပွဲခန်းမ(၂)နှင့် ပြပွဲခန်းမ (၁)တို့တွင် ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံ မြန်မာလူမျိုးတို့နှင့် အကျွမ်းတဝင်ရှိခဲ့ပြီးဖြစ်သော Volkswagen, Skoda, Opel စသော မော်တော်ကားအမှတ်တံဆိပ်များကို ခင်းကျင်းပြသထားသလို မြန်မာတို့နှင့်မစိမ်းသော Audi, Porsche, Cadillac စသည့် အမှတ်တံဆိပ်မော်တော်ကားများကိုလည်း လေ့လာကြည့်ရှုနိုင်ကြ. . .

သံဖြူဇရပ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်းသစ် မတ်လတွင် ဖွင့်မည်

သံဖြူဇရပ် ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ယာဉ်ရပ်နားစခန်းသစ်တည်ဆောက်မှုများမှာ ဇန်နဝါရီလအတွင်းက ပြီးစီးခဲ့ပြီဖြစ်ရာ မတ် ၁၉ ရက် (မွန်ပြည်နယ်နေ့)တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သံဖြူဇရပ်မြို့သည် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ယာဉ်လိုင်းများနှင့် အခြားယာဉ်လိုင်းများ ဖြတ်သန်းသွားလာမှု များပြားသော်လည်း ယာဉ်ရပ်နားစခန်း မရှိသည့်အတွက် ခရီးသည်တင်ယာဉ်များမှာ လမ်းဘေးတွင်ရပ်ကာ ခရီးသည်တင်ချ ပြုလုပ်နေကြရသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများလည်း များလာသောကြောင့် ခရီးသွားပြည်သူများ အဆင်မပြေမှုများ ကြုံတွေ့ရသဖြင့် ယာဉ်ရပ်နားစခန်းသစ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သံဖြူဇရပ်မြို့ ယာဉ်ရပ်နားစခန်းသစ်ကို အကျယ် ၄ ဒသမ ၅ ဧကခန့်ရှိ မြေပေါ်တွင် တည်ဆောက်ထားပြီး ယာဉ်လိုင်းပေါင်း ၂၀ ခန့် ရပ်နားနိုင်မည်ဖြစ်ကြောင်း၊ ကျပ်သိန်းပေါင်း ၇၈၀၀ အကုန်အကျခံကာ ကောင်းစုအေးကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ဇန်နဝါရီလအတွင်း လုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။

အဝေးပြေးယာဉ်ရပ်နားစခန်းသစ်ကို လွန်ခဲ့သော ၁၀ နှစ်ကျော်ကပင် တည်ဆောက်ရန် ကြိုးပမ်းခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင်မှ တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မတ် ၁၉ ရက်တွင် ဖွင့်ပွဲကျင်းပ ဖွင့်လှစ်ပြီးသည်နှင့် မြို့တွင်းတွင် ရပ်နားနေသော အဝေးပြေးယာဉ်များအားလုံးမှာ အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ ယာဉ်လိုင်းအလိုက် သတ်မှတ်နေရာများတွင်သာ ရပ်နားကြရမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မုဒုံမောင်မောင်

နမ့်ဆန် မီးဘေးသင့်ပြည်သူများအား လှူဒါန်း

နမ့်ဆန် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ် (ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် ဖေဖော်ဝါရီ ၄ ရက်က ဖြစ်ပွားခဲ့သော မီးဘေးသင့်ပြည်သူများအတွက် တရုတ်နိုင်ငံ တယ်ဟုန်းပြည်နယ် ကုန်သည်ကြီးများအသင်းမှ ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ ပစ္စည်းများကို ဖေဖော်ဝါရီ ၁၄ ရက်က ကိုယ်တိုင်သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ တယ်ဟုန်ပြည်နယ် ကုန်သည်ကြီးများအသင်းသည် လားရှိုးမြို့ရှိ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ အသင်းဝင်များနှင့်အတူ ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ စောင်၊ မျက်နှာသုတ်ပဝါ၊ အိုးခွက်ပုဂံများ၊ နေ့စဉ်သုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ဝယ်ယူပြီး နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများထံ သွားရောက်၍ တိုက်ရိုက်လှူဒါန်းခြင်းဖြစ်သည်။ တယ်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းသည် တရုတ်-မြန်မာ ကုန်သွယ်ရေးလုပ်ငန်းများ အဆင်ပြေစေရန် မန္တလေးမြို့နှင့် လားရှိုးမြို့တို့တွင် ရုံးများဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များ ကျရောက်တိုင်း လှူဒါန်းမှုများ စေတနာထက်သန်စွာ ဆောင်ရွက်ပေးသော အဖွဲ့ဖြစ်ကြောင်း သိရသည်။

တင်မောင်-မန်းကိုယ်ပွား

နတ်မောက်မြို့နယ် ကျောက်မိုးအိုင်ရေလှောင်တမံဖွင့်ပွဲ ကျင်းပ

နတ်မောက် ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လျှော်ချောင်းကြီးကျေးရွာအုပ်စု နဘူးတောင်ကျေးရွာအနီးရှိ ကျောက်မိုးအိုင်ရေလှောင်တမံဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က အဆိုပါတမံမုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

ရေလှောင်တမံဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထိုက်၊ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးအုန်းသန်းနှင့်နဘူးတောင်ကျေးရွာ ကျောက်မိုးအိုင်ဆည်ကော်မတီမှ ဦးဘိုချွန်တို့က ကျောက်မိုးအိုင် ရေလှောင်တမံ ဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

နဘူးတောင်ကျေးရွာအနီး ကျေးရွာများတွင် ရေရှားပါးသောကြောင့် ကျောက်မိုးအိုင် ရေလှောင်တမံကို ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာပေါင်း ၁၇ ရွာမှ ကျေးလက်နေပြည်သူများက ၁၉၈၀ ပြည့်နှစ်တွင် ခေါင်းရွက်၊ ပုခုံးထမ်းဖြင့် စတင်တည်ဆောက်ခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်တွင် မိုးရွာသွန်းမှုများပြားပြီး တမံကျိုးပေါက်ခဲ့သည့်အတွက် ရေရှားပါးမှုပြဿနာများကို ပြန်လည်ကြုံတွေ့ခဲ့ရသောကြောင့် ဒေသခံပြည်သူများ လိုအပ်သော သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ကျောက် မိုးအိုင်ရေလှောင်တမံကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စက်ယန္တရားအင်အား၊ လူအင်အားများဖြင့် အခိုင်အမာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်မိုးအိုင် ရေလှောင်တမံကြီးသည် တမံအရှည်ပေ ၁၁၀၀ နှင့် တမံအမြင့် ၃၅ ပေရှိကာ နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်ရန်ပုံငွေ ကျပ် ၂၂၅ ဒသမ ၄၁၄ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဖွင့်လှစ်

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၇

ကလေးသူငယ်များကို ပြုစုပျိုးထောင်စောင့်ရှောက်ရာတွင် ကလေးငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက်မွေးစမှ (၈)နှစ်အရွယ်အတွင်း ကလေးပြုစုစောင့်ရှောက်သူများအနေဖြင့် နည်းစနစ်မှန်စွာပြုစုစောင့်ရှောက်ပေးနိုင်ရန်အတွက် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံ(မူကြိုဆရာမ)သင်တန်းကို ကျိုင်းတုံမြို့ လူမှုဝန်ထမ်းဦးစီးဌာနမူလတန်းကြိုကျောင်း၌ ဖေဖော်ဝါရီ ၁၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင်ကလေးငယ်များကို မွေးစမှစတင်၍ စနစ်တကျပြုစုတတ်စေရန်နှင့်ကလေးငယ်များ၏ ကာယဉာဏပိုင်းဆိုင်ရာဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကလေးပြုစုသူများအနေဖြင့် သိထားသင့်သည်များကို မူကြိုပညာရပ်၌ ကျွမ်းကျင်သောနည်းပြများက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က ပြောသည်။ သင်တန်းသို့ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ မြို့နယ်များမှ ကလေးသူငယ် ပြုစုရေး စိတ်ပါဝင်စားသူ ၈၀ တက်ရောက်ကြပြီး သင်တန်းကို မတ် ၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် တပ်မတော်မိသားစုများက အိမ်မိုးသွပ်ပြားနှင့် အသုံးအဆောင်များ ထောက်ပံ့လှူဒါန်း

နမ့်ဆန် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများအတွက် တပ်မတော်(ကြည်း/ရေ/လေ)မိသားစုများမှ အိမ်မိုးသွပ်ပြားများ ပေးအပ်လှူဒါန်းပွဲကို နမ့်ဆန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

နယ်မြေခံတပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် မိုးဇော်ဦးက မီးဘေးသင့် ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားပြီး တပ်မတော်(ကြည်း/ရေ/လေ)မိသားစုက ထောက်ပံ့လှူဒါန်းသည့်အိမ်မိုးသွပ်ပြား အချပ်ရေ ၁၄၈၀၀ ကို ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် မီးဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းရာ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တပ်မတော်မိသားစုများအပြင် စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း မီးဘေးသင့်ပြည်သူများထံသို့ စေတနာထက်သန်စွာဖြင့် လှူဒါန်းထောက်ပံ့လျက်ရှိရာ တောင်စင်နက် လူမှုကူညီရေးအသင်းက မီးဘေးသင့်ပြည်သူတစ်အိမ်ထောင်လျှင် အလှူငွေကျပ်တစ်သောင်းနှုန်းဖြင့် အိမ်ထောင်စု ၂၉၃ စုအတွက်လည်းကောင်း၊ ဒေါက်တာမာနန္ဒ (ကျောက်ဆည်မြို့)က မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ကျပ်တစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ မန္တလေး(၆၂)လမ်း အားကစားအဖွဲ့ဝင်များက မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့်လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။ ထို့အပြင် အလှူရှင် ၄၈ ဦးကလည်း မီးဘေးသင့်ပြည်သူများအတွက် ဆန် ၁၃၃ အိတ်၊ ဆီ ၄၁ ပိဿာ၊ အိမ်မိုးသွပ်ချပ်ရေ ၁၂၀၀နှင့် သွပ်သံ၊ ဝါးရှာများနှင့်အလှူငွေကျပ် ၄၃၄ သိန်းကျော်ကို အလှူခံဌာနသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လားရှိုးပြည်သူ့ဆေးရုံကြီးအတွက် ငွေနှင့်ပစ္စည်းများလှူဒါန်း

လားရှိုး ဖေဖော်ဝါရီ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့တော် အုပ်ချုပ်ရေးအဖွဲ့မှ ရှမ်းပြည်နယ်မြောက်ပိုင်း အုပ်ချုပ်ရေးအဖွဲ့နှင့် လားရှိုးပြည်သူ့ဆေးရုံကြီးအတွက် ငွေနှင့် ပစ္စည်းများလှူဒါန်းပွဲကို လားရှိုးမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရှမ်းပြည်နယ် မြောက်ပိုင်းအုပ်ချုပ်ရေးအဖွဲ့သို့ လှူဒါန်းသော ကျပ်သိန်း ၂၆၀ တန်ဖိုးရှိ ရုံးသုံးစက်ကိရိယာများကို လင်ချန်းမြို့တော်အုပ်ချုပ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်ထံပေးအပ်ခဲ့ပြီး လားရှိုးပြည်သူ့ဆေးရုံကြီးသို့လှူဒါန်းသော ငွေကျပ် ၅၁၁ သိန်းတန်ဖိုးရှိ ကျန်းမာရေးဆိုင်ရာစက်ပစ္စည်းကိရိယာများနှင့် ဓာတ်မှန်စက် ပစ္စည်းဝယ်ယူရန် ငွေကျပ် ၃၆၈ သိန်းတို့ကို လားရှိုးပြည်သူ့ဆေးရုံအုပ်ကြီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဟန်ဌေး(လားရှိုး)

အက်ဖ်အေဖလား ပဥ္စမအဆင့်မှာ ခြေစွမ်းပြဦးမယ့် အာဆင်နယ်

မိုးမြင့်လင်းလက်

ဒီတစ်ပတ်မှာတော့ ပရီမီယာလိဂ်ပွဲစဉ်တွေရပ်နားပြီး အက်ဖ်အေဖလား ပဥ္စမအဆင့်ပွဲတွေ ကစားကြမှာမို့ ပရိသတ်တွေအတွက် ပွဲကောင်းတွေ ဆက်တိုက်အားပေးခွင့်ရဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ နာမည်ကြီး အာဆင်နယ်တို့ ဟားလ်စီးတီးကို ဘယ်လိုကျော်ဖြတ်သွားမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး လက်ရှိချန်ပီယံ ခြေစွမ်းရှိ မရှိဆိုတာ အကောင်းဆုံးသက်သေပြမှာမို့ အကဲဖြတ်အားပေးရဦးမှာဖြစ်ပါတယ်။

အာဆင်နယ်နှင့် ဟားလ်စီးတီး

ဟားလ်စီးတီးနဲ့ဆုံတိုင်း အာဆင်နယ်တို့ အသာစီးရအောင် ကစားနိုင်ခဲ့တာ များပါတယ်။ ဒီနှစ်သင်းဟာ ၂၀၁၃-၂၀၁၄ အက်ဖ်အေဖလား ဗိုလ်လုပွဲမှာ ဆုံတွေ့ထားဖူးတဲ့ မှတ်တမ်းရှိထားတာမို့ လက်ရှိချန်ပီယံ အာဆင်နယ်တို့ ပေါ့ဆဆကစားလို့ မရနိုင်ပါဘူး။ အာဆင်နယ်ဟာ ပရီမီယာလိဂ်ဖလားရော အက်ဖ်အေဖလားပါ မျှော်မှန်းနေတာမို့ အခု (၁၃)ကြိမ်မြောက်အဖြစ် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ဖို့ ဟားလ်စီးတီးကို ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ရေး ကြိုးစားပါလိမ့်မယ်။ ဟားလ်စီးတီးတို့က အက်ဖ်အေဖလားကို တစ်ကြိမ်မျှ ရယူနိုင်ခြင်းမရှိသေးတာမို့ ဒီပွဲမှာ သမိုင်းမှတ်တမ်းသစ်ရေးထိုးနိုင်ဖို့ အားထုတ်လာမလားဆိုတာလည်း စောင့်ကြည့်ရမှာဖြစ်ပေမယ့် အာဆင်နယ်ရဲ့ လက်ရှိခြေစွမ်းကို ကျော်လွှားဖို့တော့ ခက်ခဲမှာ သေချာပါတယ်။ ဒီပွဲမှာ အာဆင်နယ်တို့ ပြတ်သားတဲ့ရလဒ်ကို ဖော်ဆောင်ပြီး အောင်ပွဲခံပါလိမ့်မယ်။

ရက်ဒင်းနှင့် ဝက်စ်ဘရွန်း

ဝက်စ်ဘရွန်းတို့က ရက်ဒင်းနဲ့ဆုံတိုင်း အက်ဖ်အေဖလားပွဲတွေမှာ နိုင်ပွဲရတာ နည်းပါတယ်။ ရက်ဒင်းရဲ့ လက်ရှိခြေစွမ်းကိုကြည့်ရင် ချန်ပီယံရှစ်မှာ နောက်ဆုံးအိမ်ကွင်း ငါးပွဲ ကစားခဲ့ရာမှာ ရှုံးပွဲမရှိခဲ့ပါဘူး။ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်နေတဲ့ ရက်ဒင်းကို ဝက်စ်ဘရွန်းတို့ အနိုင်ကစားဖို့တော့ သိပ်မလွယ်ပါဘူး။ ဝက်စ်ဘရွန်းရဲ့ လောလောဆယ် ခြေစွမ်းကိုကြည့်ရင် ပီတာဘရော့အသင်းကို ပယ်နယ်တီ အဆုံးအဖြတ်နဲ့ နိုင်ပွဲရခဲ့သလို ပရီမီယာလိဂ်မှာလည်း အဲဗာတန်ကို ရွန်ဒွန်ရဲ့သွင်းဂိုးနဲ့ အနိုင်ယူခဲ့တာမို့ ရက်ဒင်းတို့ သတိထားကစားရမှာပါ။ အက်ဖ်အေဖလား သမိုင်းမှာ ချန်ပီယံ ငါးကြိမ်ဖြစ်ခဲ့ဖူးတဲ့ ဝက်စ်ဘရွန်းဟာ ၁၉၆၈ ခုနှစ်နောက်ပိုင်း အက်ဖ်အေဖလားနဲ့ အလှမ်းကွာဝေးခဲ့တာမို့ အခုပွဲမှာ ပြန်လည်ရှန်းကန်နိုင်မလား ကြည့်ရမှာပါ။ ဒီပွဲဟာ နှစ်သင်းစလုံး ခြေစွမ်းတူညီနေတာမို့ သရေရလဒ်ထွက်ပေါ်သွားနိုင်ပါတယ်။

ဝက်ဖို့ဒ်နှင့် လိဒ်

ဒီနှစ်သင်းရဲ့ နောက်ဆုံး သုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဝက်ဖို့ဒ်က နှစ်ပွဲနိုင်ပြီး လိဒ်က တစ်ပွဲနိုင်ထားပါတယ်။ အိမ်ကွင်းမှာ လောလောဆယ် ခြေစွမ်းကောင်းတွေ ပြသနေတဲ့ ဝက်ဖို့ဒ်ကို လိဒ်တို့ လူစုံကစားရင်တောင် ခက်ခဲမှာဖြစ်တာမို့ ဒီပွဲမှာ မျှော်လင့်ချက်ကြီးကြီးထားလို့ မရပါဘူး။ လောလောဆယ်မှာ ဝက်ဖို့ဒ်တို့က အသင်းကြီးတွေဖြစ်တဲ့ ချယ်လ်ဆီးကို ဂိုးမရှိသရေ၊ ပဲလေ့စ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ထားတာမို့ စိတ်ဓာတ်လည်း မြင့်မားနေပါတယ်။ လိဒ်ရဲ့ လက်ရှိခြေစွမ်းကိုကြည့်ရင် ကွင်းလယ်ကစားအားက တိုက်စစ်ကို ပံ့ပိုးနိုင်မှု အားနည်းနေတာမို့ ဝက်ဖို့ဒ် ခံစစ်မှုးတွေကို ကျော်ဖြတ်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒီပွဲမှာ အိမ်ရှင် ပရိသတ်တွေ အောင်ပွဲခံတေး ဟစ်ကြွေးနိုင်ပါလိမ့်မယ်။

ဘုန်းမောက်နှင့် အဲဗာတန်

ဘုန်းမောက်နဲ့ နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ ရလဒ်တွေကိုကြည့်ရင် အဲဗာတန်တို့ နိုင်ပွဲတွေချည်းရရှိခဲ့တာဖြစ်ပါတယ်။ အဲဗာတန်တို့က အက်ဖ်အေဖလား ငါးကြိမ်ရရှိခဲ့ဖူးပြီး ၁၉၉၅ ခုနှစ်နောက်ပိုင်း ဝေးကွာခဲ့တာမို့ ဒီနှစ်မှာ အမြင့်ဆုံး အောင်မြင်မှုရအောင် ကြိုးစားနေပါတယ်။ ပြီးခဲ့တဲ့ ဝက်စ်ဘရွန်းနဲ့ ပွဲစဉ်မှာ မမျှော်လင့်ဘဲ ရှုံးပွဲကြုံသွားခဲ့တာကြောင့် အဲဒီအမှားမျိုး အခုလိုပွဲမှာ ထပ်အဖြစ်ခံမှာ မဟုတ်ပါဘူး။ အဲဗာတန်တို့က ပို့စ်မောက်ကို နိုင်ပွဲရယူပြီး ဖြတ်ကျော်လာတဲ့ ဘုန်းမောက်ကို အခုပွဲမှာ သင်ခန်းစာ ပေးပါလိမ့်မယ်။ ဘုန်းမောက်တို့က ရှေ့၊ လယ်၊ နောက် ညီညွတ်ပြီး တစ်သင်းလုံး အဆင်း၊ အတက် လိုက်ပါကစားနိုင်တာမို့ အဲဗာတန်တို့ အလေးအနက်ထား ကစားမှ ရပါလိမ့်မယ်။ ဘုန်းမောက်ရဲ့ အားနည်းချက်က တိုက်စစ်မှုးတွေ အဆုံးသတ် လွဲချော်နေတတ်တာဖြစ်တာမို့ ဒီပွဲမှာ အဲဗာတန်တို့ အခွင့်အရေးကောင်းတွေ ရသွားမယ့်ပွဲဖြစ်သွားနိုင်ပါတယ်။ ။

၅၅ နှစ်အတွင်းမှာ ဖလားရဖို့ မျှော်လင့်နေတဲ့စပါး

စပါးနည်းပြ ပိုချက်တီနိုက ဒီနှစ်ပရီမီယာလိဂ်မှာ သူ့အသင်းအနေနဲ့ ဖလားရနိုင်တဲ့ အသင်းလို့ ပြောဆိုလိုက်ပါတယ်။ အသက် ၄၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပိုချက်တီနိုဟာ စပါးအသင်းကို အကောင်းဆုံး ကိုင်တွယ်ခဲ့ပြီး ယခုနှစ်ရာသီမှာ ဖလားရဖို့ မျှော်လင့်နိုင်တဲ့ အသင်းဖြစ်လာခဲ့ပါတယ်။ နည်းပြ ပိုချက်တီနိုရဲ့ လက်ထက်မှာ စပါးအသင်းအနေနဲ့ ၅၅ နှစ်အတွင်းမှာ ပရီမီယာလိဂ်ဖလားရဖို့ အိပ်မက်ရှိတယ်လို့ ဆိုပါတယ်။

စပါးကစားသမားတွေကလည်း ဒီနှစ်ရာသီမှာ ဖလားရဖို့ အတော်လေးစိတ်အား ထက်သန်နေကြတယ်လို့ ဆိုပါတယ်။ မန်ယူနည်းပြဟောင်း ဖာဂူဆန်ကလည်း ဒီနှစ်ရာသီမှာ စပါးအသင်းကို ဖလားရနိုင်တဲ့အသင်းအဖြစ် အသိအမှတ်ပြုထားတာရှိပါတယ်။

စပါးအသင်းဟာ မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီးနောက် ဖလားရဖို့ စိတ်အား ထက်သန်လာတယ်လို့လည်း ဆိုပါတယ်။ ပွဲစဉ် ၂၆ အပြီး စပါးအသင်းဟာ ထိပ်ဆုံးရောက် လက်စတာအသင်းနဲ့ နှစ်မှတ်အကွာ ဒုတိယနေရာမှ လိုက်နေရပါတယ်။

ထိပ်တန်းဂိုးသွင်းသူအဖြစ် ရှိနေတဲ့ အဂူရို

မန်စီးတီးအသင်းဟာ ယခုနှစ်ရာသီမှာ ပြိုင်ပွဲအားလုံးမှာ ၁၀ ပွဲ ရှုံးနိမ့်ခဲ့ပါတယ်။ ဒီလို ၁၀ ပွဲရှုံးနိမ့်ခဲ့ရတာ ကိုးပွဲမှာ မန်စီးတီးရဲ့ အဓိက ဂိုးသွင်းသမား အဂူရိုမပါဝင်ခဲ့ဘူးလို့ ဆိုပါတယ်။ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးဖို့ ကြိုးစားနေတဲ့ မန်စီးတီးအသင်းဟာ အဂူရို မပါဝင်ခဲ့ပေမယ့် ပြိုင်ပွဲတွေမှာ ဆက်လက်အနိုင်ရခဲ့ပါတယ်။ အဂူရိုဟာ ကမ္ဘာမှာရော ပရီမီယာလိဂ်မှာပါ အကောင်းဆုံး ဘောလုံးသမားတွေထဲက တစ်ယောက်ဖြစ်တယ်ဆိုတာ သံသယဖြစ်ဖို့ မလိုဘူးလို့ ဆိုပါတယ်။ သူဟာ မန်စီးတီးကို ရောက်လာတဲ့ ငါးနှစ်တာကာလအတွင်းမှာ ပြိုင်ပွဲအားလုံး ၁၈၈ ပွဲ ၁၂၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ သူဟာ မန်စီးတီး သမိုင်းမှာ အရေးကြီးတဲ့ ကစားသမားတွေထဲက တစ်ဦးဖြစ်ခဲ့ပါတယ်။ ဒီနှစ်ရာသီမှာတော့ ပရီမီယာလိဂ် ၁၉ ပွဲမှာ ၁၄ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ပြိုင်ဘက်တွေဖြစ်တဲ့ ဟယ်ရီကိန်းက ၂၆ ပွဲမှာ ၁၆ ဂိုး၊ ဗာဒီက ၂၆ ပွဲမှာ ၁၉ ဂိုးသွင်းယူခဲ့ပါတယ်။ ကစားတဲ့ပွဲအရေအတွက်နဲ့ ဂိုးသွင်းနိုင်မှုအနေအထားအရဆိုရင် အဂူရိုက ဂိုးကွာခြားချက်သိပ်မရှိတဲ့အတွက် ထိပ်တန်းဂိုးသွင်းသူအဖြစ် ဆက်လက်ရပ်တည်နေဆဲ ဖြစ်ပါတယ်။

လီဗာပူးကို ရောက်လာမယ့် ရှော့လ်ကေးနောက်တန်းလူ

ရှော့လ်ကေး နောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ ဂျိုးလ်မာတစ်ဟာ ဒီနှစ်ရာသီအကုန်မှာတော့ လီဗာပူးကို ရောက်လာမယ်လို့ အသင်းတာဝန်ရှိသူတွေက ကြေညာလိုက်ပါတယ်။ မာတစ်ဟာ ဂျာမန် ဘွန်ဒက်စ်လီဂါကလပ် ရှော့လ်ကေးနဲ့ ယခုနှစ်ရွေ့ရာသီမှာ စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် လီဗာပူးကို အလွတ်ပြောင်းရွှေ့မှုနဲ့ ရောက်လာမှာဖြစ်ပါတယ်။ အန်ဖီးလ်ကလာတဲ့သတင်းများအရတော့ နောက်တန်းလူ မာတစ်ကို လေးနှစ်စာချုပ်နဲ့ ခေါ်ယူမယ်လို့ သိရပါတယ်။

အသက် ၂၄ နှစ်အရွယ်သာ ရှိသေးတဲ့ နောက်တန်းကစားသမား မာတစ်ဟာ ရှော့လ်ကေးမှာ ဆက်နေဖို့ မဖြစ်နိုင်တော့ဘူးလို့ ရှော့လ်ကေးက အတည်ပြုပြောဆိုလိုက်ပါတယ်။ တစ်ရာသီသာ ကစားခဲ့ရတဲ့ ရှော့လ်ကေးကို နှုတ်ဆက်ခဲ့ပြီလို့ ပြောချင်ပါတယ်လို့ မာတစ်က အသင်းရဲ့ ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် ရှော့လ်ကေးကတော့ သူ့အတွက် အကောင်းဆုံးမိသားစုအဖြစ် ဆက်လက်ရှိနေမှာပါလို့ သူက ထပ်လောင်း ပြောဆိုလိုက်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

ရှေးဟောင်းကောင်းမှုဂုဏ် နန်းကင်ပူ စေတီတော်မြတ်ကြီး ထီးတော်တင်လှူ

ပင်လုံ ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ ဟဲနန်းကျေးရွာအုပ်စု ဝမ်မိုင်-နောင်မိန်းကျေးရွာရှိ ရှေးဟောင်း စေတီတော်တစ်ဆူဖြစ်သော ကောင်းမှုဂုဏ် နန်းကင်ပူ စေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်က ကျင်းပရာ လွိုင်လင်မြို့ ဓာတ်တော်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာဘဒ္ဒန္တပညာနန္ဒ (နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်၊ ရှမ်းပြည်နယ်လုံးဆိုင်ရာသံဃအဖွဲ့ချုပ် ဥက္ကဋ္ဌ) ဆရာတော်က ရွှေထီးတော်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကို တင်လှူပေးပြီး အောင်မြင်ခြင်းအထိမ်းအမှတ် ရွှေမိုးငွေမိုးများ ရွာသွန်းပေးခဲ့သည်။

အဆိုပါစေတီတော်မြတ်ကြီးသည်ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်ပြီး မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူပြီး မိုင်းဖုန်းဆရာတော်အရှင်သူမြတ်ဦးဆောင်၍ အောက်စဖို့ဒ်ဆရာတော် Prof.Dr. ဘဒ္ဒန္တဓမ္မသာမိ၏ သက်တော် နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့အထိမ်းအမှတ်အဖြစ် ပြန်လည်ပြုပြင်မွမ်းမံသည့် စေတီတော်ဖြစ်ကြောင်း စေတီတော်ဘက်စုံပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးလွင်ဦး(လွိုင်လင်)

အသုံးပြုမှုနည်းပါးလာသောကြောင့် ဝါးရောင်းအားကျဆင်း

သထုံ ဖေဖော်ဝါရီ ၁၇

ဖက်၊ ဝါးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် တစ်နှစ်ပတ်လုံးတွင် ဖက်၊ ဝါးများ အများဆုံးရောင်းချရသောလမှာ သုံးလခန့်သာရှိသော်လည်း ဝယ်ယူအသုံးပြုသူနည်းပါးလာသဖြင့် တစ်နှစ်ထက်တစ်နှစ် အရောင်းအဝယ်ကျဆင်းလျက်ရှိကြောင်း မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဖက်၊ ဝါးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

"ဖက်တွေဝါးတွေက အရင်ကလောက် အရောင်းမသွက်တော့ဘူး။ အရင်ကဆိုရင်မှာသမျှ မလောက်ဘူး။ ခုအချိန်မှာ လူနေမှုအဆင့်အတန်းတွေ ပြောင်းလဲနေတာနဲ့အတူ လူတွေက ဖက်၊ ဝါးအစားသွပ်တွေ သံတွေ သုံးလာတော့ အရောင်းကကျလာတယ်။ မိုးကျခါနီးလောက်ဆိုရင်တော့ အရောင်းအဝယ်နည်းနည်း ပြန်ကောင်းလာနိုင်တယ်လို့ မျှော်မှန်းရတာပဲ"ဟု ဘင်လှိုင်ရပ်ကွက်ရှိ တက်နေဝန်းဖက်၊ ဝါး ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

တစ်နှစ်ပတ်လုံးတွင် တပေါင်း၊ တန်ခူးနှင့် ကဆုန်လများတွင်သာ အရောင်းအဝယ်ကောင်းလာနိုင်သော်လည်း ကျန်လများတွင် အရောင်းအဝယ် မရှိသလောက်လျော့နည်းလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဖက်၊ ဝါးတွေက တစ်နှစ် အသုံးပြုပြီးရင် နောက်တစ်နှစ် ပြန်သုံးဖို့ဆိုတာမလွယ်ဘူး။ အသစ်ထပ်ပြီးဝယ်ရတော့ ကုန်ကျစရိတ်တွေများတဲ့အပြင် အလုပ်လည်းရှုပ်တယ်။ သွပ်က ဈေးကြီးပေမယ့် တစ်ခါဝယ်ထားရင် အကြာကြီး နေလို့ရတော့ လယ်ထဲမှာ တောင်တတ်နိုင်သလောက် သွပ်ကို အစားထိုး အသုံးပြုလာကြတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

သက်ဦး(သထုံ)

မြို့ကုန်းကျေးရွာ၌ ၁၆ ခုတင်ဆံ့ ဆေးရုံတည်ဆောက်

ရွှေကူ ဖေဖော်ဝါရီ ၁၆

ရွှေကူမြို့နယ် မြို့ကုန်းကျေးရွာ၌ ၁၆ ခုတင်ဆံ့ဆေးရုံ တည်ဆောက်ရာတွင် ဆေးပေးခန်း၊ သက်ဆိုင်ရာဆရာဝန်၊ လက်ထောက်ဆရာဝန်၊ သူနာပြု ရုံးဝန်ထမ်းများ၏ နေအိမ်များ၊ ရေစင်ခြံစည်းရိုးပတ်လည်၊ ရင်ခွဲရုံတစ်ဆောင်စသည့် အဆောက်အအုံများကို Royal Sweety Home ကုမ္ပဏီမှ ၂၀၁၅ခုနှစ် မတ်လမှ စတင်ပြီး တာဝန်ယူဆောက်လုပ် လျက်ရှိကြောင်း တာဝန်ခံမန်နေဂျာ ဦးပြည့်ဖြိုးအောင်က ပြောသည်။

အဆိုပါဆေးရုံတည်ဆောက်ခြင်းကြောင့် ဆေးရုံဆေးခန်းများနှင့် ဝေးကွာသည့် မြို့ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများမှာ ယခင်ကရွှေကူမြို့ဆေးရုံသို့ အခက်အခဲများစွာဖြင့် သွားရောက်ဆေးကုသမှုခံကြရသည့် ဒုက္ခမှကင်းဝေးတော့မည်ဖြစ်၍ အလွန်ဝမ်းမြောက်နေကြကြောင်း သိရသည်။

လဘန်အောင်(ကချင်မြေ)

မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကချင်ပြည်နယ် မီးသတ်တပ်ဖွဲ့ အင်အားဖြည့်တင်း

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်မီးသတ်ဦးစီးဌာနမှ တိုင်းရင်းသားပြည်သူများ အသက်အိုးအိမ်ကာကွယ်စောင့်ရှောက်ရေးဆောင်ပုဒ်အရ မီးဘေးကြိုတင်ကာကွယ်မှုကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်အတွင်း ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မီးလောင်မှု ၅၁ကြိမ်၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၆၄ ကြိမ်၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၆၁ကြိမ်၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၈၃ ကြိမ် မီးလောင်ကျွမ်းမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီး ကျေးရွာများတွင်လည်း မီးလောင်မှု ၇၇ ကြိမ်ဖြစ်ခဲ့သည်။

အဆိုပါ မီးလောင်မှုများတွင် မြစ်ကြီးနားခရိုင်၌ မီးလောင်မှု ၁၄၃ ကြိမ်၊ ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၉၃၁ ဒသမ ၉၁ သန်း၊ မိုးညှင်းခရိုင်တွင် မီးလောင်မှု ၄၁ ကြိမ် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၈၆ ဒသမ ၆၃ သန်း၊ ဗန်းမော်ခရိုင်တွင် မီးလောင်ကျွမ်းမှု ၄၁ ကြိမ် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၂၂ သန်း၊ ပူတာအိုခရိုင်တွင် မီးလောင်မှု ခြောက်ကြိမ် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃ ဒသမ ၃၆ သန်း ဖြစ်ကြောင်းသိရသည်။ အခြေခံမီးငြိမ်းသတ်မှုပညာရပ်များ တတ်ကျွမ်းစေရန်အတွက် အကြိုအခြေခံမီးသတ်သင်တန်းများကို ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၁၁၅ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့သည်။

ကချင်ပြည်နယ်၌ သန္ဓေမီးသတ်စခန်း ၁၅ ခု၊ အရန်မီးသတ်စခန်း ၁၄ ခုကို ဖွဲ့စည်းတည်ဆောက်ပြီး မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်၊ မီးသတ်စက်အင်အား ကြံ့ခိုင်မှုကို အချိန်ပြည့် ဆောင်ရွက်နေကြောင်း ပြည်နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကချင်ပြည်နယ် မီးသတ်ဦးစီးရုံးနှင့် ဆွမ်ပရာဘွမ်မြို့နယ် မီးသတ်စခန်းတွင် ရေဂါလန် ၄၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ်နှစ်စီးနှင့် ရေဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ်နှစ်စီးကို တနိုင်းနှင့် ချီဖွေမြို့နယ်တို့အတွက်လည်းကောင်း၊ မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မန်စီမြို့တို့တွင်လည်း မီးသတ်ယာဉ်နှစ်စီး၊ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့်ရေဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ် ၁၀ စီးနှင့် ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်များကို မြစ်ကြီးနားခရိုင်တွင် ခုနစ်စီး၊ မိုးညှင်းခရိုင်တွင် ငါးစီး၊ ဗန်းမော်ခရိုင်တွင် ခုနစ်စီး၊ ပူတာအိုခရိုင်တွင် သုံးစီးကိုလည်းကောင်း၊ ရေဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ် ရှစ်စီးနှင့် ရေဂါလန် ၁၆၀၀ဆံ့ မီးသတ်ရေယာဉ် လေးစီးကို မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ဗန်းမော်၊ မိုးမောက်၊ ရွှေကူနှင့် မန်စီမြို့နယ်များတွင်လည်းကောင်း အသုံးပြုရန်စီမံဆောင်ရွက်ထားကြောင်း မီးသတ်တပ်ဖွဲ့မှ သိရသည်။

ရွှေလင်းပြည့်စုံ

ဓာတုပူဇနိယ ဓာတ်တော်ပူဇော်ပွဲကျင်းပ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဝမ်းတော်ပြည့်သာသနာ့ရိပ်သာ အောင်ချမ်းသာသိမ်တော်တိုက်သစ် ဝမ်းတော်ပြည့်ပရိယတ္တိ ပဋိပတ္တိသာသနာပြုကျောင်းတွင် အကြိမ် (၆၀) ကြိမ်မြောက် ဓာတုပူဇနိယ ဓာတ်တော်ပူဇော်ပွဲကို ကျင်းပရာ ဖေဖော်ဝါရီ ၁၆ ရက်က သံဃာတော်အပါး ၁၀၈ ပါးတို့ကိုဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခဲ့ကြသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ကျန်းမာရေးဝန်ထမ်းအိမ်ရာများ ဆောက်လုပ်

ဒလ ဖေဖော်ဝါရီ ၁၇

ရန်ကုန်တောင်ပိုင်းခရိုင်ဝန်ထမ်းအိမ်ရာရပ်ကွက်၌ ကျန်းမာရေးဝန်ကြီးဌာနဝန်ထမ်းအိမ်ရာများ ဆောက်လုပ်လျက်ရှိသည်။

အဆိုပါဝန်ထမ်းအိမ်ရာများမှာ ၈ ခန်းတွဲ လေးထပ်အာစီအမျိုးအစားအဆောက်အအုံနှစ်လုံးဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်လုပ်နေခြင်းဖြစ်သည်။ ယင်းအိမ်ရာများမှာ အလျား ၁၄၂ပေ၊ အနံ ပေ ၄၀၊ အမြင့် ၅၆ ပေ ၈ လက်မရှိပြီး ယခုနှစ်ဘတ်ဂျက်ကာလအတွင်း ပြီးစီးမည်ဟု သိရသည်။

မောင်ယဉ်ဦး(ဒလ)

ထိပ်ဝပြင်ကျေးရွာအဝင် လမ်းဖွင့်ပွဲကျင်းပ

မြောက်ဦး ဖေဖော်ဝါရီ ၁၇

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ထိပ်ဝပြင်ကျေးရွာအဝင်လမ်းကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီလ ဒုတိယပတ်ကကျင်းပရာ ပြည်နယ်ညွှန်ကြားရေးမှူး ဦးထွန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါလမ်းမှာ စစ်တွေ-ရန်ကုန်ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိ၍ ထိပ်ဝပြင်ကျေးရွာနှင့် အနီးအနားရှိကျေးရွာများမှ ကျေးလက်နေ အိမ်ခြေ ၁၀၀၀ ခန့်နှင့် လူဦးရေ ၅၀၀၀ ခန့်တို့မှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူတော့မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်လာတော့မည်ဖြစ်ကြောင်း သိရသည်။

(၁၅၇)

ပိုလီယိုရောဂါအကြောင်း အသိပညာပေး

ကန့်ဘလူ ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ၂၀၁၆ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များမြို့နယ်အဆင့်အသိပေးရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

ပိုလီယိုကာကွယ်ဆေးများကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ တိုက်ကျွေးမည်ဖြစ်ကြောင်း ရပ်ကွက်ကျေးရွာများရှိကလေးငယ်များ မကျန်ရှိစေရေး ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သောကြောင့် တစ်မြို့နယ်လုံးတွင် သက်ဆိုင်ရာစုရပ်များရှိ အစုလိုက်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို မွေးစမှ ငါးနှစ်အထိကလေးများအားလုံးကို တိုက်ကျွေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်က ပြောသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

တရားဥပဒေအကြောင်းများ သိရှိရန် သင်တန်းပို့ချ

ရွှေကူ ဖေဖော်ဝါရီ ၁၇

ရွှေကူမြို့ ကာသိုလိပ်ဘုရားကျောင်းဝင်း၌ နေထိုင်သော တိုက်ပွဲရှောင်ပြည်သူများကို ဦးဇော်ဆမ်(ငြိမ်းဖောင်ဒေးရှင်း)က ဒီမိုကရေစီလူ့အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေး၊ ဖက်ဒရယ်နှင့်တရားဥပဒေစိုးမိုးရေး ဆက်စပ်ပုံတို့ကို အများပြည်သူ သိရှိနားလည်စေရန်အတွက် အသိပညာပေးဟောပြောပွဲအား ကာသိုလိပ်ဘုရားကျောင်း တိုက်ပွဲရှောင်စခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ တိုက်ပွဲရှောင်စခန်းမှ ပြည်သူများကို တရားဥပဒေနှင့် သက်ဆိုင်သော အသိပညာ၊ အတတ်ပညာသိသင့် သိထိုက်သည်များကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ ဦးဇော်ဆမ် (ငြိမ်းဖောင်ဒေးရှင်း)က ဟောပြောပို့ချပေးခဲ့ကြောင်း သိရသည်။

လဘန်အောင်(ကချင်မြေ)

ရွှေပြည်သာမြို့နယ်(၂၃)ရပ်ကွက်၊ စံပယ်ကုန်းကွင်း ဝါးတရာတွင် တည်ထားကိုးကွယ်သော ဉာဏ်တော်(၁၁၂) ပေအမြင့်ရှိ
မင်းဗန္ဓုစေတီတော်ကြီး ထီးတော်တင်ကောင်းမှုမင်္ဂလာပွဲကို အရှင်အဂ္ဂမဟာပဏ္ဍိတ ဥပဥတ္တမ
ဒုတိယရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ 'သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရ'
မှ ဦးစီး နာယကပြုလုပ်၍(၁၈.၂.၂၀၁၆) နေ့ နံနက်(၈:၀၀) တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။
နေ့လည်(၁၁:၀၀) တွင်ကြွရောက်လာသည့် ဧည့်ပရိတ်သတ်များကို စတုဒိသာ ဒံပေါက် နှင့် အအေးလှူဒါန်းပါမည်။
(၁၇.၂.၂၀၁၆) ရက်နေ့ တွင် ဒေါက်တာအရှင်သေကိန္ဒ (ဓမ္မဒူတ) နှင့် (၁၈.၂.၂၀၁၆)ရက်နေ့ တွင်
သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ဉာဏိဿရ တို့မှ ညစဉ်(၇:၃၀)မှစတင်၍ တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါသဖြင့်
မည်သူမဆို တရားတော်နာ ကြွရောက်ကုသိုလ်ယူနိုင်ပါရန် နိဗ္ဗာန် အကျိုးမျှော်၍ နိုးဆော် ဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ

CHINDWIN COLLEGE
helping you engineer your future

Preparing business leaders today
for the new Myanmar of tomorrow

enquiries@chindwincollegemyanmar.com www.chindwincollegemyanmar.com

MBA for Working Managers

- ဘွဲ့တစ်ခုရရှိထားပြီး၊ လုပ်သက် ၃နှစ်၊ အသက်၂၃နှစ်ပြည့်ပြီးသူများတက်ရောက်နိုင်သည်။
- ထူးချွန်သူများကို အသက်နှင့်လုပ်သက် exemption ပေးမည်။
- ၂ပတ်တစ်ကြိမ် စနေ၊ တနင်္ဂနွေနေ့များသာ intensive တက်ရောက်ရမည်။
- Assignment Based Assessment ဖြစ်သည်။
- Module ၁၀ခုတက်ရောက်အောင်မြင်လျှင် Pearson BTEC Level 7 Extended Diploma in Strategic Management and Leadership ရရှိမည်။
- ဆက်လက်ပြီး Dissertation ၄လ မှ ၆လ ပြုလုပ်အောင်မြင်လျှင် University of Sunderland (UK) မှချီးမြှင့်သည့် MBA ရရှိမည်။

SYSTEM CERTIFICATION ISO 9001 SGS UKAS MANAGEMENT SYSTEMS 005

Yangon : No. (75), Thein Phyu Road, (Lower Block), Botahtaung Township, Yangon. 01 - 298 137, 297 673
Mandalay : Corner of (77x78)st & (31x32)st, Sebal Building Greatwall Condo Complex. 02 - 741 79, 682 49

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၄၈၃၀၅ Honda Plim-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလီချွင်းရင်(ခ)ဇော်မင်း TMN-၀၀၈၉၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ (မုံရွာ)

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃) ရပ်ကွက်၊ အကွက်အမှတ် (၁၆၃-စီ)ရုံးရပ်ကွက်၊ ဦးပိုင်အမှတ် (ဒီ-၇၂)၊ ဧရိယာ ၀ဒ၃၁မ ၁၀၆ ဧကရှိ အစိုးရမြေအား ဦးထွန်းလင်းအောင်အမည်ဖြင့် မြေနေရာချထားမိန့် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

MCC.i

School of Business Management

Certificate Number TH11/ 5707

Become Certified and Jobs Will Seek You.

American International Institute - AMII မှ ချီးမြှင့်မည့်
"နိုင်ငံတကာအဆင့် စီမံခန့်ခွဲအုပ်ချုပ်မှု သင်တန်း

AMII The American International Institute USA

■ Certified Professional Manager "CPM"
စီမံခန့်ခွဲအုပ်ချုပ်သူ Manager အဖြစ်လုပ်ကိုင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းရှင်များအတွက်

Opening Date: 21 Feb 2016 | Sat, Sun Only - ရုံးချိန်ပြင်ပ

Junction Square, Building (8), Second Floor, Pyay Road and Kyunttaw Street , Yangon Tel : 01-2304156, 01-245762, 01-249152, 01- 395512

ကျောင်းတစ်ဖက်၊ အလုပ်တစ်ဖက်ဖြင့် မအားလပ်သူများ နှင့် အနယ်နယ်အရပ်ရပ်မှ သင်တန်းတက်ရောက်လိုသူများအတွက်
MCC.i (Virtual Campus) တွင် Online Register ပြုလုပ်၍ Online မှတဆင့် အလွယ်တကူ သင်ကြားနိုင်ပါပြီ
https://www.facebook.com/mccivc

မြန်မာ့သစ်လုပ်ငန်း
သစ်အခြေခံစက်မှုလုပ်ငန်းဌာန
ပုံစံ(၈)ဖမ်းဆီးပစ္စည်းများ၊ အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊အမှတ်(၁)ပရိဘောဂစက်ရုံရှိ၊ ပုံစံ(၈) ကျွန်းပန်းထွင်း/ ပန်းဖောက်၊တံခါး/ ပြူတင်းတံခါး၊ ပွတ်လုံး၊ပရိဘောဂအစိတ်အပိုင်းများ၊ ပန်းထွင်းအောက်ခံများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ရက်နှင့်အချိန် - (၁-၃-၂၀၁၆)နံနက်(၉:၀၀)နာရီ
(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် - အမျိုးအစား(၅)မျိုး၊(၂၅.၅၂၉၆)တန်
(ဂ) ရောင်းချမည့်နေရာ - သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ (ရုံးချုပ်)ရွှေတိဂုံဘုရားလမ်း။

၂။ အသေးစိတ်အချက်အလက်များကို၊ အမှတ်(၁/၂/၃)ပရိဘောဂစက်ရုံများနှင့် ရောင်း-ဖြန့်ဌာနစိတ်၊ အလုံနှင့်မြန်မာ့သစ်လုပ်ငန်း၏ Web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန်ဖုန်း - ၀၁-၂၂၀၆၆၈၊ ၀၁-၂၂၂၉၄၄

အိတ်ဖွင့်လေလံရောင်းချရေးကော်မတီ၊သစ်အခြေခံစက်မှုလုပ်ငန်းဌာန

FULLY LIGHT TRAVELS & TOURS CO., LTD.

FULLY LIGHT GROUP

သင်္ကြန်အထူးခရီးစဉ်များ

10.Apr.16 ➢ ယောင်ကောင်-မကာအို-စိမ်းဂျိတ်-ကွမ်ဂျိုး-ကျူဟိုင်...(၈)ရက်ခရီး {1800.USD}
10.Apr.16 ➢ ဗီယက်နမ်-ဟိုချီမင်း-ဟန္နိုင်း-ဟလောင်းဘေး-ဟန္နိုင်း...(၆)ရက်ခရီး {950.USD}
10.Apr.16 ➢ ကိုရီးယား-ဂျေဂျူး-ဘူဆန်-ဂရောင်ဂျူး-ဆိုးလ်...(၈)ရက်ခရီး {2050.USD}
10.Apr.16 ➢ ပီကင်း-နန်ကျင်း-ဝူစည်-ဟန်ကျိုး-ရှန်ဟဲ...(၁၁) ရက်ခရီး {2100.USD}
Apr.16 ➢ ကျိုးကျိုင့်ကုန်း-လော့စန်း-အဲန်မေစန်း...(၈)ရက်ခရီး {2075.USD}
➢ ဥရောပ (၆)နိုင်ငံခရီးစဉ်
➢ မော်လ်ဒိုက်ခရီးစဉ်

ဆက်သွယ်ရန်
01-503815, 01-516932, 01-516964, 01-516985
ခဂုံစင်တာ-ခ (Block-B) (၈၀၁)၊ ဗားဂရာလမ်း၊မခြမ်နိုကုန်းခမ်းချောင်း၊ ရန်ကုန်

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးယဉ်ကျေးမှုဇုန်ဝင်ကြေး ကောက်ခံခြင်းလုပ်ငန်း အိတ်ဖွင့်
တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးယဉ်ကျေးမှုဇုန်ဝင်ကြေး ကောက်ခံခြင်းလုပ်ငန်းအိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဖွင့်လှစ်ပါမည်-

တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၃-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီ
တင်ဒါဖွင့်လှစ်မည့်နေရာ - ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

၂။ တင်ဒါတင်သွင်းခွင့်လျှောက်လွှာနှင့် အသေးစိတ်စည်းကမ်းချက်များကို ၂၃-၂-၂၀၁၆ရက်မှ စတင်၍ တင်ဒါဖွင့်လှစ်မည့်နေရာတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် ဖုန်းနံပါတ် ၀၅၂-၂၂၂၁၉၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးယဉ်ကျေးမှုဇုန်ဝင်ကြေး ကောက်ခံရေးလုပ်ငန်း၊ တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

Mingalar Cinemas

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃	သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၆၀	မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈	မင်္ဂလာ(၂) ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂	ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ ၀၁-၃၃၀၇၈၇	မန္တလေး ဝင်းလိုက် ၀၂-၃၃၁၂၈ ၀၂-၆၀၂၁၀
မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅	Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၂၉၁ ၀၉၄၂၀၁၈၂၉၂	နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈	မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၉၀၁၁၅၅ ၀၉၂၆၁၉၀၁၁၆၆	မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂	မြို့မ ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ / မင်္ဂလာဒိုင်းမွန်း ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂

အိပေကိုယ်တို့ ရွေးကောက်ပွဲ
ရန်ကုန် - သမ္မတ
မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ
မန္တလေး - ဝင်းလိုက်
မင်္ဂလာထွန်းသီရိ (ပြည်)

DEADPOOL
ရန်ကုန်
ရွှေဆောင်(၁)၊မင်္ဂလာစံပြ
မင်္ဂလာ(၂)ဒဂုံစင်တာ(၂)
မန္တလေး - မြို့မ၊
မင်္ဂလာဒိုင်းမွန်း
မင်္ဂလာထွန်းသီရိ (ပြည်)

ZOOLANDER 2
ရန်ကုန် - နေပြည်တော်(၁)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

အောင်ရဲ့နတ်သမီး
ရန်ကုန် - ရွှေဆောင်(၂)
သွင်၊ မင်္ဂလာစံပြ
TOP ROYAL
မင်္ဂလာထွန်းသီရိ (ပြည်)

THE FINEST HOURS (3D)
ရန်ကုန် - နေပြည်တော်(၃)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

IP MAN 3
ရန်ကုန်
မင်္ဂလာ(၁)သိမ်ကြီးဈေး

13 HOURS
ရန်ကုန်
နေပြည်တော်(၂)

၁၉ . ၂ .၂၀၁၆ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ

ပွဲချိန်သတိပြု - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ

အိမ်ခြံမြေပွဲစားရမ်းခြင်းဆိုင်ရာ
ဥပဒေပြဿနာများ
ဦးကျော်ဇေယျ

ထွက်ရှိနေပါပြီ။ ဖုန်း ၀၉၇၃၀၄၅၈၃၅

The Audacity of Hope

[Thoughts on Reclaiming the American Dream]

Barack Obama

မျှော်လင့်ချက်ရဲမာန်

[အမေရိကန်အိပ်မက်ကို ပြန်လည်တောင်းဆိုမှုအပေါ် အတွေးအမြင်များ]

ဘားရက်အိုဘားမား

ဒေါက်တာအေးကျော် [မြန်မာဘာသာပြန်သည်]

စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ

ဆန်းဝေသော်တာစာအုပ်ထုတ်ဝေရေး ၀၉ ၈၅၃၈၀၀၁၂၊ ၀၉ ၃၃၃၄၅၂၆၀၀

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း

(LL.B.)နှင့်ဆက်သွယ်ပါ။(ပိတ်ရက်မရှိ)
01-394727, 01-399426 09-73009994-
တိုက်(၃၅)၊လမ်း(၈၅)မြေညီထပ်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မိဘအမည်မှန်

သံဖြူဇရပ်မြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားနေသော မဇင်မာထွေး၏ မိဘအမည်မှန်မှာ ဦးထွန်းနှင့် ဒေါ်ညိုန်းစိန်တို့ ဖြစ်ပါကြောင်း။ **ဦးထွန်း ၁၀/သဖရ(နိုင်)၀၅၂၀၃၈**
ဒေါ်ညိုန်းစိန် ၁၀/သဖရ(နိုင်)၀၅၂၀၅၂

၁၉၈၀မှစ၍ဆရာ/မ၊ အရည်ရှိဖြစ် သူများ ရေးပြလျှင် အတင်း စာ ဆုံမည်မဟုတ်

လုံကြည်ဗျာအစိန်ပါ

ဝါနန်းတော်ကြီး

SH မြင့်သူထက် YU

ငွေကုန်လူပန်းမဖြစ်စေရ

ပါမောက္ခ(ငြိမ်း) ဝါရင့်
ဆရာ ဗကြီးများသင်သည်
၈၊၉၊၁၀တန်း နေ့တက်၊ ဝိုင်း၊ ဘော်ဒါ နှင့်
(ဘာသာစုံ) ကျွမ်းကျင်ဆရာဖြစ်

နိုင်ငံခြားရေး
စာရေး
ကွန်ပျူတာ
လက်နှိပ်စက်

English 4 skills

ငွေ ပုံမှန်

PGDMA
UDE

ကွန်ပျူတာ စာစီစာရိုက်

တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။
ဖုန်း - ၀၉၇၃၁၀၈၇၁၉၊ ၀၉၇၃၁၀၉၄၃၃၊ ၀၉၂၆၃၇၀၄၀၀၅

EVER ENGLISH Feb ထွက်ပြီ

မြန်မာ့ပထမဆုံး DVD ခွေပါ 5 Skills မဂ္ဂဇင်း

အသံဖိုင် (Audio)နှင့် ရုပ်သံဖိုင် (Video)(၅၀)ကျော် ပါရှိသဖြင့် လွယ်ကူထိရောက်စွာ လေ့ကျင့်နိုင်ပါသည်

ကောင်းလိုက်တဲ့ အတွေး လုလိုက်တဲ့ အရေး
Essays for High-Flyers ဆရာချမ်းဇော်ထက်

မြန်မာ့ပထမဆုံး native speaker အသံသွင်း CD ပါ
နိုင်ငံတကာအဆင့်မီ အက်ဆေးပေါင်းချုပ်

လျှပ်တစ်ပြက် အင်္ဂလိပ်စကားပြော
Speak up, Speak out ဆရာချမ်းဇော်ထက်

မြန်မာ့ပထမဆုံး native speaker အသံသွင်း CD ပါ
5 Skills ချိတ်ဆက် အင်္ဂလိပ်စကားပြော

ချမ်းဇော်ထက်စာပေ (၀၉ ၇၃၁၀၉၄၄၆) က တစ်ပြည်လုံး ဖြန့်ချိပါသည်

ကျော်ကြီး (အဝေးသင်)

ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

✦ အမှတ်(၈၄)၊ ဒုတိယထပ်၊ ၃၇-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၃၁၇၇၉၄၁၊ ၀၉-၇၃၀၀၁၇၉၇
✦ အမှတ်(၁၈)၊ အခန်း(4/D)၊ စတုတ္ထထပ်၊ အင်းဝစာပေတိုက်အပေါ်ထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။ ဖုန်း - ၀၁-၅၁၁၉၈၉၊ ၀၉-၇၃၁၁၈၀၆၃

၅-၃-၂၀၁၆ (စနေနေ့) စမည်

ရောင်းမည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ရွှေပြည်စိုးအိမ်ရာ၊ သံသုမာလမ်းသွယ် (ရွှေဥဩလမ်း) အတွင်းရှိ (၆၀' × ၆၀') ရှိ မြေကွက်ရောင်းမည်။

(အခွန်ဆောင်ရန်မလို အိမ်ဆောက်ပြီးလျှင်အမည်ပေါက်ရမည်။)

ဆက်သွယ်ရန်ဖုန်း - ၀၉ ၅၁၉၇၅၇၅၊ ၀၉ ၅၁၁၆၅၄၁၊

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝေမင်းသူ ၇/တငန(နိုင်)၁၁၅၉၇၈၏ Passport စာအုပ်(နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၉၈၈၉၇**

ပိုင်ရေးဆိုင်ခွင့်နှင့်တစ်သက်တာထိန်းသိမ်းစောင့်ရှောက်ခွင့်ကို လွှဲအပ်ခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း
အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ နယ်မြေ(၃)၊ ကျီတော်ကုန်းရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇေယျ ၉/မထလ(နိုင်)၃၂၀၂၈၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇေယျသည် ၎င်း၏ကျန်းမာရေး၊ စားဝတ်နေရေးတို့ကို အဒေါ်ဖြစ်သူ ဒေါ်စန်းစန်းလွင်(ခ)ဒေါ်နဲ(လ်)ဒေဗီ ၁/မကန(နိုင်)၀၃၈၂၅၆မှ တစ်သက်တာတာဝန်ယူမည်ဟု ပြောသည့်အတွက် ဦးကျော်ဇေယျမှ ၈-၄-၂၀၁၅ရက်တွင် မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ မိမိ၏ပိုင်ရေးဆိုင်ခွင့်နှင့် တစ်သက်တာထိန်းသိမ်းစောင့်ရှောက်ခွင့်အားလုံးကို အဒေါ်ဖြစ်သူထံသို့ လက်မှတ်ရေးထိုး၍ လွှဲအပ်ခဲ့ပါသည်။

ထိုသို့သဘောတူညီခဲ့ကြသော်လည်း ဒေါ်စန်းစန်းလွင်(ခ)ဒေါ်နဲ(လ်)ဒေဗီသည် ဦးကျော်ဇေယျ၏ကျန်းမာရေး၊ စားဝတ်နေရေးတို့အတွက် တာဝန်ယူခဲ့ခြင်းလုံးဝမရှိပါသောကြောင့် ၈-၄-၂၀၁၅ရက်စွဲပါ ပိုင်ရေးဆိုင်ခွင့်နှင့် တစ်သက်တာထိန်းသိမ်း စောင့်ရှောက်ခွင့်ကို လွှဲအပ်ခြင်းအား ဦးကျော်ဇေယျမှ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတိုးနိုင်လင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၂၅၄)
ပေါက်ချောင်း(၂)ရပ်၊ မိတ္ထီလာမြို့
ဖုန်း-၀၉-၄၄၄၀၃၇၆၉၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်
အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁)၊ ရေနံချက်စက်ရုံ(သန်လျင်)နှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်)တို့မှ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မဌာနကြီးနှင့် ဌာနခွဲများသို့ စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် ဂျက်လေယာဉ်ဆီ)များ သယ်ပို့မည့်လုပ်ငန်းကို ပြင်ပပုဂ္ဂလိကရေယာဉ်/ဆီတွဲများဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ရေယာဉ်/ဆီတွဲလုပ်ငန်းရှင်များသည် မိမိတို့သယ်ပို့လိုသည့် စက်သုံးဆီအမျိုးအစားနှင့် သက်ဆိုင်ရာတစ်ဂါလန် သယ်ပို့ခနှုန်းထားများအား အဆိုပြုတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များကို ၁၈-၂-၂၀၁၆ရက်မှ ၁၄-၃-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၁၅-၃-၂၀၁၆ရက် မွန်းတည့် ၁၂:၀၀နာရီတွင် ရေယာဉ်/ဆီတွဲပိုင်ရှင်ကိုယ်တိုင်တင်သွင်းရန်နှင့် ၁၅-၃-၂၀၁၆ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၀၅၃၊ ၀၆၇-၄၁၁၀၉၂၊ ၀၆၇-၄၁၁၁၃၃

အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ သိုလှောင်ရုံ(၁၄)လုံး၊ အဆောက်အအုံ(၁)လုံးတို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် (၃)နှစ်သက်တမ်း (၆)လတစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၇)လုံး၊ အဆောက်အအုံ (၁)လုံး၊ ငှားရမ်းခြင်း (၁၀)ခု**

Lot(1) (၁) မြဲ-၁၀(၈၀'×၃၄'×၁၄')(အင်္ဂတေ၊ သွပ်/အုတ်၊ ကွန်)၊ ဒေါပုံစတီးဝင်း
Lot(2) (၂) သိုရုံ-၁(၁၅၀'×၆၅'×၁၄')(သွပ်၊ သွပ်၊ ကွန်)၊ ဓမ္မသုခကျောင်းလမ်း၊ လှိုင်မြို့နယ်
Lot(3) (၃) အုပ်စုမန်နေဂျာရုံး (၃၅'×၂၅'×၁၁') (သွပ်၊ သွပ်၊ ကွန်)၊ လမ်းမတော် (ဆိပ်ကမ်း)
Lot(4) (၄) သိုရုံ-၅ (၆၀'×၇၅'×၁၇')(သွပ်၊ အုတ်၊ ကွန်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တကခ(၂)၊ အုပ်စု(၁၁)
Lot(5) (၅) သိုရုံ-၆ (လမ်းမဘက်) (၇၀'×၈၀'×၁၇')(သွပ်၊ အုတ်၊ ကွန်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ တကခ(၂)၊ အုပ်စု(၁၁)
Lot(6) (၆) သိုရုံ-၇ (အခန်း-၃)(၃၀'×၈၀'×၁၇')(သွပ်၊ အုတ်၊ ကွန်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ တကခ(၂)၊ အုပ်စု(၁၁)
Lot(7) (၇) သိုရုံ-၇ (အခန်း-၄၊ ၅) (၆၀'×၈၀'×၁၇') (သွပ်၊ အုတ်၊ ကွန်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ တကခ(၂)၊ အုပ်စု(၁၁)
Lot(8) (၈) သိုရုံ-၈ (၁၇၅'×၈၀'×၁၇') (သွပ်၊ အုတ်၊ ကွန်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ တကခ(၂)၊ အုပ်စု(၁၁)
Lot(9) (၉) သိုရုံ-၁၀ (ကမ်းနားဘက်)(၆၀'×၇၅'×၁၇')(သွပ်၊ အုတ်၊ ကွန်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ တကခ(၂)၊ အုပ်စု(၁၁)
Lot(10) (၁၀) သိုရုံ-၁၀ (လမ်းမဘက်) (၆၀'×၇၅'×၁၇')(သွပ်၊ အုတ်၊ ကွန်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ တကခ(၂)၊ အုပ်စု(၁၁)

(ခ) **ကချင်ပြည်နယ်မှ သိုလှောင်ရုံ(၁)လုံး**

Lot(11) (၁) ဝမ-၄ (၅၀'×၃၀'×၁၄')(သွပ်၊ သွပ်၊ ကွန်) ဝိုင်းမော်မြို့

(ဂ) **တနင်္သာရီတိုင်းဒေသကြီးမှ သိုလှောင်ရုံ(၂)လုံး**

Lot(12) (၁) သိုရုံ-၂ (၁၂၀'×၅၀'×၁၆')(သွပ်၊ သွပ်၊ ကွန်) ထားဝယ်၊ ဗျောတောဝရပ်၊ အာဇာနည်လမ်း၊
Lot(13) (၂) သိုရုံ-၃ (၁၀၀'×၈၀'×၁၅')(သွပ်၊ အုတ်၊ ကွန်)ထားဝယ်၊ ဗျောတောဝရပ်၊ သစ်တောရုံးလမ်း

(ဃ) **ရှမ်းပြည်နယ်(တောင်ပိုင်း)မှ သိုလှောင်ရုံ(၂)လုံး**

Lot(14) (၁) သိုရုံ-၁ (၈၀'×၄၀'×၁၂') (သွပ်၊ အုတ်၊ ကွန်) ရွှေညောင်မြို့၊ ခနသိဒ္ဓိရပ်ကွက်
Lot(15) (၂) သိုရုံ-၁ (၈၀'×၄၀'×၁၂') (သွပ်၊ အုတ်၊ ကွန်) အောင်ပန်းမြို့

(င) **ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သိုလှောင်ရုံ(၂)လုံး**

Lot(16) (၁) မြဲ-၄ (၁၀၀'×၄၀'×၁၅') (သွပ်၊ အုတ်၊ ကွန်) မူဆယ်မြို့
Lot(17) (၂) မြဲ-၆ (၁၀၀'×၄၀'×၁၅') (သွပ်၊ အုတ်၊ ကွန်) မူဆယ်မြို့

(စ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၂-၂၀၁၆ ရက်မှ ၂၃-၂-၂၀၁၆ ရက်ထိ
အချိန် - နံနက် ၉:၃၀ နာရီမှ ၁၆:၃၀ နာရီထိ

(ဆ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၂၅-၂-၂၀၁၆ ရက်၊ ၁၂:၀၀ နာရီ

(ဇ) **တင်ဒါပိတ်မည့်နေ့/အချိန်** - ၂၅-၂-၂၀၁၆ ရက် မွန်းလွဲ ၁၃:၀၀ နာရီ

(ဈ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၆၈/၃၁၄)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အမှတ်(၂၂၈/၂၄၀) ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထားဝယ်မြို့၊ ပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ လားရှိုးမြို့။

(ည) **Deposit ပေးသွင်းရမည့်နေရာ** - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကို ဌာန၏ ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ပေးသွင်းရမည်ဖြစ်ပါသည်။

(ဋ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်

(ဌ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ (၁၄)လုံး၊ အဆောက်အအုံ (၁)လုံးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၂၂၂၄၈၊ ၂၁၆၄၂၀၊ ၀၇၄-၂၂၄၅၉၊ ၀၄၂-၂၄၅၂၃၊ ၀၈၁-၂၁၂၁၆၂၇၊ ၀၈၂-၂၃၀၃၉၊ ၀၅၉-၂၁၀၅၆ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဒဂုန်အချိုရည်နှင့် ရေခဲစက်ရုံနှင့် မကွေးအချိုရည်နှင့် ရေခဲစက်ရုံတို့မှ အသုံးမလိုပိုလျှံစက်နှင့် စက်အရန်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၉-၂-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁-၃-၂၀၁၆ ရက် ၁၆:၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်ကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၇၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော သန်လျင်တံတား(မြန်မာ့မီးရထား)၏ ၁-၄-၂၀၁၆ရက်မှ ၃၁-၃-၂၀၁၉ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၃)နှစ်၊ လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရွေးချယ်ငှားရမ်းသွားမည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား**
သန်လျင်တံတား

(ခ) **တင်ဒါယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ**
မန်နေဂျာ(စီးပွားရေး/တိုင်း)တိုင်းအမှတ်(၇)ရန်ကုန်ဘူတာကြီး(ပထမ)ထပ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၊ သန်လျင်မြို့နယ်

(ဂ) **အိတ်ဖွင့်တင်ဒါ တင်သွင်း/ဖွင့်လှစ်မည့်ရက်နှင့်အချိန်**
၁၅-၃-၂၀၁၆ရက်(အင်္ဂါနေ့) ၁၃:၀၀နာရီတိတိ

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်း/ဖွင့်လှစ်မည့်နေရာ**
မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီး၊ စခန်းသာညှော်ခန်းမဆောင်

မှတ်ချက်။ (၁) အထက်အပိုဒ်ခွဲ(ခ)ပါနေရာများတွင် အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များအား တစ်စုံလျှင်(၁၀၀၀၀/-)ကျပ်နှုန်းဖြင့် ၁၅-၂-၂၀၁၆ရက်မှစ၍ နေ့စဉ် ၀၉:၀၀နာရီမှ ၁၆:၀၀နာရီထိ(ရုံးပိတ်ရက်များ မပါ)၁၅-၃-၂၀၁၆ရက် ၁၀:၀၀နာရီထိ ဝယ်ယူနိုင်ပါသည်။

(၂) အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မန်နေဂျာ (စီးပွားရေး/တိုင်း)တိုင်းအမှတ်(၇)ရန်ကုန်ဘူတာကြီး၊ ပထမထပ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၁-၃၉၃၄၂၈၊ ၀၉-၅၀၉၈၀၃၂သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါကြီးကြပ်မှုကော်မတီ
ရန်ကုန်တိုင်းဒေသကြီး

တေဇဂေါက်သီးရိုက်ပြိုင်ပွဲ

တေဇကျောင်းဆင်းညီအစ်ကိုများ၏ (၃၇)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တေဇကျောင်းဆင်းအရာရှိများ ပါဝင်ဆင်နွှဲနိုင်ရန်နှင့် ပြိုင်ပွဲမကစားသူများပါ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၈-၂-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
အချိန် - ၆:၀၀ နာရီ
နေရာ - တပ်မတော်ဂေါက်ကွင်း၊ မင်္ဂလာဒုံ

တိုက်အမြန်ရောင်းလိုသည်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၈/၈၉ နှင့် ၃၅/၃၄ အတွင်း၊ ဇေယျာသီရိ လုံးချင်းအိမ်ရာ၊ နှစ်ထပ် RC တိုက်၊ ရေ၊ မီးအစုံ အသင့်နေနိုင်၊ အရှုပ်အရှင်းကင်း၊ ဘိုးဘွားပိုင်၊ ပေ(၄၀×၇၅)၊ ရှေ့/နောက်မြေအပိုပါရှိ ကွန်ကရစ်လမ်းကျယ်၊ ဈေး သိန်း ၆၀၀၀။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၀၂၇၁၆၄၊ ၀၉-၂၀၀၂၈၅၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၀

ဒေါ်ချိုချိုညွန့် နှင့် ၁။ ဦးမိုးဃံးဟိန်း
၂။ ဦးမိုးသိန်း
၃။ ဦးသန်းထိုက်ထိုက်
၄။ ဦးမိုးကျော်

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ တိုက်အမှတ်(A_1)၊ အခန်းအမှတ် ၁၉၊ မြသီတာအိမ်ရာနေ ဦးမိုးကျော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချိုချိုညွန့်က အမွေပုံစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ် မတ်လ ၁၀ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ဌွေးဝင်း)
ဒုတိယခရိုင်တရားသူကြီး(၅)
မန္တလေးခရိုင်တရားရုံး

(၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ ဖိတ်ကြားလွှာ

(၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ၂၀-၂-၂၀၁၆ရက်တွင် MICC (2) banquet Hall (နေပြည်တော်)တွင် ၁၈:၃၀နာရီမှ ၂၀:၃၀နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားတွင် ချင်းရိုးရာအကပဒေသာများ၊ ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ပါသဖြင့် ချင်းတိုင်းရင်းသားများ/ တိုင်းရင်းသားမိတ်ဆွေများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများအား ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားကျင်းပရေးကော်မတီ

ဦးစိုးထက် - ဖုန်း-၀၉-၄၃၁၃၂၀၄၀ ဦးလိုင်ဒိန်း - ဖုန်း-၀၉-၄၄၈၅၃၅၀၉၀
ဦးဝင်းစိုးဦး - ဖုန်း-၀၉-၄၄၈၅၄၈၇၈၅ ဦးဆွီးလျှံဟရဲ - ဖုန်း-၀၉-၄၄၈၅၃၄၁၇၄

အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း၏ မှတ်ပုံတင်လျှောက်ထားရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး (မပျက်မကွက်)တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၈-၂-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
နေရာ - ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ
အချိန် - နံနက် (၈:၀၀)နာရီ

အလုပ်အမှုဆောင်အဖွဲ့

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)
ဟောပြောပွဲကျင်းပမည်

ဟောပြောပွဲခေါင်းစဉ် - မကြာခဏမေးမြန်းလေ့ရှိသော အခွန်ဆိုင်ရာမေးခွန်းများနှင့် အဖြေများ(အဆက်)
ဟောပြောမည့်သူ - ပါမောက္ခ ဒေါက်တာဦးမော်သန်း၊ ဦးဝင်းသင် (ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ) ဦးမိုးကျော် (အတွင်းရေးမှူး၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း)
ကျင်းပမည့်ရက်နှင့်အချိန် - ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၈:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ။
ကျင်းပမည့်နေရာ - ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရမည့်သူ - ဦးအောင်နိုင်ထွန်း၊ ရုံးအဖွဲ့မှူး ဖုန်း-၀၉-၄၂၁၁၀၂၂၈၂၊ ၀၁-၈၆၁၀၃၆၂
MICPA ရုံးခန်း ဖုန်း-၀၉-၃၁၇၁၈၁၄၉

ဝန်ထမ်းအလိုရှိသည်

စိန်ပန်းထိမ်(မိုချော/ဟန်းမိတ်)အတွက်	၁၀ ဦး
စိန်တပ်(setting)အတွက်	၅ ဦး
ဖယောင်းလိုး(ပုံထွင်း)အတွက်	၅ ဦး

အထက်ပါ အလုပ်နေရာများအတွက် အတွေ့အကြုံရှိသူများ ဦးစားပေးမည်။ အလုပ်လျှောက်ထားလိုပါက cv form (ကိုယ်ရေးအချက်)၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၀၅၉၀၀၈၊ ၀၉-၃၃၀၈၆၄၃၅

ဝန်ထမ်းအလိုရှိသည်

အရောင်းကျွမ်းကျင်(ကျား/မ)	၁၀ ဦး
အလုပ်သင်	(၈၀၀၀၀,+,+,+)
အငယ်တန်းအရောင်း	(၁၀၀၀၀၀, +,+,+)
အကြီးတန်းအရောင်း	(၁၃၀၀၀၀, +,+,+)
ယာဉ်မောင်း(ကျား)	၃ဦး
လုံခြုံရေး(ကျား)	၅ဦး

နေ့/ည တာဝန်ထမ်းဆောင်နိုင်ရမည်။ အသက်အရွယ်ကန့်သတ်ချက်မရှိ၊ လုံခြုံရေးနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အထက်ပါအလုပ်နေရာများကို လျှောက်ထားလိုပါက cvform (ကိုယ်ရေးအချက်)၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ပညာရေးအထောက်အထားများနှင့်အတူ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ အပြင်ဘက်တန်းနံပါတ် ၁၈၊ Junction Square Shop House ကမာရွတ်မြို့နယ်၊ ဖုန်း-၀၁-၂၃၄၃၄၄၊ ၀၁-၂၃၀၄၃၄၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/အလင်းရောင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၃ᶜ)၊ ဧရိယာ ၀ဒသမ ၀၆၅ဧကရှိ ဒေါ်ဖြူဖြူဝင်း အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဒေါ်ဇာဇာယမင်း (ဦးကျော်စိုးဦး၊ မခိုင်ထံမှ ကိုယ်စားလှယ်လွှဲစာရရှိထားသူ) ၉/လဝန(နိုင်)၁၃၇၆၈၄ (ဘ) ဦးတုတ်ချောမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၁၃၆၅)၊ ဧရိယာ ၀ဒသမ ၁၁၀ဧက၊ ဒေါ်ဘေဘီစန်း အမည်ပေါက်နှစ် ၃၀ အငှားဂရန်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၆/၂၀၁၆ (၃-၂-၂၀၁၆)ဖြင့် ဒေါ်ဘေဘီစန်း၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးချစ်ကိုကို ၇/ကဝန(နိုင်)၀၉၄၁၄၈ (ဘ) ဦးစိုးမြင့်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

သာကေတမြို့ ဒေါင်းစကြာပရမေတ္တာစက္ခုဒါနဆေးရုံဖွင့်ပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးများ၏အဓိပတိ၊ ပြည်တွင်းပြည်ပသာသနာပြုဓမ္မကထိကနှင့်မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ မဟာနာယက၊မဟာကမ္မဋ္ဌာနာစရိယ၊ဓမ္မကထိကဗဟုဇနဟိတဓရအောင်စကြာဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒသိရီ (ဓမ္မာစရိယ)ဦးဆောင်လှူဒါန်းအပ်သော အောင်စကြာပရမေတ္တာစက္ခုဒါနဆေးရုံကြီးကို ၂၁-၂-၂၀၁၆(တနင်္ဂနွေနေ့)နံနက်၈း၀၀နာရီတွင်ဖွင့်လှစ်သွားမည်ဖြစ်ရာယင်းအခမ်းအနားသို့အလှူရှင်များနှင့် ဆရာတော်ကြီး၏တပည့်ဒါယကာ၊ဒါယိကာမများအနေဖြင့်ဖိတ်ကြားစာရသည်ဖြစ်စေ၊မရသည်ဖြစ်စေမပျက်မကွက်တက်ရောက်ကြည်ညိုကြပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။မျက်စိဝေဒနာရှင်များအား ယင်းဆေးရုံကြီးတွင်စတင်ကုသပေးတော့မည်ဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။

အောင်စကြာဆရာတော်ပြည်ပတရားပွဲ

အောင်စကြာဆရာတော်၏နှစ်စဉ်ကျင်းပမြဲဖြစ်သောနှစ်ဦးဓမ္မသဘင်ကိုဖေဖော်ဝါရီလ(၂၈)ရက်တွင်ဘန်ကောက်မြို့၌ကျင်းပမည်ဖြစ်ကြောင်းဓမ္မမိတ်ဆွေများအားဖိတ်ကြားအပ်ပါသည်။

ချစ်ဇနီးသို့ မွေးနေ့ဆုတောင်း

(၁၈-၂-၂၀၁၆) နေ့တွင် ကျရောက်သော ချစ်ဇနီး မစန်းစန်းတင့် (ခ) မမီးမီးရဲ့ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင်အောင် ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းများစွာတို့ဖြင့် မိသားစုနှင့် အတူ အစဉ်ဖြတ်သန်းနိုင်ပါစေကြောင်းဆုမွန်တောင်းလျက်။

ခေတ္တအဝေးတစ်နေရာရောက် -

ခင်ပွန်း ဦးထွန်းမြင့်သိန်း (2/E M.T GLOBAL IRIS)

တစ်ဦးတည်းသော ချစ်သားလေး ဇော်ရဲနိုင်ထွန်း (J/E M.V KAMNIK)

ဖခင်အမည်မှန်

အထက(၄) ဒဂုံအရှေ့ X B တွင် ပညာသင်ကြားနေသော မမြင့်မြတ်လှိုင်၏ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

ဟသ္သာတမြို့နယ်၊ ကျွန်းတဲရွာနေ ဦးအေးသွင်၏ သမီး မခရေလှိုင် ၁၄/ဟသတ (နိုင်)၂၉၄၇၅၆ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂-၁၀-၁၉၉၅ ဖြစ်ပါသည်။

အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက် (၄)၊ အကွက်အမှတ် (၂၃/ဗလီရှေ့)၊ ဦးပိုင်အမှတ် (၂၃၉-ခ)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၁၀ ဧကရှိ ဦးဆန်မှတ် ၁၃/တယန(နိုင်) ၀၀၁၇၆၉ အမည်ပေါက် မြေဂရန်အမှတ်တွဲ အမှတ် ၈၁-၅/၁၉၉၅-၁၉၉၆(အေ)သည် ပျောက်ဆုံးသွားပါသဖြင့် မြေဂရန်မိတ္တူမှန် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဆန်မှတ် ၁၃/တယန(နိုင်)၀၀၁၇၆၉

ကားရောင်းမည်

Probox Van 1.3 အင်ဂျင်၊ ရိုးရိုးဂီယာ-အနက် 4H xxx

ဖုန်း-၀၉-၅၁၉၆၇၁၂

တာမွေ Orange အနီး၊ 15 x 60 ပြင်ဆင်ပြီး၊ ထောင့်ခန်း၊ လမ်းမတန်း 6F 430 သိန်း။

ဖုန်း-၀၉-၉၇၂၅၈၃၆၁၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈/၅၃၂၂ Nissan Diesel CIN 53 A 17 DUMP TURCK (6x4) RHD ယာဉ်လက်ဝယ်ရှိသူ ထရီပယ်လ်အေစီးမန့်က် အင်တာနေရှင်နယ် ကုမ္ပဏီမှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/3409 NATCHIDO L/T(NCOLT-01)P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဥုးဣန္ဒိကာဘိဝံသ ၉/မနတ(သ)၀၀၂၂၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ဦးကိုကိုလေး ၁၂/ဥကမ(နိုင်)၁၀၅၂၄၄၊ ခင်စန်းယု (BHN -၀၀၈၂၉၄) (လိပ်စာမသိ)သိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် ၃၅၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၃၁၅၊ ဧရိယာ ၀ဒသမ၀၅၆ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၁၅၊ နတ်သျှင်နောင်လမ်း၊ ၃၅ ရပ်ကွက်ဟုခေါ်တွင်သော အိမ်အား ၃၁-၃-၉၆ရက် ဦးကိုကိုလေး၊ ဒေါ်ခင်စန်းယုတို့ထံမှ တရားဝင် ဝယ်ယူခဲ့ပြီး အိမ်ထောင်စုဇယားဖြင့် အဆိုပါမြေနှင့်အိမ်တွင် မိသားစုနှင့်အတူ အနှောင့်အယှက်မရှိ နေထိုင်လျက်ရှိပါသည်။ အဆိုပါမြေကွက်အတွက် မြေဂရန်မူရင်းကို အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးကိုကိုလေးနှင့်ခင်စန်းယုတို့မှ ထုတ်ယူရမည်ဖြစ်၍ ဤကြော်ငြာစာထုတ်ပြန်သည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်နှင့်ဆက်သွယ်ပါရန်။ ဆက်သွယ်ရန်ပျက်ကွက်ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေပြည့်စုံ (ခ) ဒေါ်ပွင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၉၃)
အမှတ် (၅၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၈၉၅၀၈၇၄၇၊ ၀၉-၅၀၅၃၄၂၄

“၈-၁-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အများသိစေရန် သတိပေးတားမြစ်ကြေညာချက်” အပေါ် ပြန်လည်ရှင်းလင်းကြေညာချက်

ဒေါ်ဦးတင်မေ ၁၁/စတန(နိုင်)၀၁၀၂၀၉၊ ဒေါ်မြကြည် ၁၁/စတန(နိုင်)၀၀၉၈၄၉၊ ဦးခင်မောင်လှ ၉/မနမ(နိုင်)၀၆၉၄၉၇၊ ဦးသန်းဝင်း ၁၁/စတန(နိုင်)၀၄၉၂၈၁၊ ဒေါ်နီနီအေး ၁၁/စတန(နိုင်)၀၀၅၄၁၈၊ ဒေါ်ခင်ခင်အေး ၁၁/စတန(နိုင်)၀၅၂၉၂၅ တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ အကွက်အမှတ် (၂၇)၊ ဦးပိုင်အမှတ် (၁၈၇-ဃ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိ ဘိုးဘပိုင်အိမ်ရာမြေမှာ ဦးလှကျော်ဇံ၊ ဒေါ်မညွှန့်၊ ဦးမောင်စောအောင်တို့ (၃) ဦးအမည်ဖြင့်ရှိခဲ့ပြီး အဆိုပါမြေပေါ်တွင် ဦးမောင်စောအောင်နှင့် ဇနီးဒေါ်မစောတင်တို့က နေအိမ်ဆောက် လုပ်နေထိုင်ခဲ့ကြပါသည်။ ဦးလှကျော်ဇံမှာ ၁၉၇၀ ခုနှစ်တွင်လည်းကောင်း၊ ဒေါ်မညွှန့်မှာ ၄-၁၁-၁၉၉၃ ရက်တွင်လည်းကောင်း၊ ဦးမောင်စောအောင်မှာ ၁၀-၄-၁၉၇၈ ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားသဖြင့် လက်ရှိနေထိုင်သူ ဦးမောင်စောအောင်၏ဇနီး ဒေါ်မစောတင်က စစ်တွေမြို့နယ် မြေစာရင်းဦးစီးဌာနတွင် မြေအမည်ပြောင်းလျှောက်ထားခဲ့ရာ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပြီးနောက် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဒေါ်မစောတင်အမည်ဖြင့် မြေပိုင်ဆိုင်ခွင့်လက်မှတ်ထုတ် ပေးခဲ့ပါသည်။

